အဂ္ဂမဟာပဏ္ဍိတ

နိုင်ငံတော် ဩဝါဒါစရိယ

မော်လမြိုင်မြို့

တောင်လေးလုံး ဆရာတော်

အရှင်နာဂသေနာဘိဝံသထေရ်

ရေးသားပြုစုသော

# ပါရမီအလင်းပြကျမ်း

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန

သာသနာ ၂၅၂၈ ကောဇာ ၁၃၄၆ ၁၉၈၄

အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော် ဩဝါဒါစရိယ
မော်လမြိုင်မြို့၊ တောင်လေးလုံး ဆရာတော်

# အရှင်နာဂသေနာဘိဝံသ မဟာထေရ်



ပရိယတ္တိသာသနဟိတ (သက္ကသိဟ) ဓမ္မာစရိယ
အစိုးရ ဓမ္မာစရိယ — အဂ္ဂမဟာအကျော်
အိမ်တော်ရာ ပထမကျော်၊ ရေနံချောင်း ပထမကျော်၊
အစိုးရ ပထမကျော်

အဂ္ဂမဟာပဏ္ဍိတ

နိုင်ငံတော် ဩဝါဒါစရိယ

မော်လမြိုင်မြို့

တောင်လေးလုံး ဆရာတော်

အရှင်နာဂသေနာဘိဝံသထေရ်

ရေးသားပြုစုသော

# ပါရမီအလင်းပြကျမ်း

သာသနာ-၂၅၂၈။ ကောဇာ-၁၃၄၆။ ခရစ်-၁၉၈၄။

ပထမအကြိမ်
၁၉၇၄၊ စက်တင်ဘာလ
အုပ်ရေ — ၆၀၀၀

၁၅၆၂၀

ရန်ကုန်မြို့ ကမ္ဘာအေး သာသနာရေးဦးစီးဌာနအတွက်
ဒေါ်တင်လှ (၀၂၀၃၀) နေလင်းပိဋကတ် ပုံနှိပ်တိုက်၊
အမှတ် ၁၁၊ ၁၂၅-လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်က ပုံနှိပ်၍
လက်ထောက် ညွှန်ကြားရေးမှူး ဦးမြင့်မောင်
မှတ်ပုံတင်အမှတ်[၀၂၇၂၇]က ထုတ်ဝေသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | ပဏာမနှင့် ပဋိညာဉ် | .... | ၁ |
| ၁။ | အဘယ်ကို ပါရမီဟု ခေါ်ရပါသနည်း | .... | ၂ |
| ၂။ | အဘယ့်ကြောင့် ပါရမီမည်ရပါသနည်း | .... | ၂ |
| ၃။ | ပါရမီသည် အဘယ်မျှ ရှိပါသနည်း | .... | ၂ |
| ၄။ | အဘယ့်ကြောင့် ပါရမီများကို အစဉ်အတိုင်း ဟောရပါသနည်း | ... | ၄ |
| ၅။ | ပါရမီဆယ်ပါးတို့ အဓိပ္ပာယ်ကား အဘယ်ပါနည်း | .... | ၄ |
| ၆။ | ပါရမီဆယ်ပါးတို့တွင် ဘယ်ပါရမီ ခိုင်မြဲမှသာ ကြွင်းသော ပါရမီများ ချောမောစွာ ဖြစ်နိုင်ပါသနည်း | .... | ၇ |
| ၇။ | ပါရမီဆယ်ပါးတို့တွင် မည်သည့်ပါရမီက စောင့်ရှောက်မှသာ ပြုသမျှကုသိုလ်သည် ပါရမီဖြစ်နိုင်ပါသနည်း | .... | ၈ |
| ၈။ | ပါရမီကုသိုလ်တရားတို့၏ လက္ခဏာ ရသ ပစ္စုပ္ပဋ္ဌာန် ပဒဋ္ဌာန်တို့ကို ပြပါ | .... | ၈ |
| ၉။ | ပါရမီဆယ်ပါးတို့၏ လက္ခဏာ ရသ ပစ္စုပ္ပဋ္ဌာန် ပဒဋ္ဌာန်တို့ကို အသီးသီး ပြပါ | .... | ၉ |
| ၁၀။ | ဗြဟ္မဝိဟာရ ဥပေက္ခာနှင့် ပါရမီဥပေက္ခာသည် တူပါသလော၊ ထူးပါသလော | .... | ၁၁ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၁။ | ဒါန၌ ပါရမီအဘယ်မျှ ရှိပါသနည်း၊ ယင်းတို့၏ အဓိပ္ပာယ်လည်း အဘယ်ပါနည်း .... | ၁၂ |
| ၁၂။ | သီလစသည်၌ ပါရမီသုံးမျိုးတို့၏ အဓိပ္ပာယ်ကို ဘယ်သို့ သိရပါမည်နည်း .... | ၁၂ |
| ၁၃။ | အဘယ်မျှသော ပါရမီတို့ကို ဖြည့်ကျင့်ပြီးသော ပုဂ္ဂိုလ်သည် ဘုရားပစ္စေကဗုဒ္ဓါ သာဝက ဖြစ်နိုင်ပါသနည်း .... | ၁၆ |
| ၁၄။ | ဘုရားလောင်းသုံးမျိုးတို့၏ အမည်နှင့်တကွ ယင်းတို့၏ ပါရမီဖြည့်ကျင့်ရာ ကာလကို ပြပါ .... | ၁၆ |
| ၁၅။ | နိယတဗျာဒိတ်ရပြီးသော ဘုရားလောင်းတို့ ဘုရားမဖြစ်သေးမီ ခံစားရသော အကျိုးများကို ပြပါ .... | ၁၇ |
| ၁၆။ | နိယတဗျာဒိတ်ခံရမည့် ဘုရားလောင်းတို့၏ အင်္ဂါရှစ်ပါးတို့ကို ပြပါ .... | ၁၈ |
| ၁၇။ | ပါရမီဖြည့်ကျင့်ခြင်း၊ ဘုရားဖြစ်ရန် ဆုတောင်းခြင်း၏ အကြောင်းလေးပါးတို့ကား အဘယ်ပါနည်း .... | ၁၉ |
| ၁၈။ | ဘုရားလောင်းတို့၏ သန္တာန်၌ အရင်းဓာတ်ခံ ခြောက်ပါးတို့ကား အဘယ်ပါနည်း .... | ၂၀ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၉။ | ပစ္စေကဗုဒ္ဓါလောင်း သာဝကလောင်း တို့နှင့် မဆက်ဆံသော ဘုရားလောင်းတို့၏ တံခွန်ကြီးလေးပါးကား အဘယ်ပါနည်း .... | ၂၁ |
| ၂၀။ | မည်သည့် ကာလပတ်လုံး ပါရမီဖြည့်ကျင့်မှသာ ပစ္စေကဗုဒ္ဓါ၊ အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝက ဖြစ်နိုင်ပါသနည်း .... | ၂၃ |
| ၂၁။ | ဘုရားလောင်းများ ပါရမီဖြည့်ရာ ကာလအတွင်း၌ ဘဝတိုင်း ဘဝတိုင်း မပြတ်ဖြည့်ရမည်လော .... | ၂၃ |
| ၂၂။ | ဥဿဒငရဲကျနေသော ဘုရားလောင်း၌ အဘယ်ပါရမီများ ဖြစ်နိုင်ပါသနည်း .... | ၂၄ |
| ၂၃။ | အကျိုးကို တောင့်တပြုသော ကုသိုလ်နှင့် အကျိုးကို မတောင့်တမူ၍ ပြုသော ကုသိုလ်သည် ဘယ်လိုထူးပါသနည်း .... | ၂၅ |
| ၂၄။ | လှူဒါန်းပေးကမ်းခြင်း၌ အယုတ် အလတ် အမြတ် ခွဲခြား၍ ပါရမီဖြစ်၊ မဖြစ်တို့ကို ပြပါ .... | ၂၅ |
| ၂၅။ | သီလဆောက်တည်ခြင်း၌ အယုတ်၊ အလတ်၊ အမြတ် ခွဲခြား၍ ပါရမီဖြစ် မဖြစ်ကို ပြပါ .... | ၂၆ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၆။ | အလောဘဓာတ်ခံ မရှိသူနှင့် ရှိသူ ဘယ်လို ထူးပါသနည်း .... | ၂၇ |
| ၂၇။ | အဒေါသဓာတ်ခံ မရှိသူနှင့် ရှိသူ ဘယ်လို ထူးပါသနည်း .... | ၂၇ |
| ၂၈။ | အမောဟဓာတ်ခံ မရှိသောသူကို မောဟက ဘယ်လိုနှိပ်စက်ပါသနည်း .... | ၂၇ |
| ၂၉။ | နေက္ခမ္မဓာတ်ခံ မရှိသောသူကို တဏှာလောဘက ဘယ်လိုနှိပ်စက်ပါသနည်း .... | ၂၈ |
| ၃၀။ | ပဝိဝေကဓာတ်ခံ မရှိသောသူကို တဏှာလောဘက ဘယ်လိုနှိပ်စက်ပါသနည်း .... | ၂၈ |
| ၃၁။ | နိဿရဏဓာတ်ခံ မရှိသောသူကို ဘဝနိကန္တိ တဏှာက ဘယ်လိုနှိပ်စက်ပါသနည်း .... | ၂၉ |
| ၃၂။ | ဘဝနိကန္တိသည် အဘယ်မျှ ရှိပါသနည်း၊ ယခုအခါသည် မဂ်ဖိုလ်ရထိုက်သောအခါ ဖြစ်ပါလျက် အဘယ့်ကြောင့် မရပါသနည်း .... | ၂၉ |
| ၃၃။ | ဗောဓိသုံးခုတွင် တခုခုကို ရည်စူး၍ လှူဒါန်းရာ၌ ဒါနပါရမီသာ ဖြစ်နိုင်ပါသလော .... | ၃၀ |
| ၃၄။ | တောင့်တမှုမရှိပဲ အမှတ်တမဲ့ပြုသော ကုသိုလ်၊ ဘဝဘောဂသမ္ပတ္တိကို တောင့်တ၍ ပြုသောကုသိုလ်၊ လောကုတ် လောကီ နှစ်ပါးကို တောင့်တ၍ ပြုသော | |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


| | ကုသိုလ်၊ လောကုတ္တရာကိုသာ တောင့်တ၍ ပြုသောကုသိုလ်၊ ယင်းလေးပါးတို့ အကျိုးပေးခြင်း တူမတူကို ပြောပါ .... | ၃၁ |
|---|---|---|
| ၃၅။ | အနည်းငယ်ပြုသော ဒါနသီလ၊ အလတ်တန်းပြုသော ဒါနသီလ၊ အထက်တန်း ပြုသော ဒါနသီလ၊ အလွန် အထက်တန်း ကျပြုသော ဒါနသီလ၊ ဤကုသိုလ်လေးမျိုး သည် ဘယ်အကျိုးများကို ပေးနိုင်ပါ သနည်း .... | ၃၂ |
| ၃၆။ | ယခုကာလ၌ နိဗ္ဗာန်နှင့် လောကီစည်းစိမ် ကို တောင့်တ၍ ပြုသော ကုသိုလ်သည် ပါရမီကုသိုလ် ဖြစ်နိုင်ပါသလော၊ ဘယ် အပြစ်များ ဖြစ်နိုင်ပါသနည်း .... | ၃၂ |
| ၃၇။ | ကုသိုလ်ပြုလို၍ လူ့ဘဝကို တောင့်တ၍ ပြုသော ကုသိုလ်သည် ပါရမီကုသိုလ် ဖြစ်နိုင်ပါသလော ... | ၃၃ |
| ၃၈။ | ကုသိုလ်ကောင်းမှု ပြုရာ၌ ဆုတောင်း ချွတ်ယွင်းခဲ့ပါလျှင် ဘယ်သို့သော အပြစ် များ ဖြစ်နိုင်ပါသနည်း .... | ၃၄ |
| ၃၉။ | ကုသိုလ်ကောင်းမှု ပြုရာ၌ အဘယ်ဆုရာမျိုး ကို လိုလားအပ်ပါသနည်း ... | ၃၄ |

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၄၀။ | လောကီချမ်းသာကို တောင့်တ၍ ပြုသော ကုသိုလ်သည် လောကီဆင်းရဲကိုလည်း တောင့်တရာ ရောက်နိုင်ပါသလော | .... | ၃၅ |
| ၄၁။ | ဒါနကုသိုလ်ကို ပြုခြင်းဖြင့် ဗြဟ္မာ့ဘုံသို့ ရောက်နိုင်ပါသလော | .... | ၃၆ |
| ၄၂။ | ဒါနကုသိုလ်ကို ပြုခြင်းဖြင့် နိဗ္ဗာန်သို့ ရောက်နိုင်ပါသလော | .... | ၃၇ |
| ၄၃။ | ဒါနပါရမီနှင့် စပ်ဆိုင်ရာများ | .... | ၃၇ |
| ၄၄။ | သီလပါရမီနှင့် စပ်ဆိုင်ရာများ | .... | ၄၀ |
| ၄၅။ | နေက္ခမ္မပါရမီနှင့် စပ်ဆိုင်ရာများ | .... | ၄၃ |
| ၄၆။ | ပညာပါရမီနှင့် စပ်ဆိုင်ရာများ | .... | ၄၆ |
| ၄၇။ | ဝီရိယပါရမီနှင့် စပ်ဆိုင်ရာများ | .... | ၄၅ |
| ၄၈။ | ခန္တီပါရမီနှင့် စပ်ဆိုင်ရာများ | .... | ၅၆ |
| ၄၉။ | သစ္စာပါရမီနှင့် စပ်ဆိုင်ရာများ | .... | ၆၃ |
| ၅၀။ | အဓိဋ္ဌာန်ပါရမီနှင့် စပ်ဆိုင်ရာများ | .... | ၆၅ |
| ၅၁။ | မေတ္တာပါရမီနှင့် စပ်ဆိုင်ရာများ | .... | ၆၈ |
| ၅၂။ | ဥပေက္ခာပါရမီနှင့် စပ်ဆိုင်ရာများ | .... | ၇၁ |
| ၅၃။ | ပကိဏ္ဏက ကထာ (ပါရမီဒီပနီမှ) | .... | ၇၄ |
| ၅၄။ | ပဋ္ဌမဟာပရိစ္စာဂကထာ (အဘိဓာန် နိဿယသစ်မှ) | .... | ၈၈ |
| ၅၅။ | နိဗ္ဗာနကထာ (လယ်တီနိဗ္ဗာနဒီပနီမှ) | .... | ၁၀၃ |
| | နိဂုံးချုပ်ဂါထာ | .... | ၁၂၄ |


မာတိကာ ပြီး၏။

# ပဏာမနှင့် ပဋိညာဉ်

ပူရိတံ ပါရမိံ သဗ္ဗံ၊ ပတ္တံ သမ္ဗောဓိမုတ္တမံ။
နာထံ နတွာ ကရိဿာဟံ၊ ပါရမီဒီပကံ သုဘံ။

အဟံ၊ ငါသည်။ သဗ္ဗံ၊ အလုံးစုံသော။ ပါရမိံ၊ ဆယ်ပါးသုံးလီ ပါရမီကို။ ပူရိတံ၊ မဖောက်မပြန် မှန်ကန်ရဲရင့် ဖြည့်ကျင့်တော်မူပြီးထသော၊ ဥတ္တမံ၊ နှိုင်းတုကင်းပ မြင့်မြတ်တော်မူထသော။ သမ္ဗောဓိံ၊ သစ္စာလေးပါး၊ ပိုင်းခြားမြင်သိ သမ္ဗောဓိသို့။ ပတ္တံ၊ မဖောက်မပြန် အမှန်မုချ ဆိုက်ရောက်တော်မူထသော။ နာထံ၊ လူနတ်ဗြဟ္မာ သတ္တဝါတို့ လွန်စွာအားထား မြတ်ဘုရားကို။ နတွာ၊ ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပြီးသော်။ သုဘံ၊ တင့်တယ် လျောက်ပတ် ကောင်းမြတ်လှစွာသော။ ပါရမီဒီပကံ၊ ပါရမီအလင်းပြ အမည်ရသည့် နာမတင့်ဆန်း ကျင့်စဉ်ကျမ်းကို။ ကရိဿံ၊ ပါဠိတော် အဋ္ဌကထာ ဋီကာထောက်ထား ကိုးအကားဖြင့် ရေးသားပေအံ့သတည်း။

# ပါရမီအလင်းပြကျမ်း

## ၁။ အဘယ်ကို ပါရမီဟုခေါ်ရပါသနည်း

တဏှာမာနအစရှိသော အကုသိုလ်တရားတို့သည် ကပ်၍ မနှိပ်စက်အပ်ကုန်သော သတ္တဝါတို့ကို သနားခြင်း အကြောင်း၌ လိမ္မာသိမြင်ခြင်းဉာဏ်သည် သိမ်းဆည်းအပ်ကုန်သော ဒါနအစရှိသော ဂုဏ်ကျေးဇူးတို့ကို ပါရမီဟု ခေါ်ရပါသည်။ (စရိယာပိဋကအဋ္ဌကထာ ၃၂၄။)

## ၂။ အဘယ့်ကြောင့် ပါရမီမည်ရပါသနည်း

ဒါနသီလစသော ဂုဏ်ထူးနှင့် ယှဉ်သဖြင့် သတ္တဝါတို့ထက် မြတ်သော ဘုရားလောင်းတို့၏ ဖြစ်ကြောင်းဖြစ်သောကြောင့် တနည်း–ဘုရားလောင်းတို့၏ ပြုလုပ်ရန် အမှုဖြစ်သောကြောင့် ဒါနစသောအမှုအရာသည် ပါရမီမည်ပါသည်။ (ရှင်း ၃၂၄)

မှတ်ချက်။ ။ဤ၌ အလွန်ဆုံးသောဥက္ကဋ္ဌနည်းဖြင့် ဆိုထား၏။ ပစ္စေကဗုဒ္ဓါ သာဝကတို့၏ဒါနစသော အမှုအရာသည်လည်း ပါရမီပင်မည်၏။

## ၃။ ပါရမီသည် အဘယ်မျှရှိပါသနည်း

ပါရမီသည် ဒါနပါရမီ၊ သီလပါရမီ၊ နေက္ခမ္မပါရမီ၊ ပညာပါရမီ၊ ဝီရိယပါရမီ၊ ခန္တီပါရမီ၊ သစ္စာပါရမီ၊ အဓိဋ္ဌာန်ပါရမီ၊ မေတ္တာပါရမီ၊ ဥပေက္ခာပါရမီအားဖြင့် ဆယ်ပါးအပြားရှိပါသည်။ (ရှင်း ၃၂၅)

## ၄။ အဘယ့်ကြောင့် ပါရမီများကို အစဉ်အတိုင်း ဟောရပါသနည်း

ဒါနသည် သီလအား များစွာကျေးဇူးပြု၏။ ပြုလုပ်ဖို့ရာလည်း လွယ်ကူ၏။ ထို့ကြောင့် ဒါနပါရမီကို ရှေးဦးစွာ ဟောရ၏။ ဒါနသည် သီလဖြင့် သိမ်းဆည်းအပ်သည်ရှိသော် မျက်မှောက်ဘဝ၌ များသောအကျိုးရှိ၏၊ တမလွန်ဘဝ၌အဆက်ဆက်သော အကျိုးရှိ၏။ ထို့ကြောင့် ဒါနပါရမီနောက်၌ သီလပါရမီကို ဟောရ၏။ သီလသည် နေက္ခမ္မဖြင့် သိမ်းဆည်းအပ်သည်ရှိသော်၊ နေက္ခမ္မသည် ပညာဖြင့် သိမ်းဆည်းအပ်သည်ရှိသော်၊ ပညာသည် ဝီရိယဖြင့် သိမ်းဆည်းအပ်သည်ရှိသော်၊ ဝီရိယသည် ခန္တီဖြင့် သိမ်းဆည်းအပ်သည်ရှိသော်၊ ခန္တီသည် သစ္စာဖြင့် သိမ်းဆည်းအပ်သည်ရှိသော်၊ သစ္စာသည် အဓိဋ္ဌာန်ဖြင့် သိမ်းဆည်းအပ်သည် ရှိသော်၊ အဓိဋ္ဌာန်သည် မေတ္တာဖြင့် သိမ်းဆည်းအပ်သည်ရှိသော်၊ မေတ္တာသည် ဥပေက္ခာဖြင့် သိမ်းဆည်းအပ်သည်ရှိသော် မျက်မှောက်ဘဝ၌ များသော အကျိုးရှိ၏။ ထို့ကြောင့် မေတ္တာပါရမီနောက်၌ ဥပေက္ခာကို ဟောရ၏။ (ငင်း ၁၂၆)

## ၅။ ပါရမီဆယ်ပါးတို့ အဓိပ္ပာယ်အား အဘယ်ပါနည်း

အလှူခံ ပုဂ္ဂိုလ်တို့အား ငှန်းကြဲ ပေးကမ်း လှူဒါန်း ပူဇော် ချီးမြှောက်ခြင်းသည်လည်းကောင်း၊ မိမိ၌ ရှိသမျှသော ပစ္စည်း ဥစ္စာတို့ကို ငါ့ဥစ္စာဟူသော အမှတ်ဖြင့် အကြွင်းအဘည်းမရှိစေ

မှု၍ သီလဝန္တ ကလျာဏဂုဏ်ဝင် လူရှင်အများတို့နှင့် ဆက်ဆံပိုင်သည်ကိုပြု၍ သုံးဆောင်ခြင်းသည်လည်းကောင်း ဒါနပါရမီမည်၏။

ပါဏာတိပါတာ၊ အဒိန္နာဒါန်၊ ကာမေသုမိစ္ဆာစာရ ဟူသော ကာယဒုစရိုက်သုံးပါး၊ မုသာဝါဒ၊ ပိသုဏာဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ ဟူသော ဝစီဒုစရိုက်လေးပါးတို့ကို မလွန်မကျူးရအောင် စောင့်ထိန်းခြင်းသည် လည်းကောင်း၊ ဘုရားတရား သံဃာ ဆရာ မိဘ သီလ စသော ဂုဏ်အားဖြင့် ကြီးသောသူ၊ အသက်အရွယ်အားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုထိုက်သော အခွင့်ကို သိ၍ အရိုအသေပြုခြင်းသည် လည်းကောင်း၊ သူတပါးတို့၏ ကုသိုလ်ဖြစ်ထိုက်သော အမှုကြီးငယ်အခွင့်ကို မြင်လျှင် ကိုယ်အမှုကဲ့သို့ ကြိုးစား၍ အားထုတ်ခြင်းသည် လည်းကောင်း သီလပါရမီမည်၏။

အိမ်၌ပင်နေသော်လည်း တဏှာရာဂ လောဘဖြစ်ကြောင်း ဝတ္ထုအာရုံမှန်းသိ၍ ထိုဝတ္ထုအာရုံ၌ မတင့်တယ်သော အာရုံ၊ စက်ဆုပ်ဖွယ်သော အာရုံဟု နှလုံးသွင်းလျက် တဏှာရာဂ လောဘကို ပယ်ရှား၍နေခြင်းသည်လည်းကောင်း၊ ထို့ထက်စွမ်းနိုင်ပါလျှင် ဝတ္ထုအာရုံ ကင်းရှင်းရာအရပ်သို့ ထွက်၍၊ ထို့ထက်တတ်နိုင်ပါလျှင် ဖန်ရည်ဆိုးသော အဝတ်ကိုဝတ်သော လူသူတော်ရသေ့ပရိဗိုဇ်အဖြစ်သို့ရောက်အောင်ထွက်၍၊ ထို့ထက်တတ်နိုင်ပါမူ ရဟန်းသာမဏေအဖြစ်သို့ ရောက်အောင် ထွက်၍၊ ထို့ထက်တတ်နိုင်ပါမူ ပဉ္စမဈာန်ကိုရသောပုဂ္ဂိုလ်အဖြစ်သို့ ရောက်

အောင် ထွက်၍၊ ထို့ထက် တတ်နိုင်ပါမူ အနာဂါမ်ပုဂ္ဂိုလ်အဖြစ်သို့ရောက်အောင်ထွက်၍ တဏှာရာဂလောဘကို ပယ်ရှား၍နေခြင်းသည်လည်းကောင်း နေက္ခမ္မပါရမီမည်၏။

ပညာပါရမီဖြစ်ရန် ရည်စူး၍ သဒ္ဒါ [illegible] မှ [illegible]၍ ပါဠိအဋ္ဌကထာ ဋီကာကျမ်းဂန်များကို သင်ကြား၍ ဟောပြောခြင်းသည်လည်းကောင်း၊ အပြစ်မရှိသော ဗေဒင် ဟူးရား မန္တရား ဂါထာ ပိဋကတ် ပဋ္ဌာန်တစသော ဝိဇ္ဇာဋ္ဌာန အတတ်မျိုးကို သင်ကြားပြသပေးခြင်းသည်လည်းကောင်း၊ အပြစ်မရှိသောအသက်မွေးမှု၌ ကျေးဇူးများသော စက်အတတ်မျိုး၊ ဂဏန်းအတတ်မျိုး၊ ပန်းချီ၊ ပန်းပု၊ ပန်းပဲ၊ ပန်းရံ၊ ပန်းထိမ်၊ ပန်းတဉ်း စသော သိပ္ပာယတနအတတ်မျိုးကို သင်ကြားပြသပေးခြင်းသည်လည်းကောင်း၊ အပြစ်မရှိသော အသက်မွေးမှု၌ ကျေးဇူးများသော ကုန်သွယ်ရောင်းဝယ်ခြင်း၊ လယ်ယာလုပ်ခြင်းစသော ကမ္မာယတနအတတ်မျိုးကို သင်ကြား ပြသပေး ခြင်းသည် လည်း ကောင်း ပညာပါရမီမည်၏။

မဖြစ်သေးသော အကုသိုလ်တရား တို့ကို မဖြစ် စေခြင်းငှာ အားထုတ်ခြင်း, ဖြစ်ပြီးသောအကုသိုလ်တရားတို့ကို ပယ်ဖျောက်ခြင်းငှာ အားထုတ်ခြင်း၊ မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေခြင်းငှာ အားထုတ်ခြင်း, ဖြစ်ပြီးသောကုသိုလ်တရားတို့ကို လွန်စွာ တိုးပွား ခြင်းငှာ အားထုတ် ခြင်းသည် လည်းကောင်း၊ သူတပါးတို့၏အကျိုးစီးပွားနှင့် စပ်လျဉ်း၍ စင်ကြယ်သောစိတ်နှလုံးဖြင့် သူတပါးတို့ မခံနိုင်သောအရာ၊ ခံနိုင်သောအရာ

တို့၌ လွန်မင်းစွာ ကြိုးပမ်း အားထုတ်ခြင်းသည် လည်းကောင်း ဝီရိယပါရမီမည်၏။

ကိုယ်တွင်း၌ဖြစ်သော ဆင်းရဲမှု၊ ကိုယ်ပမှဖြစ်သော ဆင်းရဲမှု တို့နှင့် တွေ့ကြုံနေငြားသော်လည်း စိတ်ညစ်ညူးခြင်းမရှိ၊ ညည်းညူခြင်းမရှိ နှလုံးမသာခြင်း၊ မျက်နှာမသာခြင်း မရှိမူ၍ ပြုမြဲတိုင်းသော ကုသိုလ်မှု၊ စီးပွားမှုတို့ကို အလစ်အလပ်မခံမူ၍ ကြည်လင်သန့်ရှင်း တင်းရင်းခိုင်ခံ့စွာ ပြုလုပ်ခြင်းသည် ခန္တီပါရမီ မည်၏။

မဟုတ်မမှန်သောစကား ပြောဆိုရေးသားခြင်းကို အံချင်းခပ်သိမ်း ငယ်ခြင်းသည် သစ္စာပါရမီ မည်၏။

အပြစ်ကင်းသော ဤအမှုကို ငါပြုမည်ဟု နှုတ်ပဋိညာဉ်၊ စိတ်ပဋိညာဉ်ထားပြီးသည့်နောက်၌ ပြောင်းရွှေ့လှုပ်ရှားခြင်း၏ မရှိခြင်းသည် အဓိဋ္ဌာန်ပါရမီ မည်၏။

တွေ့သမျှ မြင်သမျှသော သတ္တဝါတို့ကို ချမ်းသာစေချင်သောစိတ်၊ ကောင်းစေချင်သောစိတ် အမြဲတည်နေခြင်းသည် မေတ္တာပါရမီ မည်၏။

မိမိကို ကြည်ညိုလေးမြတ် ပူဇော်ချီးမွမ်းသောသူဟူ၍လည်း သာယာခင်မင်စိတ် အထူးမရှိ၊ မိမိကို ပြစ်တင် ပြစ်မှား ညှဉ်းပန်း နှိပ်စက် ကဲ့ရဲ့သောသူ ဟူ၍လည်း မသာယာခြင်း မုန်းခြင်းမရှိ၊ ထိုသူနှစ်ဦးတို့အပေါ်၌ ချစ်စိတ်၊ မုန်းစိတ် နှစ်မျိုးမရှိခြင်းသည် ဥပေက္ခာပါရမီ မည်၏။

(ဥတ္တမပုရိသဒီပနီ ၁၆၊ ၁၇၊ ၁၈၊ ၁၉။)

## ၆။ ပါရမီဆယ်ပါးတို့တွင် ဘယ်ပါရမီ ခိုင်မြဲမှသာ ကြွင်းသောပါရမီများ ချောမောစွာ ဖြစ်နိုင်ပါသနည်း

ပါရမီဆယ်ပါးတို့တွင် ခန္တီပါရမီနှင့် ဥပေက္ခာပါရမီနှစ်ပါး ခိုင်မြဲမှသာ ကြွင်းသော ပါရမီရှစ်ပါး ချောမောစွာ ဖြစ်နိုင်ပါသည်။ ယင်းနှစ်ပါး မခိုင်မြဲလျှင် ကြွင်းသောပါရမီများ ချောမောစွာ မဖြစ်နိုင်။ (ဂုဏ်း ၁၉)

## ၇။ ပါရမီဆယ်ပါးတို့တွင် မည်သည့်ပါရမီက စောင့်ရှောက်မှသာ ပြည့်သမျှကုသိုလ်သည် ပါရမီဖြစ်နိုင်ပါသနည်း

ပါရမီဆယ်ပါးတို့တွင် နေက္ခမ္မပါရမီက စောင့်ရှောက်မှသာ ပြည့်သမျှကုသိုလ်သည် ပါရမီဖြစ်နိုင်ပါသည်။ (ဂုဏ်း ၁၉)

မှတ်ချက်။ ။နေက္ခမ္မ ပါရမီ အစောင့်အရှောက် မရှိလျှင် ကုသိုလ်၏အကျိုး ရလိုသော သာယာ တပ်မက်သော တဏှာရာဂဥပဒ်တွင် ကပ်ရောက်လာ၍ ပါရမီကုသိုလ် မဖြစ်ပဲ ဝဋ္ဋနိဿိတကုသိုလ်သာ ဖြစ်ပွား၏။ (ဂုဏ်း ၁၉)

## ၈။ ပါရမီကုသိုလ်တရားတို့၏ လက္ခဏာ ရသ ပစ္စုပ္ပဋ္ဌာန် ပဒဋ္ဌာန်တို့ကို ပြပါ

ပါရမီကုသိုလ်တရားတို့သည် သူတပါးတို့ကို ချီးမြှောက်ခြင်း လက္ခဏာ ရှိကုန်၏။ သူတပါးတို့အား ကျေးဇူးပြုခြင်းကိစ္စ

ရှိကုန်၏။ တနည်း— မတုန်လှုပ်ခြင်းကိစ္စ ရှိကုန်၏။ သူတပါးတို့၏ အကျိုးစီးပွားကို ရှာမှီးခြင်းလျှင် ရှေးရှုထင်ခြင်းပစ္စုပ္ပဋ္ဌာန် ရှိကုန်၏။ တနည်း— ဘုရားဖြစ်ကြောင်းလျှင် ရှေးရှုထင်ခြင်း ပစ္စုပ္ပဋ္ဌာန် ရှိကုန်၏။ မဟာကရုဏာလျှင် နီးစွာသောအကြောင်း ပဒဋ္ဌာန် ရှိကုန်၏။ တနည်း— သနားခြင်း၏ အကြောင်း၌ လိမ္မာသောဉာဏ်လျှင် နီးစွာသော အကြောင်းပဒဋ္ဌာန် ရှိကုန်၏။

(စရိယာပိဋကအဋ္ဌကထာ ၃၂၈)

## ၉။ ပါရမီဆယ်ပါးတို့၏ လက္ခဏာ ရသ ပစ္စုပ္ပဋ္ဌာန် ပဒဋ္ဌာန်တို့ကို အသီးသီးပြေပါ

ဒါနပါရမီသည် မိမိပိုင်ဆိုင်သော ပစ္စည်းဥစ္စာတို့ကို စွန့်ကြဲခြင်း လက္ခဏာရှိ၏။ လှူဖွယ်ဝတ္ထုပစ္စည်း၌ ငြိတွယ်သော လောဘကို ဖျက်ဆီးခြင်းကိစ္စ ရှိ၏။ လှူဖွယ်ဝတ္ထုပစ္စည်း၌ မငြိမတွယ်ခြင်းလျှင် အလှူရှင်၏ဉာဏ်၌ ရှေးရှုထင်ခြင်း ပစ္စုပ္ပဋ္ဌာန်ရှိ၏။ စွန့်လွှတ်လှူဒါန်းအပ်သော လှူဖွယ်ဝတ္ထုပစ္စည်းလျှင် နီးစွာသော အကြောင်း ပဒဋ္ဌာန် ရှိ၏။

သီလပါရမီသည် ကိုယ်နှုတ်နှစ်ပါးကို သိမ်းဆည်းသောအားဖြင့် ကောင်းစွာထားခြင်း လက္ခဏာ ရှိ၏။ မကောင်းသော ကိုယ်နှုတ်၏ ဖြစ်ကြောင်း အကုသိုလ်တရားကို ဖျက်ဆီးခြင်းကိစ္စ ရှိ၏။ ကိုယ်အမူအရာ နှုတ်အမူအရာ၏ ဖြူစင်သန့်ရှင်းခြင်းလျှင် သီလနှင့် ပြည့်စုံသူ၏ဉာဏ်၌ ရှေးရှုထင်ခြင်း ပစ္စုပ္ပဋ္ဌာန် ရှိ၏။

ကာယဒုစရိုက်၊ ဝစီဒုစရိုက်ပြုလုပ်ခြင်းမှ ရှက်ခြင်း ကြောက်ခြင်း ဟိရီ သြတ္တပ္ပလျှင် နီးစွာသော အကြောင်းပဒဋ္ဌာန် ရှိ၏။

နေက္ခမ္မပါရမီသည် ကာမဂုဏ်ငါးပါးမှလည်းကောင်း၊ ဘဝသုံးပါးမှလည်းကောင်း ထွက်ခွာကျွတ်လွတ်ခြင်း လက္ခဏာရှိ၏။ ကာမဂုဏ်ငါးပါး၏ အပြစ်၊ ဘဝသုံးပါး၏အပြစ်ကို ထင်ရှားစွာ ပြခြင်းကိစ္စ ရှိ၏။ ထိုကာမဂုဏ်ငါးပါး၊ ဘဝသုံးပါးကို သာလျှင် မတွေ့လိုခြင်း၊ မျက်ကွယ်ပြုလိုခြင်းလျှင် ထွက်မြောက်လိုသူ၏ ဉာဏ်၌ ရှေးရှုထင်ခြင်း ပစ္စုပဋ္ဌာန် ရှိ၏။ ကာမဂုဏ်ဘေး၊ ဘဝဘေးတို့မှ ထိတ်လန့်ခြင်းနှင့်ဘက်ဖြစ်သောဉာဏ်လျှင် နီးစွာသော အကြောင်းပဒဋ္ဌာန် ရှိ၏။

ပညာပါရမီသည် ဟုတ်မှန်တိုင်းသော သဘောတရားကို ထိုးထွင်း၍ သိမြင်ခြင်းလက္ခဏာ ရှိ၏။ ဉာဏ်၏အရာ ဖြစ်သော အာရုံ၏သဘောကို ထွန်းပြခြင်းကိစ္စ ရှိ၏။ အာရုံ၌ မတွေဝေခြင်းလျှင် ပညာရှိပုဂ္ဂိုလ်၏ဉာဏ်၌ ရှေးရှုထင်ခြင်း ပစ္စုပဋ္ဌာန် ရှိ၏။ စိတ်၏ တည်ကြည်ခြင်း သမာဓိလျှင် နီးစွာသော အကြောင်း ပဒဋ္ဌာန် ရှိ၏။

ဝီရိယပါရမီသည် အမှုကိစ္စတို့၌ အားထုတ် ကြိုးပမ်းခြင်း လက္ခဏာရှိ၏။ စိတ်ကို မလျော့မလျည်း ခိုင်မြဲအောင်ထောက်ပံ့ခြင်းကိစ္စ ရှိ၏။ အမှုကိစ္စ၌ မတွန့်မဆုတ်ခြင်းလျှင် လုံ့လရှိသောသူ၏ဉာဏ်၌ ရှေးရှုထင်ခြင်း ပစ္စုပဋ္ဌာန် ရှိ၏။ ဇာတိဘေး၊ ဇရာဘေး၊ မရဏဘေး စသည်တို့ကို ကျေးမိသလေတိုင်း အလှိုင်းတကြီး အသည်းနှလုံးတုန်လှုပ်ခြင်းလျှင် နီးစွာသောအကြောင်းပဒဋ္ဌာန် ရှိ၏။

ခန္တီပါရမီသည် ဣဋ္ဌာရုံ အနိဋ္ဌာရုံတို့၌ စိတ်နှလုံး ခိုင်ခံ့ခြင်း လက္ခဏာရှိ၏။ ဣဋ္ဌာရုံ အနိဋ္ဌာရုံတို့၌ လောကဓံ ကြုံကြိုက်တွေ့သော်လည်း မရွေ့မယိုင် သည်းခံနိုင်ခြင်းကိစ္စရှိ၏။ သူတထူးတို့က ကျူးကျူး လွန်လွန် ပြုသည်တို့ကို သူသို့တဖန် အမျက်မာန်ဖြင့် ပြန်လှန်မရှိ သည်းခံချီခြင်းလျှင် သည်းခံသော သူ၏ဉာဏ်၌ ရှေးရှုထင်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏။

သစ္စာပါရမီသည် သူတပါးကို မှန်မှားယူမှားတိမ်းပါးချော်ချွတ်အောင် မပြုခြင်းလက္ခဏာရှိ၏။ မိမိသိတိုင်း မြင်တိုင်း ဟုတ်မှန်တိုင်းကိုသာ ပွင့်ပွင့်လင်းလင်း ပြုခြင်းကိစ္စရှိ၏။ မြွက်ဆိုသမျှ ယုံကြည်ရ၍ ဩဇာနှင့်ဆီ ချိုဆိမ့်အိသော စကားရှိသည့်အဖြစ်လျှင် မှန်ကန်စွာပြောဆိုသော သူ၏ဉာဏ်၌ ရှေးရှုထင်ခြင်းပစ္စုပဋ္ဌာန်ရှိ၏၊ ကိုယ်နှုတ်အမူအရာ၏ သိမ်မွေ့ခြင်းကို အလေးပြုခြင်းလျှင် နီးစွာသော အကြောင်းပဒဋ္ဌာန်ရှိ၏။

အဓိဋ္ဌာန်ပါရမီသည် ဘုရားပစ္စေကဗုဒ္ဓါ သာဝကဟူသော ဗောဓိသုံးမျိုးတို့၏ အခြေခံမူလဖြစ်ကုန်သော ဒါန သီလ နေက္ခမ္မ ပညာစသော အမှုကိစ္စတို့၌ မရွေ့မယိုင်ကြံခိုင်စွဲမြဲခြင်းလက္ခဏာရှိ၏။ထိုအခြေခံမူလဖြစ်ကုန်သောဒါနသီလနေက္ခမ္မပညာစသော အမှုကိစ္စတို့၏ ဆန့်ကျင်ဘက် အကုသိုလ်တရားတို့ကို နှိပ်နင်းပယ်ရှားခြင်းကိစ္စရှိ၏။ထိုအခြေခံမူလဖြစ်ကုန်သောဒါန သီလ နေက္ခမ္မ ပညာစသော အမှုကိစ္စတို့၌ မလှုပ်မရှား သည်၏ အဖြစ်လျှင် အဓိဋ္ဌာန်ပြုသောသူ၏ ဉာဏ်၌ ရှေ့ရှုထင်ခြင်း ပစ္စုပဋ္ဌာန် ရှိ၏။ ဒါန သီလ နေက္ခမ္မ ပညာစသော ဗောဓိသုံးပါးတို့၏အခြေခံမူလတရားလျှင် နီးစွာသော အကြောင်းပဒဋ္ဌာန်ရှိ၏။

မေတ္တာပါရမီသည် သတ္တဝါတပါးအား ကျေးဇူးများသော အခြင်းအရာအားဖြင့် ဖြစ်ခြင်းလက္ခဏာရှိ၏။ သူတပါး၏အကျိုးစီးပွားကို လွန်စွာ သည်ပိုးဆောင်ရွက်ခြင်း ကိစ္စရှိ၏။ လပြည့်ဝန်းကဲ့သို့ ရွှန်းရွှန်း ကြည်ဆွ အေးမြ ငြိမ်းချမ်းသော စိတ်သဘောလျှင် မေတ္တာပွားသော သူ၏ဉာဏ်၌ ရှေးရှု ထင်ခြင်းပစ္စုပ္ပဋ္ဌာန်ရှိ၏။ သတ္တဝါတို့၏ နှစ်သက်ဖွယ်သောဂုဏ်ကိုသာလျှင် ရှုမြင်သောဉာဏ်လျှင် နီးစွာသောအကြောင်းပဒဋ္ဌာန်ရှိ၏။

ဥပေက္ခာပါရမီသည် ချီးမြှောက်ရှုတ်ချ နှစ်ဌာန၌ တူမျှသမှုလျစ်လျူရှုသော အခြင်းအရာအားဖြင့် ဖြစ်ခြင်းလက္ခဏာရှိ၏။ မိမိအကျိုးစီးပွားကို လိုလားသူ မလိုလားသူတို့၌ ညီမျှသော သဘောအားဖြင့် ရှုခြင်းကိစ္စရှိ၏။ မုန်းသည် ချစ်သည် နှစ်မည် နှစ်သင်း၌ ကင်းငြိမ်းခြင်းလျှင် ဥပေက္ခာပွားသောသူ၏ ဉာဏ်၌ ရှေးရှုသင်ခြင်းပစ္စုပ္ပဋ္ဌာန်ရှိ၏။ ဘယ်သူမပြုမိမိမှုဟု အရှုအဆင်ခြင် ကောင်းစွာမြင်သော ဉာဏ်လျှင်နီးစွာသော အကြောင်းပဒဋ္ဌာန်ရှိ၏။ (စရိယာ ဋ ၂၉၊ ၃၃၁။)

### ၁၀။ ဗြဟ္မဝိဟာရဥပေက္ခာနှင့် ပါရမီဥပေက္ခာသည် တူပါသလော၊ ထူးပါသလော

အနည်းငယ်ထူးခြား၏။ ဗြဟ္မဝိဟာရဥပေက္ခာသည် သတ္တဝါတို့၏ အကျိုးစီးပွား၌ ကြောင့်ကျစိုက်မှုကိုပယ်၍ဖြစ်၏။ ပါရမီဥပေက္ခာသည် မိမိအား ပူဇော်ချီးမြှောက်သူ၊ နှိပ်စက်ကဲ့ရဲ့သူ နှစ်ဦးတို့၏ အကျိုးစီးပွားကို အထူးအခြားမရှိ အတူအမျှ တွင်ကျယ်

ဖြစ်ထွန်းအောင် ရွက်ဆောင်နိုင်သောတရားဖြစ်၏။ (ဥတ္တမပုရိသ ဒီပနီ-၂၀။)

## ၁၁။ ဒါနဥ္စပါရမီအဘယ်မျှ ရှိပါသနည်း ယင်းတို့၏အဓိပ္ပာယ်သည်း အဘယ်ပါနည်း

ဒါနဥ္စ ပါရမီသည် ဒါနပါရမီ၊ ဒါနဥပပါရမီ၊ ဒါနပရမတ္ထ ပါရမီဟူ၍ သုံးမျိုးရှိ၏၊ မိမိကိုယ်အင်္ဂါမှအပဖြစ်သော သွား မလာနိုင်တကွ သက်ရှိသက်မဲ့ ပစ္စည်းဥစ္စာကို ပေးလှူခြင်းသည် ဒါနပါရမီမည်၏။ မိမိ၏ခြေလက်မျက်စိသော အင်္ဂါကြီးငယ် ကို ပေးလှူခြင်းသည် ဒါန ဥပပါရမီမည်၏။မိမိအသက်ပေးလှူ ခြင်းသည် ဒါနပရမတ္ထပါရမီမည်၏။

## ၁၂။ သီလစသည်ဥ္စ ပါရမီသုံးမျိုးတို့၏ အဓိပ္ပာယ်ကို အဘယ်သို့သိရပါမည်နည်း

ငါးပါး သီလ၊ ရှစ်ပါးသီလစသည်တို့ကို မကျိုးမပေါက် မပြောက် မကျားရအောင် စောင့်ထိန်းခြင်းသည် သီလ ပါရမီ မည်၏။ ခြေလက် မျက်စိသော အင်္ဂါကြီးငယ်ပင် ပျက်စီးချွတ် ယွင်း သွားငြားသော်လည်း စောင့်ထိန်း ထားသော သီလကို မပျက်စေမူ၍ စောင့်ထိန်းခြင်းသည် သီလ ဥပပါရမီ မည်၏။ အသက်ကိုပင် စွန့်ရသော်လည်း စောင့်ထိန်းထားသော သီလကို မပျက်စေမူ၍ စောင့်ထိန်းခြင်းသည် သီလ ပရမတ္ထပါရမီမည်၏။

တဏှာရာဂလောဘဖြစ်ကြောင်း ဝတ္ထုအာရုံမှန်း သိ၍ ထို ဝတ္ထုအာရုံ၌ မတင့်တယ်သောအာရုံ၊ စက်ဆုပ်ဖွယ်သော အာရုံဟု နှလုံးသွင်းလျက် တဏှာရာဂလောဘကို ပယ်ရှား၍နေခြင်းသည် နေက္ခမ္မ ပါရမီမည်၏။ လက်ခြေမျက်စိစသော အင်္ဂါကြီးငယ် ပျက်စီးချွတ်ယွင်းသွားချင်သွားပါစေဟု နှလုံးထား၍ အထက်ပါအတိုင်းနေခြင်းသည်နေက္ခမ္မဥပပါရမီမည်၏။ အသက်ကို စွန့်ချင်စွန့်ရပါစေဟုနှလုံးထား၍အထက်ပါအတိုင်း နေခြင်းသည် နေက္ခမ္မပရမတ္ထပါရမီမည်၏။

ပညာပါရမီဖြည့်ရန် ရည်စူး၍ သဒ္ဒါ သင်္ဂြိုဟ်မှစ၍ ပါဠိအဋ္ဌကထာ ဋီကာကျမ်းစာများကို သင်ကြားပို့ချ ဟောပြောခြင်း၊ အပြစ်မရှိသော ဝိဇ္ဇာဋ္ဌာန သိပ္ပာယတန ကမ္မာယတနတို့ကို သင်ကြားပြသပေးခြင်းသည် ပညာပါရမီမည်၏။ လက်ခြေမျက်စိစသော အင်္ဂါကြီးငယ်ကို စွန့်ရချင် စွန့်ရပါစေဟု နှလုံးထား၍ အထက်ပါအတိုင်း သင်ကြားပြသပေးခြင်းသည် ပညာဥပပါရမီမည်၏။ အသက်ကိုပင် စွန့်ရချင် စွန့်ရပါစေဟု နှလုံးထား၍ အထက်ပါအတိုင်း သင်ကြားပြသပေးခြင်းသည် ပညာပရမတ္ထပါရမီမည်၏။

မိမိအကျိုးငှာ သမ္မပ္ပဓာနဝီရိယလေးပါးကို အားထုတ်ခြင်း၊ သူတပါးတို့၏ အကျိုးစီးပွားနှင့်စပ်လျဉ်း၍ စင်ကြယ်သောစိတ်နှလုံးဖြင့်သူတပါးတို့မစွမ်းနိုင်သောအရာ၊စွမ်းနိုင်သော အရာတို့၌ လွန်မင်းစွာ ကြိုးစားအားထုတ်ခြင်းသည် ဝီရိယ ပါရမီမည်၏။ လက်ခြေ မျက်စိစသော အင်္ဂါကြီးငယ်ကို စွန့်ရချင် စွန့်ရပါ

စေဟု နှလုံးထားလျက် အသက်ပါအတိုင်း အားထုတ်ခြင်းသည် ဝီရိယဥပပါရမီ မည်၏။ အသက်ကိုပင် စွန့်ရချင် စွန့်ရပေစေဟု နှလုံးထားလျက် အသက်ပါအတိုင်း အားထုတ်ခြင်းသည် ဝီရိယပရမတ္ထပါရမီမည်၏။

ကိုယ်တွင်း၌ဖြစ်သော ဆင်းရဲမှု၊ ကိုယ်ပမှုဖြစ်သော ဆင်းရဲမှုနှင့် တွေ့ကြုံနေငြားသော်လည်း စိတ်ညစ်ညူးခြင်းမရှိ၊ ညည်းညူခြင်းမရှိ၊ နှလုံးမသာခြင်း၊ မျက်နှာမသာခြင်းမရှိမူ၍ ပြုံမြဲ တိုင်းသော ကုသိုလ်မှု စီးပွားမှုတို့ကို အလပ်အလပ်မခံမူ၍ ကြည်လင်သန့်ရှင်း တင်းရင်းခိုင်ခံ့စွာ ပြုလုပ်ခြင်းသည် ခန္တီပါရမီမည်၏။ လက်ခြေ မျက်စိစသော အင်္ဂါကြီးငယ်ကိုစွန့်ရချင် စွန့်ရပေစေဟုနှလုံးထား လျက် အသက်ပါအတိုင်း ပြုလုပ်ခြင်းသည် ခန္တီဥပပါရမီမည်၏။ အသက်ကိုပင်စွန့်ရချင် စွန့်ရပေစေဟုနှလုံးထားလျက် အသက်ပါ အတိုင်း ပြုလုပ်ခြင်းသည် ခန္တီပရမတ္ထပါရမီမည်၏။

မဟုတ်မမှန်သောစကား ပြောဆိုရေးသားခြင်းကို အချင်း ခပ်သိမ်း ပယ်ခြင်းသည် သစ္စာပါရမီမည်၏။ လက်ခြေ မျက်စိ စသော အင်္ဂါကြီးငယ်ကို စွန့်ရချင် စွန့်ရပေစေဟု နှလုံးထား၍ အသက်ပါအတိုင်းပယ်ခြင်းသည် သစ္စာဥပပါရမီမည်၏။ အသက် ကိုပင် စွန့်ချင် စွန့်ရပါစေဟု နှလုံးထား၍ အသက်ပါအတိုင်း ပယ်ခြင်းသည် သစ္စာပရမတ္ထပါရမီမည်၏။

အပြစ်ကင်းသော ဤအမှုကို ငါပြုမည်ဟု နှုတ်ပဋိညာဉ်၊ စိတ် ပဋိညာဉ် ထားပြီးသည့်နောက်၌ ပြောင်းရွှေ့ လှုပ်ရှားခြင်း၏ မရှိခြင်းသည် အဓိဋ္ဌာန်ပါရမီမည်၏။ လက်ခြေ မျက်စိစသော

အင်္ဂါကြီးငယ်ကို စွန့်ရချင် စွန့်ရပေစေဟု နှလုံးထားလျက် အထက်ပါအတိုင်း ပြောင်းရွှေ့ လှုပ်ရှားခြင်း၏ မရှိခြင်းသည် အဓိဋ္ဌာန်ဥပပါရမီမည်၏။ အသက်ကိုပင် စွန့်ရချင် စွန့်ရပေစေဟု နှလုံးသား၍ အထက်ပါအတိုင်း ပြောင်းရွှေ့လှုပ်ရှားမှု မရှိခြင်းသည် အဓိဋ္ဌာန် ပရမတ္ထပါရမီမည်၏။

တွေ့သမျှ မြင်သမျှသော သတ္တဝါတို့ကို ချမ်းသာစေချင်သောစိတ်၊ ကောင်းစေချင်သောစိတ် အမြဲတည်ရှိနေခြင်းသည် မေတ္တာပါရမီမည်၏။ လက်ခြေမျက်စိစသော အင်္ဂါကြီးငယ်ကို စွန့်ရချင်စွန့်ရပေစေဟုနှလုံးထား၍ အထက်ပါအတိုင်းအမြဲတည်နေခြင်းသည်မေတ္တာ ဥပပါရမီမည်၏။ အသက်ကိုပင် စွန့်ရချင် စွန့်ရပါစေဟုနှလုံးသား၍ အထက်ပါအတိုင်း အမြဲတည်နေခြင်းသည် မေတ္တာပရမတ္ထပါရမီမည်၏။

မိမိကို ကြည်ညိုလေးမြတ် ပူဇော်ချီးမွမ်းသောသူ ဟူ၍လည်း သာယာခင်မင်စိတ်အထူးမရှိ၊ မိမိကို ပြင်ဘင်ပြစ်မှားညှဉ်းပန်းနှိပ်စက် ကဲ့ရဲ့သောသူဟူ၍လည်း မသာယာခြင်း မုန်းခြင်းမရှိ၊ထိုသူနှစ်ဦးတို့အပေါ် ၌ချစ်စိတ်မုန်းစိတ်နှစ်မျိုးမရှိခြင်းသည် ဥပေက္ခာပါရမီမည်၏။ လက်ခြေမျက်စိစသော အင်္ဂါကြီးငယ်ကို စွန့်ရချင်စွန့်ရပေစေဟု နှလုံးထား၍ အထက်ပါအတိုင်း စိတ်နှစ်မျိုးမရှိခြင်းသည် ဥပေက္ခာပါရမီမည်၏။ အသက်ကိုပင် စွန့်ရချင် စွန့်ရပေစေဟုနှလုံးထား၍အထက်ပါအတိုင်းစိတ်နှစ်မျိုးမရှိခြင်းသည် ဥပေက္ခာပရမတ္ထပါရမီမည်၏။

## ၁၃။ အဘယ်မျှသော ပါရမီတို့ကို ဖြည့်ကျင့်ပြီးသော ပုဂ္ဂိုလ်သည် ဘုရားပစ္စေကဗုဒ္ဓါ သာဝက ဖြစ်နိုင်ပါသနည်း

ပါရမီဆယ်ပါး၊ ဥပပါရမီဆယ်ပါး ပရမတ္ထပါရမီဆယ်ပါး တို့ကို ဖြည့်ကျင့်ပြီးသော ပုဂ္ဂိုလ်သည် ဘုရား ဖြစ်နိုင်ပါသည်။ ပါရမီဆယ်ပါး၊ ဥပပါရမီ ဆယ်ပါးတို့ကို ဖြည့်ကျင့် ပြီးသော ပုဂ္ဂိုလ်သည် ပစ္စေကဗုဒ္ဓါ ဖြစ်နိုင်ပါသည်။ ပါရမီဆယ်ပါး တို့ကို ဖြည့်ကျင့်ပြီးသော ပုဂ္ဂိုလ်သည် သောတာပန်စသော သာဝက ဖြစ်နိုင်ပါသည်။

## ၁၄။ ဘုရားလောင်းသုံးမျိုးတို့၏ အမည်နှင့်တကွ ယင်းတို့၏ပါရမီဖြည့်ကျင့်ရာကာလကို ပြပါ

ဘုရားလောင်းသည် ပညာဓိက ဘုရားလောင်း၊ သဒ္ဓါဓိက ဘုရားလောင်း၊ ဝီရိယာဓိက ဘုရားလောင်း ဟူ၍ သုံးမျိုးရှိ၏။ ပညာဓိကဘုရားလောင်းသည် ဝိယာဗျာဒိတ်မရသေးမီရှေးအဖို့၌ ကမ္ဘာပေါင်း တဆယ့်ခြောက်အသင်္ချေကာလပတ်လုံးထိုက်သလို ပါရမီ ဖြည့်ကျင့်ရ၏။ နိယတဗျာဒိတ်ရပြီးသည်မှနောက်၌ လေးသင်္ချေနှင့် ကမ္ဘာတသိန်းကာလပတ်လုံး ပါရမီဆယ်ပါး အပြားသုံးဆယ် တို့ကို ဖြည့်ကျင့်ရ၏။ သဒ္ဓါဓိက ဘုရားလောင်းသည် နိယတဗျာဒိတ်မရသေးမီ ရှေးအဖို့၌ ကမ္ဘာ တဆယ့်နှစ်သင်္ချေ ကာလပတ်လုံး ထိုက်သလို ပါရမီဖြည့်ကျင့်ရ၏။ နိယတဗျာဒိတ် ရပြီးသည်မှ နောက်၌ ရှစ်သင်္ချေနှင့် ကမ္ဘာတသိန်းကာလ ပတ်လုံး ပါရမီဆယ်ပါး အပြားသုံးဆယ်တို့ကို ဖြည့်ကျင့်ရ၏။

စီရိယာမိကဲဘုရားလောင်းသည် နိယတဗျာဒိတ် မရသေးမီ ရှေးအဖို့၌ ကမ္ဘာလေးသင်္ချေ ကာလပတ်လုံး ထိုက်သလို ပါရမီဖြည့်ကျင့်ရ၏။ နိယတဗျာဒိတ်ရပြီးသည်မှ နောက်၌ ကမ္ဘာတဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာတသိန်းကာလပတ်လုံး ပါရမီဆယ်ပါး အပြားသုံးဆယ်တို့ကို ဖြည့်ကျင့်ရ၏။

## ၁၅။ နိယတဗျာဒိတ်ရပြီးသော ဘုရားလောင်းတို့ ဘုရားမဖြစ်သေးမီ ခံစားရသော အကျိုးများကို ပြပေ

နိယတဗျာဒိတ်ရပြီးသောဘုရားလောင်းတို့ ဘုရားမဖြစ်သေးမီ ခံစားရသော အကျိုးများသည် အဝီစိငရဲ၌ မဖြစ်ရခြင်း၊ လောကန္တရိက်ငရဲ၌ မဖြစ်ရခြင်း၊ နိဇ္ဈာမတဏှိကပြိတ္တာ မဖြစ်ရခြင်း၊ ခုပ္ပိပါသပြိတ္တာ မဖြစ်ရခြင်း၊ ကာလကဉ္စိကပြိတ္တာ မဖြစ်ရခြင်း၊ ဒုဂ္ဂတိဘုံ၌ ဖြစ်သော် ငုံးအောက် ဖားအောက်ငယ်သောသတ္တဝါ မဖြစ်ရခြင်း၊ လူ့ဘုံ၌ ဖြစ်သည်ရှိသော် ပဋိသန္ဓေအားဖြင့် ကန်းသောသူ မဖြစ်ရခြင်း၊ နားမကြားသောသူ မဖြစ်ရခြင်း၊ ဆွံ့အသောသူ မဖြစ်ရခြင်း၊ မိန်းမ မဖြစ်ရခြင်း၊ ဥဘတောဗျည်း မဖြစ်ရခြင်း၊ ပဏ္ဍုက် မဖြစ်ရခြင်း၊ အာနန္တရိယကံငါးပါးတို့မှ လွတ်ကင်းရခြင်း၊ အလုံးစုံသောဘုံဘဝတို့၌ စင်ကြယ်သန့်ရှင်းသော ကျက်စားရာအာရုံရှိခြင်း၊ မိစ္ဆာဒိဋ္ဌိအယူမရှိခြင်း၊ ကံကံ၏အကျိုးကို ယုံကြည်သော ကမ္မဝါဒီအယူရှိခြင်း၊ အသညသတ်ဘုံ၌ မဖြစ်ရခြင်းများဖြစ်၏။

## ၁၆။ နိယတဗျာဒိတ်ခံရမည့် ဘုရားလောင်းတို့၏ အင်္ဂါရှစ်ပါးတို့ကို ပြေပါ

နိယတဗျာဒိတ်ခံရမည့် ဘုရားလောင်းတို့၏ အင်္ဂါသည်-

(၁) လူစင်စစ်ဖြစ်ခြင်း၊
(၂) ယောကျ်ားစင်စစ်ဖြစ်ခြင်း၊
(၃) ယူလိုသျှင် ယခုဘဝ၌ပင် ရဟန္တာ ဖြစ်နိုင်လောက်အောင် ရင့်ကျက်ပြီးသော အကြောင်းပါရမီရှိခြင်း၊
(၄) သဗ္ဗညုဘုရားနှင့် တွေ့ကြုံရခြင်း၊
(၅) ရသေ့ရဟန်းအဖြစ်၌ တည်ခြင်း၊
(၆) အဘိညာဉ်သမာပတ်ရထားနှင့် ပြည့်စုံခြင်း၊
(၇) ခံယဉ်းလှစွာသော ပူဇော်သက္ကာရအမှုကို ပြုခြင်း၊
(၈) ဘုရားဖြစ်ရန် ထက်သန်လှသော အလိုဆန္ဒရှိခြင်း အားဖြင့် ရှစ်ပါးရှိပါသည်။

(စရိယာပိဋကအဋ္ဌကထာ ၃၁၉)

မှတ်ချက်။ ။ဤအင်္ဂါရှစ်ပါးကား-ပစ္စုပ္ပန်အစ၌ နိယတဗျာဒိတ်ရခြင်းကို ဆိုသည်။ နောက်နောက်၌ ခြင်္သေ့ဘဝ၊ နဂါးမင်းဘဝ၊ သိကြားမင်းဘဝတို့၌ ဗျာဒိတ်ရခြင်းကို ဗုဒ္ဓဝင်ပါဠိတော်၌ အဆိုရှိ၏။

ပစ္စေကဗုဒ္ဓါလောင်းသည်-

(၁) သဗ္ဗညုဘုရားနှင့် တွေ့ကြုံရခြင်း၊
(၂) ခံယဉ်းလှစွာသော ပူဇော်သက္ကာရအမှုကို ပြုခြင်း၊

(၃) ပစ္စေကဗုဒ္ဓါ ဖြစ်ရန် ထက်သန်လှသော အလိုဆန္ဒ ရှိခြင်း၊ အင်္ဂါသုံးပါးနှင့် ပြည့်စုံလျှင် ပစ္စေကဗုဒ္ဓါ ဗျာဒိတ်ရနိုင်၏။

သာဝကအလောင်းသည်—

(၁) ကုန်ပြီးသော အာသဝေါတရားရှိသော ဘုရား ပစ္စေက ဗုဒ္ဓါ ရဟန္တာတို့တွင် တပါးပါးနှင့် တွေ့ကြုံရခြင်း၊

(၂) ခဲယဉ်းလှစွာသော ပူဇော်သက္ကာရအမှုကို ပြုခြင်း၊

(၃) သာဝကဖြစ်ရန် ထက်သန်လှသော အလိုဆန္ဒရှိခြင်း၊ အင်္ဂါသုံးပါးနှင့်ပြည့်စုံလျှင် သာဝကဗျာဒိတ်ရနိုင်၏။

(ဥဒ္ဒါနမပုရိသဒီပနီ ၂၀)

၁၇။ ပါရမီဖြည့်ကျင့်ခြင်း, ဘုရားဖြစ်ရန် ဆုတောင်းခြင်း၏ အကြောင်းလေးပါးတို့ကား အဘယ်ပါနည်း

ပါရမီ ဖြည့်ကျင့်ခြင်း၊ ဘုရား ဖြစ်ရန် ဆုတောင်းခြင်း ၏ အကြောင်းလေးပါးဟူသည်—

(၁) ဒါနမှုစသည်တို့၌ သူအများသက်လွန်ကဲသော လုံ့လ ရှိခြင်း၊

(၂) အလွန်ထက်သန်သော ဉာဏ်ပညာရှိခြင်း၊

(၃) သူတပါးတို့ လုပ်ရှားခြင်းငှာ မတတ်ကောင်းသော စိတ်၏ခိုင်မြဲခြင်း၊

(၄) မိမိ၏အကျိုးထက် သူတပါးတို့၏အကျိုး၌ လွန်ကဲသော မေတ္တာစိတ်ရှိခြင်းများ ဖြစ်၏။ (ဂုဏ်း ၂၉)

## ၁၈။ ဘုရားလောင်းတို့၏ သန္တာန်၌ အရင်းခံတတ်ခံ ခြောက်ပါးတို့ကား အဘယ်ပါနည်း

ဘုရားလောင်းတို့၏သန္တာန်၌ အရင်းခံတတ်ခံ ခြောက်ပါးတို့ဟူသည်–

(၁) လောဘ၌ အပြစ်ကိုမြင်၍ လောဘမှ ထွက်မြောက်ခြင်းကို အလိုရှိခြင်း၊

(၂) ဒေါသ၌ အပြစ်ကိုမြင်၍ ဒေါသမှ ထွက်မြောက်ခြင်းကို အလိုရှိခြင်း၊

(၃) မောဟ၌ အပြစ်ကိုမြင်၍ မောဟမှ ထွက်မြောက်ခြင်းကို အလိုရှိခြင်း၊

(၄) ကာမဂုဏ်တို့၌ အပြစ်ကိုမြင်၍ ကာမဂုဏ်တို့မှ ထွက်မြောက်ကို အလိုရှိခြင်း၊

(၅) အပေါင်းအဖော်နှင့် အတူနေခြင်း၌ အပြစ်ကို မြင်၍ တယောက်တည်းသာ ဆိတ်ငြိမ်ရာအရပ်၌ ချဉ်းကပ်နေလိုခြင်း၊

(၆) အလုံးစုံသောဘဝတို့၌ အပြစ်ကိုမြင်၍ ဘဝမှ ထွက်မြောက်လိုခြင်းများဖြစ်၏။ (ဂုဏ်း ၃၀)

## ၁၉။ ပစ္စေကဗုဒ္ဓါလောင်း၊ သာဝကလောင်းတို့နှင့် မဆက်ဆံသော ဘုရားလောင်းတို့၏ တံခွန်ကြီး လေးပါးကား အဘယ်

ပစ္စေကဗုဒ္ဓါလောင်း၊ သာဝကလောင်းတို့နှင့် မဆက်ဆံသော ဘုရားလောင်းတို့၏ တံခွန်ကြီးလေးပါးဟူသည်—

(၁) သဒ္ဓါဖြစ်ခန်းဆိုက်လျှင် သဒ္ဓါတွန့်ခြင်းမရှိ၊ ဝီရိယဖြစ်ခန်းဆိုက်လျှင် ဝီရိယတွန့်ခြင်းမရှိ၊ သတိအရာ ဆိုက်လျှင် သတိတွန့်ခြင်းမရှိ၊ သမာဓိအရာ ဆိုက်လျှင် သမာဓိ တွန့်ခြင်းမရှိ၊ ပညာအရာဆိုက်လျှင် ပညာ တွန့်ခြင်းမရှိ။ ဤငါးပါးတို့၏ ထက်သန်ခြင်း အထူးသည် ပဌမတံခွန်ကြီးဖြစ်၏။

(၂) ပစ္စုပ္ပန်အကျိုးစီးပွားကို အားထုတ်မှု၌လည်း မိမိ၏ အကျိုးစီးပွားထက် သူတပါးတို့၏အကျိုးစီးပွားကို အထူးအချွန် အလွန်လိုလား၏။ သူတပါးတို့၏အကျိုး စီးပွားကို အားထုတ်ဆဲ အားထုတ်ပြီးအခါတို့၌လည်း ထိုသူတို့၏ ကျေးဇူးတုံ့ တို့ကို မတောင့်တခြင်း၊ မိမိက ပြုထားသော ကျေးဇူးကို မျက်မှောက် မျက်ကွယ်၌ ဖော်ပြလိုစိတ် မရှိခြင်း၊ ထို ကျေးဇူးပြု ခံရသူ တို့က ကျေးဇူးကို ချေဖျက်၍ အသက် အန္တရာယ်ကိုပင် ပြုသော်လည်း ကျေးဇူးကို ချေမောအောင် ဆောင် ရွက်ခြင်း ပစ္စုပ္ပန်အကျိုးသည်လည်းကောင်း၊ ဒါန သီလ စသော ကုသိုလ်ကောင်းမှုကို ပြုသည် ရှိသော်

ကုသိုလ်၏အကျိုးကို တောင့်တခြင်း၊ မိမိ၏ဝဋ်ဆင်းရဲမှ ကျွတ်လွတ်ရန် မဂ်ဖိုလ်နိဗ္ဗာန်ကို တောင့်တခြင်းတို့မှ လွတ်ကင်း၍ သတ္တဝါအများကို ကယ်ဆယ်နိုင်ရန် သဗ္ဗညုတဉာဏ်ကိုသာ တောင့်တခြင်း တမလွန်အကျိုးသည်လည်းကောင်း ဒုတိယတံခွန်ကြီးဖြစ်၏။

(၃) တိုက်ဆိုက်လာသမျှသော အခွင့်ကိစ္စ၌ ပြီးစီးရန် လမ်းမှန်ကို လျင်မြန်စွာ သိနိုင်သော စိန္တာမယဉာဏ်၊ တခဏဖွဲ့ ဉာဏ်သည် တတိယတံခွန်ကြီးဖြစ်၏။

(၄) အလှူဒါန၌ အလွန်မွေ့လျော်ခြင်း၊ အလှူဝတ္ထုရှိလျက် မလှူရလျှင် မနေတတ်ခြင်း။ လှူသောအခါ ရွှင်လန်းသော စိတ်ရှိခြင်း၊ အရှိအသေ အလေးပြုသော စိတ်ရှိခြင်း၊ အကြီးအကျယ်လှူရသော်လည်း လှူဒါန်းမှု၌ အားရသည်ဟူ၍ မရှိခြင်း၊ အလှူခံပုဂ္ဂိုလ်လိုအပ်သော ဝတ္ထုသည် မိမိ၌ ရှိခဲ့လျှင် ထိုအလှူခံပုဂ္ဂိုလ်၏ မျက်နှာကို ကြည့်၍ တိုင်းတာမှုမရှိခြင်း၊ မိမိသုံးဆောင်ရန် မျှော်၍ တိုင်းတာမှုမရှိခြင်း၊ အလှူခံပုဂ္ဂိုလ်၏ အလိုဆန္ဒကို ဖြည့်စွမ်းလိုသောစိတ် တခုသာရှိခြင်းသည် စတုတ္ထတံခွန်ကြီးဖြစ်၏။ ကြွင်းသောပါရမီတို့၌လည်း ဤနည်းကို မှီ၍ စတုတ္ထတံခွန်ကြီးကို သိပါလေ။ (ဇင်း ၃၄၊ ၃၅၊ ၃၆။)

## ၂၀။ မည်သည့် ကာလပတ်လုံး ပါရမီ ဖြည့်ကျင့်မှသာ ပစ္စေကဗုဒ္ဓါ၊ အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝက ဖြစ်နိုင်ပါသနည်း

နှစ်သင်္ချေနှင့် ကမ္ဘာတသိန်းကာလပတ်လုံး ပါရမီဆယ်ပါး၊ ဥပပါရမီဆယ်ပါးတို့ကို ဖြည့်ကျင့်မှသာ ပစ္စေကဗုဒ္ဓါဖြစ်နိုင်၏။ တသင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး ပါရမီဆယ်ပါးတို့ကို ဖြည့်ကျင့်မှသာ အဂ္ဂသာဝကဖြစ်နိုင်၏။ ကမ္ဘာတသိန်းကာလပတ်လုံး ပါရမီဆယ်ပါးတို့ကို ဖြည့်ကျင့်မှသာ မဟာသာဝကဖြစ်နိုင်၏။ ပကတိသာဝကဖြစ်ရန် ပါရမီဖြည့်ကျင့်ဖို့ရာ ကာလအပိုင်းအခြားကို ကျမ်းဂန်တို့၌ တိုက်ရိုက်အဆိုမရှိ၊ ပုဗ္ဗေနိဝါသကထာ၌ ပကတိသာဝကတို့၏ ပုဗ္ဗေနိဝါသဉာဏ်သည် ကမ္ဘာတရာ၊ ကမ္ဘာတထောင်ကို မြင်နိုင်၏ဟု ဆိုသော အဋ္ဌကထာကို ထောက်၍ ကမ္ဘာတရာ၊ ကမ္ဘာတထောင်ဖြည့်ကျင့်မှသာ ပကတိသာဝကဖြစ်နိုင်၏။ (ဇ၃်း ၂၄)

## ၂၁။ ဘုရားလောင်းများ ပါရမီဖြည့်ရာကာလအတွင်း၌ ဘဝတိုင်း ဘဝတိုင်း မပြတ်ဖြည့်ရမည်လော

ယော ကပ္ပကောဋီဟိပိ အပ္ပမေယျံ ကာလံဟူသော ပါရာဇိကကဏ်အဋ္ဌကထာ ပဌမပဏ္ဏာမဂါထာတွင် ကာလံဟူသော ပုဒ်၌ ဒုတိယာဝိဘတ်ကို အစ္စန္တသံယောဂ အနက်၌ သက်သည်ကို ထောက်၍ ဘုရားလောင်းများ ပါရမီဖြည့်ရာ ကာလအတွင်း၌

ဘဝတိုင်း ဘဝတိုင်း မပြတ်ပါရမီဖြည့်ရပါသည်။ ဤကား ဆရာသမားတပါးထံမှ မှတ်သားထားသောနည်း။

**မှတ်ချက်။** ။ မပြတ်ယှဉ်ခြင်း၊ မပြတ်ဖြစ်ခြင်းကို အစ္စန္တ သံယောဂဆို၏။ မာသံ မံသောဒနံ ဘုဥ္စတိ၌ သားပြွမ်းထမင်းကို တလပတ်လုံး စား၏ဟုဆိုရာ၌ တရက်ခြားစားသည်ဖြစ်စေ၊ နှစ်ရက်ခြား စသည် စားသည် ဖြစ်စေ၊ ရက်ပေါင်းသုံးဆယ်ပြည့်လျှင် မာသ-တလ ဖြစ်၏။ ထိုဘလဖြင့် လတပါးကို ပိုင်းခြားထား၏ဟု ဆိုသော မူလဋီကာစကားကို ထောက်၍ ပညာမိကဘုရားလောင်းသည် ပါရမီဖြည့်ရာ လေးသင်္ချေနှင့် ကမ္ဘာတသိန်းကာလဖြင့် ထိုကာလမှ တပါးသောကာလကို ပိုင်းခြားထားခြင်းကို အစ္စန္တသံယောဂ ခေါ်ဆိုရ၏။ ဘဝတိုင်း ဘဝတိုင်း မပြတ်ပါရမီဖြည့်ရမည်ကို အစ္စန္တသံယောဂမဆိုပေ။ သင့်မည်ထင်ရာဝါဒကို ယူပါလေ။

## ၂၂။ ဉဿဒရေကျနေသော ဘုရားလောင်း၌ အဘယ်ပါရမီများ ဖြစ်နိုင်ပါသနည်း

ဉဿဒရေကျနေသော ဘုရားလောင်း၌ ရေထိန်းတို့ နှိပ်စက်သောအခါ ခန္တီပါရမီ၊ မိမိနှင့်အတူခံနေရသော ငရဲသူ ငရဲသားတို့ကို ငရဲပြည်မှ မြန်မြန်လွတ်ကြပါစေ၊ ချမ်းသာကြပါစေ ဟု စိတ်ထားသောအခါ မေတ္တာပါရမီစသော ပါရမီများ ဖြစ်နိုင်ပါသည်။

## ၂၃။ အကျိုးကို တောင့်တပြုသောကုသိုလ်နှင့် အကျိုးကို မတောင့်တမူ၍ ပြုသောကုသိုလ်သည် ဘယ်လို ထူးပါသနည်း

အကျိုးကို တောင့်တပြုသော ကုသိုလ်သည် အကျိုးလည်း နည်းပါး၏။ ပါရမီလည်း မမြောက်။ အကျိုးကို မတောင့်တမူ၍ ပြုသောကုသိုလ်သည် အကျိုးလည်း များများရ၏။ ဗောဓိသမ္ဘာရပါရမီလည်း မြောက်၏။ (ဥတ္တမပုရိသဒီပနီ ၃၇)

## ၂၄။ လှူဒါန်းပေးကမ်းခြင်း၌ အယုတ် အလတ် အမြတ် ခွဲခြား၍ ပါရမီဖြစ် မဖြစ်တို့ကို ပြပါ

အကျော်အစောရမှုကို လိုချင်သောစိတ်ဖြင့် လှူဒါန်းပေးကမ်းခြင်းသည် အယုတ်ဒါနကုသိုလ် ဖြစ်၏။ ကုသိုလ်၏အကျိုးကို လိုချင်သောစိတ်ဖြင့် လှူဒါန်းပေးကမ်းခြင်းသည် အလတ်ဒါနကုသိုလ်ဖြစ်၏။ ဤအမှုသည်ကား ပြုသင့်ပြုထိုက်သော အမှုပေတည်းဟု အရိယာနွယ်ဝင် စင်ကြယ်ဖြူဖြောင့်သော သူတော်ကောင်း အလေ့ကို မှီ၍ လှူဒါန်း ပေးကမ်းခြင်း သည် အမြတ်ဒါနကုသိုလ်ဖြစ်၏။ (ဝိသုဒ္ဓိမဂ်)

မှတ်ချက်။ ။အယုတ် ဒါနကုသိုလ်သည် ပကာသနစိတ်နှင့် ပြုသော ကုသိုလ်ဖြစ်၍ ဘဝသမ္ပတ္တိ၊ ဘောဂသမ္ပတ္တိကိုမျှ လှလှပေးနိုင်သော ကုသိုလ်မျိုး မဟုတ်ပါ။ ပါရမီ

ကုသိုလ်ဖြစ်ဖို့ကား ဝေးပါသေး၏။ အလတ်ဒါနကုသိုလ်သည် အကျိုးကိုလိုလားသောစိတ်ဖြင့် အလှူခံပုဂ္ဂိုလ်ကို အယုတ်အမြတ် ရွေးချယ်မှု၊ အကျိုးကြီးရာသော နည်းလမ်းကို ရွေးချယ်မှုတို့ဖြင့် ပြုသောကုသိုလ်ဖြစ်၍ ဘဝသမ္ပတ်၊ ဘောဂသမ္ပတ္တိကိုကား ပေး နိုင်၏။ ပါရမီကုသိုလ်ကား မဖြစ်ပေ။ အမြတ်ဒါနကုသိုလ်သည် အမှုကိုသာ အလေးဂရုအထူးပြု၍ အကျိုးကို ဂရုမစိုက်သော ကုသိုလ်ဖြစ်၍ ပါရမီကုသိုလ် ဖြစ်နိုင်၏။

(ဥတ္တမပုရိသဒီပနီ ၁၄)

## ၂၅။ သီလဆောက်တည်ခြင်း၌ အယုတ်၊ အလတ်၊ အမြတ် ခွဲခြား၍ ပါရမီဖြစ် မဖြစ်တို့ကို ပြေပါ

တပ်မက်ခြင်းတဏှာ၏ အလိုဖြင့် ဘဝသမ္ပတ္တိ၊ ဘောဂသမ္ပတ္တိ အကျိုးငှာ သီလဆောက်တည်ခြင်းသည် အယုတ်သီလကုသိုလ် ဖြစ်၏။ မိမိ၏ ဘဝသမ္ပတ္တိ၊ ဘောဂသမ္ပတ္တိတို့မှ လွတ်မြောက် ခြင်းငှာ သီလဆောက်တည်ခြင်းသည် အလတ်သီလကုသိုလ် ဖြစ်၏။ အလုံးစုံသော သတ္တဝါတို့ကို ဘဝသမ္ပတ္တိ၊ ဘောဂ သမ္ပတ္တိတို့မှ လွတ်မြောက်စေခြင်းငှာ သီလဆောက်တည်ခြင်း သည် အမြတ်သီလ ကုသိုလ် ဖြစ်၏။ (ဝိသုဒ္ဓိမဂ်)

မှတ်ချက်။ ။အယုတ်သီလကုသိုလ်သည် အညံ့မျိုးသာဖြစ်၍ ပါရမီကုသိုလ် မဖြစ်။ အလတ်သီလကုသိုလ်သည် ပစ္စေကဗုဒ္ဓါလောင်း၊ သာဝကလောင်းတို့ ပါရမီကုသိုလ် ဖြစ်၏။ အမြတ်သီလကုသိုလ်သည် ဘုရားလောင်းတို့အား ပါရမီကုသိုလ် ဖြစ်၏။ (၎င်း ၁၅)

## ၂၆။ အလောဘ ခေါတ်ခံ မရှိသူနှင့် ရှိသူ ဘယ်လို ထူးပါသနည်း

အလောဘခေါတ်ခံ မရှိသောသူကို တမှုးတန်၊ တမတ်တန်၊ တကျပ်တန်၊ တဆယ်တန်မျှ သေးနုပ်လှသော လောဘ၏အာရုံသည် မြင်းမိုရ်တောင်ကြီးကဲ့သို့ ဖိစီး၍ထားနိုင်၏။ အလောဘခေါတ်ခံရှိသောသူကို ပဒေသရာဇ်၊ ဧကရာဇ်၊ စကြာမင်း၏ စည်းစိမ်သည်ပင် ဖိစီး၍မထားနိုင်။ ယင်းခေါတ်ရှိသူသည် ယင်း စည်းစိမ်ကို မြက်ခြောက်ပင် တပင်မျှကဲ့သို့ မှတ်ထင်နေ၏။

(ဥင်း ၃၂)

## ၂၇။ အဒေါသခေါတ်ခံ ရှိသူနှင့် မရှိသူ ဘယ်လို ထူးပါသနည်း

အဒေါသခေါတ်ခံ မရှိသောသူအား အနည်းငယ်မျှလောက်သော အခွင့်အရေးကြောင့်ဖြစ်သော ဒေါသသည် ပွားစီးသော အဖို့သို့ ရောက်နိုင်၏။ အဒေါသ ခေါတ်ခံရှိသောသူအား တဦးနှင့် တဦး အသက်စည်းစိမ်ကို ငဲ့၍ဖြစ်သော ဒေါသသည်လည်း ခဏမကြာ ပျောက်ငြိမ်းနိုင်၏။ (ဥင်း ၃၂)

## ၂၈။ အမောဟခေါတ်ခံ မရှိသောသူကို မောဟက ဘယ်လို နှိပ်စက်ပါသနည်း

အမောဟခေါတ်ခံ မရှိသောသူကို မိမိကိုယ်ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ အစဉ်ထာဝရ မှောင်ကြီးချ၍ နေသော

မောဟသည် ယခုအခါ ဓမ္မက္ခန္ဓာ တည်းဟူသော နေဝန်းပေါ်၍ ရှစ်သောင်းလေးထောင် တပ္ပိုင်နက် ထွန်းလင်းနေသောအခါ မှာပင် မျက်စိတခတ် လျှပ်တပြက်မျှ အလင်းမရ၊ စုတိကျအောင် ခမှောင်မြဲ မိုက်မြဲ ဖုံးလွှမ်းမြဲအတိုင်း နှင့်ပင် ကာဘဝ ဆုံးစေ နိုင်၏။ ဤသို့ နှိပ်စက်၏။ (ဂုဏ်း ၃၂)

## ၂၉။ နေက္ခမ္မခေတ်ခံ မရှိသောသူကို တဏှာလောဘက ဘယ်လို နှိပ်စက်ပါသနည်း

နေက္ခမ္မခေတ်ခံ မရှိသောသူကို ယခုဘဝ ပြုသမျှသော ဒါန၊ သီလ၊ ဥပေါသထ၏ အကျိုး၌ တွယ်တာ သာယာသော တဏှာ လောဘသည် ထို ဒါန၊ သီလ၊ ဥပေါသထ ကုသိုလ်တို့ကို ပါရမီ မျိုး၊ ဗောဓိမျိုးပျက်လေအောင် ဖျက်ဆီး၍ တည်နေ၏။

## ၃၀။ ပဝိဝေကခေတ်ခံ မရှိသောသူကို တဏှာလောဘက ဘယ်လို နှိပ်စက်ပါသနည်း

ပဝိဝေက ခေတ်ခံမရှိသောသူကို အပေါင်းအဖော်၌ မွေ့ လျော်သော တဏှာလောဘသည် ဆိတ်ငြိမ်ရာအရပ်၌ နေခွင့်ကို မပေးပဲ အပေါင်းအဖော်ရှိရာ အရပ်သို့သာ မကြာရှတ်ခြည်း အတင်းဆွဲငင်၍ အတွင်ခြံသွင်းသောအမှုကို အမြဲတစေပြုလေ၍ တည်နေ၏။ (ဂုဏ်း ၃၃)

## ၃၁။ နိဿရဏ ခေတ်ခံမရှိသောသူကို ဘဝနိကန္တိ တဏှာက ဘယ်လို နှိပ်စက်သနည်း

နိဿရဏ ခေတ်ခံမရှိသောသူကို ဘဝနိကန္တိ တဏှာသည် ဘဝသုံးပါးမှ ကျွတ်လွတ်အံ့သော ပဋိပတ်လမ်း၊ ပဋိဝေဓလမ်း များကို အားကျခွင့်မပေးမူ၍ ဘဝစည်ကား တိုးပွားအံ့သော ပုညာဘိသင်္ခါရမျိုးဖြစ်သော ရာကုန်၊ ထောင်ကုန်၊ သောင်း ကုန်၊ သိန်းကုန်လှူဒါန်းမှု၊ ဇရပ် တန်ဆောင်း ဂူကျောင်း ဘုရား တည်ထားမှု၊ ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါးသီလ စောင့် ထိန်းမှု၊ လူသီလဝန်၊ ရသေ့သီလဝန်၊ ရဟန်းသီလဝန် ပြုလုပ်မှု၊ စာချ ပေချ၊ မေ့ကထိက၊ ကျမ်းပြု ဂန်ပြု ပြုလုပ်မှုတို့၌သာ အားကျခွင့်ပေး၍သာ ဖျက်ဆီး၍ တည်နေ၏။

## ၃၂။ ဘဝနိကန္တိသည် အဘယ်မျှရှိပါသနည်း၊ ယခုအခါသည် မဂ်ဖိုလ်ရထိုက်သောအခါ ဖြစ်ပါလျက် အဘယ့်ကြောင့် မရပါသနည်း

ဘဝနိကန္တိသည် နောက်လာမည့် အနာဂတ်ဘဝကို တပ်မက်သော၊ သာယာသော ဘဝနိကန္တိတပါး၊ ယခု ပစ္စုပ္ပန်ခန္ဓာ၌ တပ်မက်သာယာသော ဘဝနိကန္တိတပါးဟူ၍ နှစ်မျိုးရှိ၏။ ယခု အခါသည် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရထိုက်သော အခါလည်း ဖြစ်၏။ မဂ်လမ်း ဖိုလ်လမ်းကို ညွှန်ပြသော တရားဒေသနာသည်

လည်း နည်းပေါင်း ထောင်သောင်းမကာ ပိဋကတော်တွင် ထင်ရှား ရှိနေ၏။ ထိုသို့ရှိနေသော်လည်း ယခု ပစ္စုပ္ပန်ခန္ဓာ၌ တပ်မက် သာယာသော ဘာဝနိကန္တိကြောင့် မိမိတို့ ကိုယ်ခန္ဓာကို ညှာတာနေသည့်အတွက် သက်စွန့်ကြိုးပမ်း အားမထုတ်ကြသောကြောင့် မင်္ဂဖိုလ်ရဖို့ မဆိုထားဘိ၊ သာသနာပရေသ့ တို့ ရကြသော ဈာန်အဘိညာဉ်မျှကိုပင် ယခုကာလ မရကြပဲ ရှိလေ၏။
(ဇွင်း ၃၄)

မှတ်ချက်။ ။၂၄-မှ ၃၁-တိုင်အောင်သော စကားများကို အမှတ် ၁၇-ကို ကြည့်ရှုပြီးနောက်၌ ဆက်လက်၍ ကြည့်ရှုလျှင် သာ၍ သဘာဝကျပေလိမ့်မည်။ ယင်းတို့ကို ကြည့်ရှုပြီးမှသာ အမှတ် ၁၈-မှ စ၍ ကြည့်ရှုရပါမည်။

## ၃၃။ ဗောဓိသုံးခုတွင် တခုခုကိုရည်စူး၍ လှူဒါန်းရာ၌ ဒါနပါရမီသာ ဖြစ်နိုင်ပါသလော

ဗောဓိသုံးခုတွင် တခုခုကိုရည်စူး၍ လှူဒါန်းရာ၌ ဒါနပါရမီသာ ဖြစ်နိုင်သည်မဟုတ်ပါ၊ ကျန်သော ပါရမီကိုးပါးများလည်း သူ့နေရာနှင့်သူ ထိုက်သလို ဖြစ်နိုင်ကြပါသည်။ (ဖြစ်ပုံကို နောက်၌ ပြပါမည်။)

၃၄။ တောင့်တမှုမရှိပဲ အမှတ်တမဲ့ပြုသော ကုသိုလ်၊
ဘဝ ဘောဂသမ္ပတ္တိကို တောင့်တ၍ ပြုသောကုသိုလ်၊
လောကုတ် လောကီ နှစ်ပါးကို တောင့်တ၍ ပြုသောကုသိုလ်၊
လောကုတ္တရာကိုသာ တောင့်တ၍ ပြုသောကုသိုလ်
ယင်းလေးပါးတို့ အကျိုးပေးခြင်းတူ မတူကို ဖြေပါ

တောင့်တမှုမရှိပဲ အမှတ်တမဲ့ပြုသော ကုသိုလ်သည် ဘဝသမ္ပတ္တိ၊ ဘောဂသမ္ပတ္တိ ဟူသော လောကီအကျိုးကိုသာ ပေးနိုင်၏။ မဂ်ဖိုလ်ဟူသော လောကုတ္တရာ အကျိုးကို မပေးနိုင်။ အကျိုးပေးပြီးလျှင် ထိုကုသိုလ်၏ အစွမ်းသတ္တိ ကုန်ဆုံးသွား၏။ ဘဝ ဘောဂသမ္ပတ္တိကို တောင့်တ၍ ပြုသော ကုသိုလ်သည် လောကီအကျိုးကိုသာ ပေးနိုင်၏။ လောကုတ္တရာ အကျိုးကို မပေးနိုင်။ အကျိုးပေးပြီးလျှင် ထိုကုသိုလ်အစွမ်းသတ္တိ ကုန်ဆုံးသွား၏။ လောကုတ် လောကီ နှစ်ပါးကို တောင့်တ၍ပြုသော ကုသိုလ်သည် လောကီအကျိုးကို ရှေးဦးစွာပေး၍ သံသရာရှည်လျက် ဒုက္ခများစွာဖြစ်၍ လောကုတ္တရာအကျိုးကို ပေးသောအခါ၌ ထိုကုသိုလ်၏အစွမ်းသတ္တိ ကုန်ဆုံးသွား၏။ လောကုတ္တရာကိုသာ တောင့်တ၍ ပြုသော ကုသိုလ်သည် လောကုတ္တရာအကျိုးကို မပေးသေးသမျှ ကာလပတ်လုံး မကုန်ဆုံးသေး။ ယင်းကာလအတွင်း၌ မတောင့်တသော လောကီအကျိုးများကိုလည်း ပေးလိုက်သေး၏။ လောကုတ္တရာအကျိုးကို ပေးပြီးသောအခါ၌သာလျှင် ထိုကုသိုလ်၏ အစွမ်းသတ္တိ ကုန်ဆုံးသွား၏။

### ၃၅။ အနည်းငယ်ပြုသော ဒါန သီလ၊ အလတ်တန်းပြုသော ဒါနသီလ၊ အထက်တန်းပြုသော ဒါန သီလ၊ အလွန်အထက်တန်းကျပြုသော ဒါန သီလ ဤကုသိုလ် လေးမျိုးသည် ဘယ်အကျိုးများကို ပေးနိုင်ပါသနည်း

အနည်းငယ်ပြုသော ဒါနသီလ ကုသိုလ်သည် လူ့ဘုံ၌ လူဆင်းရဲသားဘဝကို ပေးနိုင်၏။ အလတ်တန်းပြုသော ဒါန သီလ ကုသိုလ်သည် လူ့ဘုံ၌ လူချမ်းသာဘဝကို ပေးနိုင်၏။ အထက်တန်းပြုသော ဒါန သီလကုသိုလ်သည် နတ်ပြောက်ဘုံ၌ နတ်သား၊ နတ်သမီးဘဝကို ပေးနိုင်၏။ အလွန်အထက်တန်းကျ ပြုသော ဒါန သီလကုသိုလ်သည် နတ်ပြောက်ဘုံ၌ နတ်မင်းကြီး ဘဝကို ပေးနိုင်၏။ (အင်္ဂုတ္တိုရ် အဋ္ဌကနိပါတ်၊ ဒါနဝဂ်။)

### ၃၆။ ယခုကာလ၌ နိဗ္ဗာန်နှင့် လောကီစည်းစိမ်ကို တောင့်တ၍ပြုသောကုသိုလ်သည် ပါရမီကုသိုလ် ဖြစ်နိုင်ပါသလော၊ ဘယ်အပြင်များ ဖြစ်နိုင်ပါသနည်း

ယခုကာလ၌ နိဗ္ဗာန်နှင့် လောကီစည်းစိမ်ကို တောင့်တ၍ ပြုသောကုသိုလ်သည် တောင့်တရာ၌ နိဗ္ဗာန်ပါနေသဖြင့် ပါရမီ ကုသိုလ် ဖြစ်နိုင်ပါသည်။ လောကီစည်းစိမ်ပါနေသဖြင့် နိဗ္ဗာန် မြန်မြန်ရောက်စေနိုင်သော ကုသိုလ်မျိုးကား မဟုတ်ပေ။

**မှတ်ချက်။** ။ဝိပဿီဘုရားမပွင့်မီ ကြံခင်း လုပ်သော ညီနောင် နှစ်ဦးသည် ပစ္စေကဗုဒ္ဓါအား ကြံရည်လှူ၍ အစ်ကိုက အရှင်ဘုရား သိရသောတရားကို သိရပါလို၏ဟု တိုတို ဆုတောင်း၏။ ညီမောင်က အရှင်ဘုရား သိရသောတရားကို သိရပါလို၏။ (ယခုကာလ အာဝဇ္ဇန်းရှင်ရှင်နှင့် ရေစက်ချပေး သော အချို့သော မေ့ကထိကများ၏ ရေစက်ချဆုတောင်း ကဲ့သို့) အကြင်မျှလောက်ချီပြန်၍ လောကီစည်းစိမ်ကို နောက် ဖျားက ဆွယ်ပြန်၏။ ဆုတောင်းတိုသော အစ်ကိုသည် ဝိပဿီ ဘုရားအပွင့်၌ သံသရာဒုက္ခမှ ကျွတ်တမ်းဝင်လေ၏။ ညီမောင် ဖြစ်သူသည် ဆုတောင်းဆန်းသဖြင့် ဝိပဿီဘုရားအပွင့်၌ ကျွတ် တမ်း မဝင်နိုင်သေးပဲ ဘုရားခြောက်ဆူတို့ကို ကျော်လွန်၍ ဂေါတမဘုရားအပွင့်၌ ဇောတိကသဌေးကြီးဖြစ်ပြီးမှ ကျွတ် တမ်းဝင်ရလေ၏။

## ၃၇။ ကုသိုလ်ပြုလို၍ လူ့ဘဝကို တောင့်တ၍ ပြုသော ကုသိုလ်သည် ပါရမီကုသိုလ်ဖြစ်နိုင်ပါသလော

ကုသိုလ်ပြုလို၍ လူ့ဘဝကိုတောင့်တ၍ ပြုသော ကုသိုလ် သည် စည်းစိမ်ခံစားစံစားလိုသော လောဘစိတ် လုံးဝမပါခဲ့ပါ လျှင် ပါရမီကုသိုလ်ဖြစ်နိုင်ပါသည်။ စည်းစိမ်ခံစား စံစားလို သော လောဘစိတ် အနည်းငယ်မျှဖြစ်လာလျှင် ပါရမီကုသိုလ် မဖြစ်နိုင်။ များများဖြစ်လျှင် ဆိုဖွယ်ရာမရှိပြီ။

## ၃၈။ ကုသိုလ်ကောင်းမှုပြုရာ၌ ဆုတောင်း ချွတ်ယွင်းခဲ့ပါလျှင် ဘယ်သို့သော အပြစ်များဖြစ်နိုင်ပါသနည်း

မေဏ္ဍကသဌေး၏ ကျွန်ဖြစ်သော ပုဏ္ဏသည် ပစ္စေကဗုဒ္ဓါကို ဆွမ်းလှူသောအခါ ဆုတောင်းပုံ နေရာမကျသောကြောင့် ဘ၀ အဆက်ဆက် ကျွန်ချည်း ဖြစ်ရလေ၏။ စူဠသုဘဒ္ဒါဆင်မသည် ပစ္စေကဗုဒ္ဓါအား သစ်သီးဆွမ်းလှူ၍ ဆုတောင်းပုံ ချွတ်ချော်သောကြောင့် အလောင်းတော်ဆင်မင်းကို သတ်ရန် စေခိုင်းသဖြင့် ငရဲသို့ကျရလေ၏။ ရှေးဘ၀၌ ပစ္စေကဗုဒ္ဓါကို တွေ့၍ အလောင်းတော် ကုသမင်းနှင့် ပဘာဝတီတို့သည် ကုသိုလ်ပြု ကြစဉ်အခါ ဆုတောင်းမတဲ့ အတန်ငယ် စောင်းရွဲ့ကြသောကြောင့် ကသီလင်တ ဒုက္ခအထွေထွေဖြစ်ကြသေး၏။

## ၃၉။ ကုသိုလ်ကောင်းမှုပြုရာ၌ ဘယ်ဆရာမျိုးကို လိုလားအပ်ပါသနည်း

ကုသိုလ်ကောင်းမှုပြုရာ၌ နေရာတကျ ဆုံးမသင်ကြား ပြသ ပေးနိုင်သော အကြားအမြင်များသော ဆရာမျိုးကို လွန်စွာ လိုလားအပ်ပါသည်။

**မှတ်ချက်။** ။ဝိဓုရဇာတ်တော်၌ ဈာန် အဘိညာဏ်ရ ရသေ့ လေးပါးကို တပါးစီ ကိုးကွယ် ဆည်းကပ် ကျွေး မွေးသော သဌေးကြီးလေးယောက်တို့တွင် သဌေးကြီး နှစ် ယောက်တို့သည် မိမိတို့ ကိုးကွယ်သော ဆရာရသေ့စကားကို

နာခံ၍ ကုသိုလ်ပြုပုံ နေရာမကျသောကြောင့် တိရစ္ဆာန် နဂါး ဂဠုန် ဖြစ်ကြလေကုန်၏။ သဌေးကြီးနှစ်ယောက်တို့သည်ကား လူမင်း၊ သိကြားမင်းဖြစ်ကြလေကုန်၏။ ဤသို့ ဆရာပြုလုပ်သူ အတွက်ကြောင့် လက်အောက်တပည့် ဒကာ- ဒကာမ များ အမှားစင်စစ် မနစ်တန်ရာ၊ နစ်ရသောအရာများကိုလည်း သတိ ထားကြရာ၏။

## ၄၀။ လောကီချမ်းသာကို တောင့်တ၍ ပြုသော ကုသိုလ်သည် လောကီဆင်းရဲကိုလည်း တောင့်တရာ ရောက်နိုင်ပါသလော

ယော ဘိက္ခဝေ ရူပံ အဘိနန္ဒတိ၊ ဝေဒနံ၊ သညံ၊ သခ်ါရေ၊ ဝိညာဏံ အဘိနန္ဒတိ၊ သော ဒုက္ခံ အဘိနန္ဒတိဟူသော ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်နှင့်အညီ လောကီစည်းစိမ်ကို တောင့်တ၍ ပြုသောကုသိုလ်သည် လောကီဒုက္ခကိုလည်း တောင့်တရာ ရောက်နိုင်ပါသည်။

မှတ်ချက်။ ။လောကီစည်းစိမ်ချမ်းသာဟူသမျှသည် လောကီ ဆင်းရဲဟူသမျှနှင့် ဆက်စပ်နေ၏။ သဌေး၊ သူကြွယ်၊ ပဒေသရာဇ်၊ စကြာမင်း၊ နတ်သား၊ နတ်သမီး၊ နတ်မင်းကြီး၊ ဗြဟ္မာမင်းကြီးများ ဖြစ်နေခြင်းသည် လောကီစည်းစိမ် ချမ်းသာဖြစ်၏။ ယင်းတို့၏ အိုခြင်း၊ နာခြင်း၊ သေခြင်း၊ စိုးရိမ်ပူဆွေး ငိုကြွေးပင်ပန်းခြင်းဘေး၊ သေလွန်သည့်

နောက်၌ ကျရောက်မည့် အပါယ်ဘေးသည် လောကီဆင်းရဲ ဖြစ်၏။

ထိုစကားမှန်၏။ ငါသည် ဤကုသိုလ် ကောင်းမှုကြောင့် သဌေးကြီး ဖြစ်ရပါလို၏၊ (ပ) ဗြဟ္မာမင်းကြီး ဖြစ်ရပါလို၏ ဟု တောင့်တ၍ ပြုအပ်သော ကုသိုလ်ကောင်းမှုသည် ငါသည် အိုရ ပါလို၏၊ (ပ) သေလွန်သည့်နောက်၌ အပါယ်ဘုံ ကျရောက်ရ ပါလို၏ဟု မတောင့်တသော်လည်း ထိုသဌေးကြီး (ပ) ဗြဟ္မာ မင်းကြီးတို့၏ ထိုအိုခြင်း၊ (ပ) အပါယ်တို့နှင့် ဆက်စပ်နေခြင်း တို့ကြောင့် ထိုလောကီဆင်းရဲတို့ကို တောင့်တသကဲ့သို့ပင်ဖြစ်၏။

## ၄၁။ ဒါနကုသိုလ်ကို ပြုခြင်းဖြင့် ဗြဟ္မာ့ဘုံသို့ ရောက်နိုင်ပါသလော

ဒါနကုသိုလ်ကို ပြုကာမျှဖြင့် ဗြဟ္မာ့ဘုံသို့ မရောက်နိုင်ပါ။ ထိုသို့ မရောက်နိုင်သော်လည်း ဒါနကုသိုလ်သည် သမာဓိ ဝိပဿနာစိတ်၏ တန်ဆာအခြံအရံဖြစ်၏။ ထိုအခြံအရံ ဖြစ်ခြင်းကြောင့် ဒါနကုသိုလ်ဖြင့် နူးညံ့သော စိတ်ရှိသော ပုဂ္ဂိုလ်သည် မေတ္တာ စသော ဗြဟ္မဝိဟာရတရားတို့ကို ပွားများ၍ ဗြဟ္မာ့ဘုံသို့ ရောက် နိုင်၏။ ထို့ကြောင့် အကျိုးဖြစ်သော ဗြဟ္မဝိဟာရကို အကြောင်း ဖြစ်သော ဒါနကုသိုလ်၌ တင်စား၍ ဥပစာရအားဖြင့်သာ ဒါန ကုသိုလ်ဖြင့် ဗြဟ္မာ့ဘုံသို့ ရောက်နိုင်၏ဟူ၍ အင်္ဂုတ္တိုရ်အဋ္ဌကထာ နိပါတ် ဒါနဝဂ်၌ ဟောတော်မူ၏။

## ၄၂။ ဒါနကုသိုလ်ကို ပြုခြင်းဖြင့် နိဗ္ဗာန်သို့ ရောက်နိုင်ပါသလော

မဂ်ကုသိုလ် လေးခုတို့သည်သာလျှင် နိဗ္ဗာန်သို့ ရောက်နိုင်ကြောင်းကို အပစယဂါမိနော ဓမ္မာဟူ၍ ဓမ္မသင်္ဂဏီပါဠိတော်၌ ဘုရားဟောတော်မူ၏။ ဤကား မုချတိုက်ရိုက် နိဘတ္တနည်းအားဖြင့် ဟောအပ်သောစကားဖြစ်၏။ ဥပစာရနေယျတ္ထနည်းအားဖြင့်ကား ဒါနကုသိုလ်သည် နိဗ္ဗာန်သို့ ရောက်နိုင်ပါ၏။

**မှတ်ချက်။** ။ရောက်ပုံကား ဒါနကုသိုလ် မရှိသော သူသည် ဝိပဿနာကုသိုလ် မဖြစ်နိုင်။ ဝိပဿနာကုသိုလ် မရှိသောသူသည် မဂ်ကုသိုလ်မဖြစ်နိုင်။ ဒါနကုသိုလ် ရှိသူမှသာ ဝိပဿနာ ကုသိုလ် ဖြစ်နိုင်၏။ ဝိပဿနာကုသိုလ် ရှိသူမှသာ မဂ်ကုသိုလ်ဖြစ်နိုင်၏။ ဤသို့ အဆင့်ဆင့်တင်စားသော ဥပစာရနေယျတ္ထအားဖြင့် ဒါနကုသိုလ်ကို ပြုခြင်းဖြင့်၊ ဝါ။ ပြုခြင်းကြောင့် နိဗ္ဗာန်သို့ ရောက်နိုင်ပါ၏။

## ၄၃။ ဒါနပါရမီနှင့် စပ်ဆိုင်ရာများ

ဘုရားလောင်းသည် ဒါနပါရမီဖြည့်ရာ၌ ကာလအပိုင်းအခြား ရှိပါသလော၊ အထူးအားဖြင့် ဘယ်အခါ၌ ဒါနပရမတ္ထပါရမီဖြစ်ပါသနည်း။

ဘုရားလောင်းသည် ဒါနပါရမီဖြည့်ရာ၌ ကာလအပိုင်းအခြားမရှိပါ။

ခဲ့ရ၍ပြီးအံ့။ ပါရမီတို့ကိုဖြည့်ကျင့်သော ဘုရားလောင်း၏ အကိတ္တိပညာရှိ၊ သခ်ပုဏ္ဏား၊ ဓနဉ္စယမင်း၊ မဟာသုဒဿန မင်း၊ မဟာဂေါဝိန္ဒပုဏ္ဏား၊ နိမိမင်းကြီး၊ စန္ဒကုမာရမင်းသား၊ ဝိသယှသင်္ဌေး၊ သိဝိမင်း၊ ဝေဿန္တရာမင်းဖြစ်သောအခါများ၌ ဒါနပါရမီကို ဖြည့်သော ကိုယ်အတ္တဘောတို့၏ အပိုင်းအခြား မည်သည် မရှိခဲ့ပေ။

စင်စစ်အထူးအားဖြင့် ယုန်ပညာရှိဖြစ်သောအခါ၌ အစာ ထမင်းအကျိုးငှာ ပုဏ္ဏားယောင်ဆောင်၍ မိမိအထံသို့ ရှေးရှု ကပ်ရောက်လာသော သိကြားမင်းကိုမြင်၍ မိမိကိုယ်ကို စွန့်ခဲ့ဖူး ပြီ။ ဤသို့ မိမိကိုယ်ကို စွန့်လွှတ်လှူဒါန်းသော ဘုရားလောင်း၏ ဒါနပါရမီသည် ပရမတ္ထပါရမီမည်၏။

(အဋ္ဌသာလိနီ ၆၅၊ ၆၆)

## ဘုရားလောင်းယုန်ပညာရှိ ဖြစ်သောအခါ၌ မိမိကိုယ်ကို စွန့်၍ ပါရမီဆယ်ပါးဖြစ်ပုံ

ဘုရားလောင်းယုန်ပညာရှိ၏ မိမိကိုယ်ကို စွန့်ခြင်းသည် ဒါန ပါရမီဖြစ်၏။ ယုန်ပညာရှိ၏ ကောင်းစွာစင်ကြယ်သော သီလ အကျင့်နှင့် ပြည့်စုံခြင်းသည် သီလပါရမီဖြစ်၏။ ယုန်ပညာရှိ၏ မိမိကိုယ်ကို သာယာ တပ်မက်ခြင်းမှ လွတ်မြောက်ခြင်းသည် နေက္ခမ္မပါရမီဖြစ်၏။ အလှူခံပုဏ္ဏားသည် အသက်နှင့်တကွ ကိုယ် ကို လှူလျှင် သတ်စားလိမ့်မည်မဟုတ်၊ အသက်မရှိသော အသေ ကောင်ကို လှူမှသာ စားသုံးလိမ့်မည်ဟု အကြောင်း၌ လိမ္မာ

သောဉာဏ်သည် ပညာပါရမီ ဖြစ်၏။ မိမိကိုယ်၌ ကပ်တွယ်နေသော ပိုးမွှားကောင်များ မီးမလောင်ရန် ခါထုတ်ခြင်း၊ မီးပုံကြီးသို့ ခုန်ဆင်းရန် အားထုတ်ခြင်းသည် ဝီရိယပါရမီ ဖြစ်၏။ မီးလောင်သော်လည်း မညည်းမညူ ငြိမ်ခံ နေမည်ဟု သည်းခံ စောင့်စည်းခြင်း၏ အလွန်မြတ်သောအဖြစ်သို့ ရောက်ခြင်းသည် ခန္တီပါရမီဖြစ်၏။ မိမိကိုယ်ကို လှူမည်ဟု အလှူခံပုဏ္ဏားကို ဝန်ခံထားသည့်အား လျော်စွာကျင့်ခြင်းသည် သစ္စာပါရမီဖြစ်၏။ အလှူခံပုဏ္ဏားအား မိမိကိုယ်ကို လှူမည်ဟူသော စိတ်၏ မရွေ့မရှား ခိုင်ခံ့တည်ကြည်ခြင်းသည် အဓိဋ္ဌာန်ပါရမီဖြစ်၏။ မိမိအသားကို စား၍ ပုဏ္ဏားကြီး ချမ်းချမ်းသာသာရှိပါစေ ဟူသောစိတ်သည် မေတ္တာပါရမီဖြစ်၏။ မြက်ကိုသာစား၍ မြက်မှတပါး ဘာကိုမျှ လှူစရာမရှိသော ငါ့ထံ၌ အလှူခံရောက်လာရမည်လောဟု ပုဏ္ဏားကြီး အပေါ်၌ စိတ်မကွက်ခြင်းသည် ဥပေက္ခာပါရမီဖြစ်၏။

## ယခုကာလ သား၊ တူ၊ မြေး၊ မြစ်များကို ရှင်ရဟန်းပြုရာ၌ အလှူဒကာ-ဒကာမများ ပါရမီဆယ်ပါးဖြစ်ပုံ

အလှူရှင် ဒကာ-ဒကာမ များသည် ဝဋ်ဆင်းရဲမှ ထွက်မြောက်ရန် ရည်သန်၍ လှူဒါန်းခြင်းသည် ဒါနပါရမီဖြစ်၏။ မိဘဘိုးဘွားတို့၏ လှူဒါန်းခြင်း အလေ့အထကို မပျက်စီးစေခြင်း၊ လှူဆဲခဏ၌ သီလနှင့် ပြည့်စုံခြင်းသည် သီလပါရမီ ဖြစ်၏။ လှူဒါန်းမည့် ဝတ္ထုပစ္စည်းတို့၌ နှမြောတွန့်တိုခြင်း၊ သာ

ယာခင်တွယ်သော လောဘမစ္ဆရိယတို့မှ ထွက်မြောက် လွတ်ကင်းခြင်းသည် နေက္ခမ္မပါရမီဖြစ်၏။ အလှူခံပုဂ္ဂိုလ်တို့ နှစ်သက်ဝမ်းမြောက်နိုင်ရန်၊ လှူဖွယ်ဝတ္ထုများကို တင့်တင့်တယ်တယ် ဖြစ်စေရန် ကြံစည်စဉ်းစားသော ဉာဏ်သည် ပညာပါရမီဖြစ်၏။ အလှူထမြောက်စေရန် ရည်သန်၍ မနေမနားကြိုးစား၍ အားထုတ်ခြင်းသည် ဝီရိယပါရမီဖြစ်၏။ မလှူပဲ မိမိသုံးဆောင်လိုလျှင် သုံးဆောင်နိုင်ပါလျက် ထိုမိမိ သုံးဆောင်ခြင်းမှ သည်းခံခြင်းသည် ခန္တီပါရမီဖြစ်၏။ လှူဒါန်းမည်ဟု ဝန်ခံထားသည့်အားလျော်စွာ ကျင့်ခြင်းသည် သစ္စာပါရမီဖြစ်၏။ လှူဒါန်းလိုစိတ် မရွေ့မရှား တည်တံ့ခိုင်ခံ့ခြင်းသည် အဓိဋ္ဌာန်ပါရမီဖြစ်၏။ အလှူခံပုဂ္ဂိုလ်တို့ကျန်းမာချမ်းသာပါစေဟူ၍ ဖြစ်သောစိတ်သည် မေတ္တာပါရမီဖြစ်၏။ ငါလှူဒါန်းသောဝတ္ထုပစ္စည်းကိုသာ ခံယူသွားကြသည်၊ ဘာကိုမျှ အကူအညီမရဘူး ဟူ၍ အလှူခံပုဂ္ဂိုလ်တို့ အပေါ်၌ စိတ်မကွက်ခြင်းသည် ဥပေက္ခာပါရမီဖြစ်၏။

## ၄၄။ သီလပါရမီနှင့် စပ်ဆိုင်ရာများ

ဘုရားလောင်းသည် သီလပါရမီဖြည့်ရာ၌ ကာလအပိုင်းအခြားရှိပါသလော၊ အထူးသဖြင့် ဘယ်အခါ၌ သီလပရမတ္ထပါရမီ ဖြစ်ပါသနည်း။

ဘုရားလောင်းသည် သီလပါရမီဖြည့်ရာ၌ ကာလအပိုင်းအခြားမရှိပါ။ ချဲ့၍ပြဦးအံ့။ ပါရမီတို့ကို ဖြည့်ကျင့်သော ဘုရားလောင်း၏ သီလဝဆင်မင်း၊ စမ္ပေယျနဂါးမင်း၊ ဘူရိဒတ္တ

နဂါးမင်း၊ ဆဒ္ဒန်ဆင်မင်း၊ အလိနသတ္တုမင်းသား ဖြစ်သော အခါများ၌ သီလပါရမီ ဖြည့်ကျင့်သော ကိုယ်အတ္တဘောတို့၏ အပိုင်းအခြားမည်သည် မရှိခဲ့ပေ။ စင်စစ် အထူးအားဖြင့် သင်္ခပါလနဂါးမင်းဖြစ်သောအခါ၌ တကျိပ်ခြောက်ယောက်သော မုဆိုးတို့သည် တံကျင်တို့ဖြင့် ရှစ်ဌာနတို့၌ ထိုးဖောက်အပ်သော်လည်း လှံမတို့ဖြင့် ထိုးဆွအပ်သော်လည်း ထိုတကျိပ်ခြောက်ယောက်သော မုဆိုးတို့၌ အမျက်မထွက်ခဲ့ပြီ။ ဤသို့ မိမိကိုယ်ကို စွန့်လျက် သီလစောင့်ထိန်းသော ဘုရားလောင်း၏ သီလပါရမီသည် ပရမတ္ထပါရမီဖြစ်၏။ (၎င်း ၆၆)

## ဘုရားလောင်း သင်္ခပါလနဂါးမင်း ဖြစ်သောအခါ၌ မိမိကိုယ်ကို စွန့်၍ သီလစောင့်ထိန်းရာ၌ ပါရမီဆယ်ပါး ဖြစ်ပုံ

ဘုရားလောင်း သင်္ခပါလနဂါးမင်း၏ မိမိကိုယ်ကို စွန့်ခြင်းသည် ဒါနပါရမီဖြစ်၏။ သီလ စောင့်ထိန်းခြင်းသည် သီလပါရမီဖြစ်၏။ သီလစောင့်ထိန်းရာ၌ သီလကျိုးပေါက်ပြောက်ကျားခြင်းစသည်တို့မှ လွတ်မြောက်ခြင်းသည် နေက္ခမ္မပါရမီဖြစ်၏။ ငါ့ကို နှိပ်စက်ညှဉ်းပန်းသော်လည်း မုဆိုးတို့ကို ငါက ပြန်၍ မနှိပ်စက်မညှဉ်းပန်းမှသာ ငါ့အကျိုးများမည်ဟု သိစွမ်းနိုင်သောဉာဏ်သည် ပညာပါရမီဖြစ်၏။ မုဆိုးတို့၏ အလိုဆန္ဒအတိုင်းဖြစ်အောင် ငါပြုအံ့ ဟု အားထုတ်ခြင်းသည် ဝီရိယပါရမီဖြစ်၏။ နှိပ်စက်ညှဉ်းပန်းသော မုဆိုးတို့အပေါ်၌ သည်းခံ

ခြင်းသည် ခန္တီပါရမီဖြစ်၏။ မုဆိုးတို့ကို ငါက မနှိပ်စက်မညှဉ်းပန်းအံ့ဟု ဝန်ခံထားသည့်အားလျော်စွာ ကျင့်ခြင်းသည် သစ္စာပါရမီဖြစ်၏။ စောင့်ထိန်းထားသော သီလကို မပျက်စီးအောင် စောင့်ရှောက်အံ့ဟူသော စိတ်၏ မရွေ့မရှား တည်တံ့ခိုင်ခံ့ခြင်းသည် အဓိဋ္ဌာန်ပါရမီဖြစ်၏။ မိမိကို နှိပ်စက် ညှဉ်းပန်းသော မုဆိုးတို့ ကျန်းမာချမ်းသာပါစေဟူ၍ ဖြစ်သော စိတ်သည် မေတ္တာပါရမီဖြစ်၏။ မိမိကို နှိပ်စက်ညှဉ်းပန်းသော မုဆိုးတို့ကို ငါက ပြန်၍နှိပ်စက်ညှဉ်းပန်းမည်ဟု စိတ်မကွက် ရန်ငြိုးမထားခြင်းသည် ဥပေက္ခာပါရမီဖြစ်၏။

## ယခုကာလ သီလစောင့်ထိန်းကြသော ဒကာ-ဒကာမများ၌ ပါရမီဆယ်ပါးဖြစ်ပုံ

သီလမဆောက်တည်သေးမီ ထိုက်သလို လှူဖွယ်ဝတ္ထုကို မင်္ဂဖိုလ်ရည်စူး၍ လှူဒါန်းခြင်းသည် ဒါနပါရမီ ဖြစ်၏။ မဂ်ဖိုလ်ရရန် ရည်စူး၍ သီလဆောက်တည်ခြင်းသည် သီလပါရမီ ဖြစ်၏။ ဆောက်တည်ထားသော သီလ ကျိုး ပေါက် ကျား ပြောက်ခြင်းတို့မှ လွတ်ကင်းခြင်းသည် နေက္ခမ္မပါရမီ ဖြစ်၏။ စောင့်ထိန်းသောသီလသည် မကျိုးမှု၊မပေါက်မှု၊ မပြောက်မှု၊မကျားမှု အကျိုးများမည်ဟု သိစွမ်းနိုင်သော ဉာဏ်သည် ပညာပါရမီဖြစ်၏။ စောင့်ထိန်းထားသော သီလကို ကျိုး ပေါက် ပြောက်ကျား မဖြစ်အောင် စောင့်ရှောက်မည်ဟု အားထုတ် ခြင်းသည် ဝီရိယပါရမီဖြစ်၏။ သီလစောင့်ထိန်း နေဆဲ အခါ၌ မနှစ်သက်

မမြတ်နိုးအပ်သော ဝတ္ထုအာရုံဟူသမျှကို စိတ်မချမ်းမသာ မဖြစ်မူ၍ သည်းခံခြင်းသည် ခန္တီပါရမီဖြစ်၏။ သီလကို မကျိုး မပေါက် မပြောက် မကျားအောင် စောင့်ထိန်းမည်ဟု ဝန်ခံထားသည့်အား လျော်စွာ ကျင့်ခြင်းသည် သစ္စာပါရမီဖြစ်၏။ စောင့်ထိန်းထားအပ်သော သီလ၏ မရွေ့မရှား တည်တံ့ခိုင်ခံ့ခြင်းသည် အဓိဋ္ဌာန်ပါရမီ ဖြစ်၏။ သီလ ဆောက်တည်နေဆဲအခါ၌ သတ္တဝါများ ကျန်းမာချမ်းသာကြပါစေဟူ၍ ဖြစ်သော စိတ်သည် မေတ္တာပါရမီဖြစ်၏။ စောင့်ထိန်းထားသော သီလသည် ဘာမျှအကျိုးမရှိဘူး၊ ထမင်းငတ်ရုံ ကာမဂုဏ်ခံစား ပျက်ရုံမျှသာဖြစ်သည်ဟု စိတ်မထား စိတ်မပျက် စိတ်မကွက်ခြင်းသည် ဥပေက္ခာပါရမီဖြစ်၏၊

## ၄၅။ နေက္ခမ္မပါရမီနှင့်စပ်ဆိုင်ရာများ

ဘုရားလောင်းသည် နေက္ခမ္မပါရမီဖြည့်ရာ၌ အပိုင်းအခြားရှိပါသလော၊ အထူးသဖြင့် ဘယ်အခါ၌ နေက္ခမ္မပါရမီဖြစ်ပါသနည်း။

ဘုရားလောင်းသည် နေက္ခမ္မပါရမီဖြည့်ရာ၌ ကာလအပိုင်းအခြားမရှိပါ။ ခွဲ၍ပြဦးအံ့။ ပါရမီတို့ကိုဖြည့်ကျင့်သော ဘုရားလောင်း၏သောမနဿမင်းသား၊ ဟတ္ထိပါလမင်းသား၊ အယောဃရပညာရှိဖြစ်သောအခါများ၌ ကြီးစွာသော မင်းစည်းစိမ်ကို ပယ်စွန့်၍ နေက္ခမ္မပါရမီကို ဖြည့်သော ကိုယ်အတ္တဘောတို့၏ အပိုင်းအခြားသည် မရှိခဲ့ပေ။ စင်စစ်အထူးအားဖြင့် စူဠသုတ

သောမမင်းဖြစ်သောအခါ၌ ငါ့လက်တော်သို့ ရောက်လာသော ကြီးစွာသော မင်းစည်းစိမ်ကို တံတွေးပေါက်ကို စွန့်သကဲ့သို့ ငါ စွန့်ခဲ့ဖူးပြီ။ စွန့်သောငါ့အား ထိုကြီးစွာသော မင်းစည်းစိမ်၌ တွယ်တာကပ်ငြိခြင်းမရှိခဲ့။ ဤသို့ တွယ်တာ ကပ်ငြိခြင်း မရှိသဖြင့် မင်းစည်းစိမ်ကို စွန့်၍ထွက်လာသော ဘုရားလောင်း၏ နေက္ခမ္မပါရမီသည် ပရမတ္ထပါရမီ မည်၏။ (၄င်း ၆၆)

## ဘုရားလောင်း စုတသောမမင်း ဖြစ်သောအခါ၌ မင်းစည်းစိမ်ကိုစွန့်၍ တောထွက်ရာ၌ ပါရမီဆယ်ပါးဖြစ်ပုံ

ဘုရားလောင်း စုတသောမမင်းကြီး၏ ကြီးစွာသောမင်းစည်းစိမ်ကို စွန့်ခြင်းသည် ဒါနပါရမီဖြစ်၏။ ရှေးမင်းကောင်းမင်းမြတ်တို့၏ တောထွက်ခြင်း အလေ့အကျင့်ကို အမှီပြု၍ စုတသောမမင်း၏ တောထွက်ခြင်းအလေ့အကျင့်သည် သီလပါရမီဖြစ်၏။ စုတသောမမင်း၏ ကာမဂုဏ်မှ လွတ်မြောက်၍ တောအရပ်သို့ ထွက်ခွာ လာခြင်းသည် နေက္ခမ္မပါရမီဖြစ်၏။ တိုင်းပြည်မြို့ပေါ်နန်းတော်ပေါ်၌ နေခြင်းသည် ကာမဂုဏ်ရောပြွမ်းလျက် သဒ္ဒယာစုံမက်သော တဏှာရာဂလောဘဖြစ်နေလိမ့်မည်။ တောအရပ်၌ နေခြင်းသည် ကာမဂုဏ်မရှိ၍ တဏှာရာဂလောဘကင်းနေလိမ့်မည်ဟူ၍ သိစွမ်းနိုင်သောဉာဏ်သည် ပညာပါရမီဖြစ်၏။ တိုင်းတော် ပြည်တော်၌ နေလျှင် ငါဆင်းရဲမည်၊ တော၌နေလျှင် ငါချမ်းသာမည်ဟု ကြံစည်လျက်

တောထွက်နေရန် အားထုတ်ခြင်းသည် ဝီရိယပါရမီဖြစ်၏။ ပျော်ပါးနေကျ မိဖုရား မောင်းမမိဿံတို့နှင့် ဖက်ရမ်းပွဲကာ ပျော်ရွှင်စွာနေထိုင်မှုးထူးအပျော်ကျူးခြင်းကို အောင့်အီးသည်းခံနိုင်ခြင်းသည် ခန္တီပါရမီဖြစ်၏။ ငါကေန်တောထွက်မည်ဟု ဝန်ခံထားသည့်အားလျော်စွာ ကျင့်ခြင်းသည် သစ္စာပါရမီဖြစ်၏။ ဝန်ခံထားသော တောထွက်ခြင်း၏ မရွေ့မရှား ခိုင်ခံ့တည်တံ့ခြင်းသည် အဓိဋ္ဌာန်ပါရမီဖြစ်၏။တောထွက်နေခြင်းသည် အလုံးစုံသော သတ္တဝါတို့၏ ချမ်းသာဖို့ရာတည်းဟူသော အလိုဆန္ဒသည် မေတ္တာပါရမီဖြစ်၏။ တိုင်းတော်ပြည်တော်မှ မငဲ့မကွက်ထွက်လာခြင်းကြောင့် စိတ်မချမ်းသာမှု၊ စိတ်ဆင်းရဲမှု မရှိခြင်းသည် ဥပေက္ခာပါရမီဖြစ်၏။

## ယခုကာလ ဆရာတော်ကြီးများ တောထွက်ရာ၌ ပါရမီဆယ်ပါးဖြစ်ပုံ

ယခုကာလ အချို့သူတော်ကောင်း ဆရာတော်ကြီး တပါးသည် တောထွက်ဖို့ရာ ဂရုဘဏ်၊လဟုဘဏ်ကျောင်းကန်ကို စွန့်လွှတ်ခြင်းသည် ဒါနပါရမီဖြစ်၏။ ရှေးရှေးသော သူတော်ကောင်းဆရာတော်ကြီးတို့၏ တောထွက်ခြင်းအလေ့ကို အစဉ်လိုက်၍ တောထွက်သောအလေ့အကျင့်သည် သီလပါရမီဖြစ်၏။ (သီလမယံပုဒ်၌ သီလသဒ္ဒါသည် အလေ့အကျင့်ဟောဟု အဋ္ဌသာလိနီကိုထောက်၍ သီလပါရမီပုဒ်၌ သီလသဒ္ဒါ အလေ့အကျင့်ဟောဟု ယူပါ၏။)ပရိက္ခရာတဆယ့်နှစ်ပါးကို ယူလာ၍ ဆရာတော်ကြီး တောထွက်လာခြင်းသည် နေက္ခမ္မပါရမီဖြစ်၏။

(ဥက္ကဋ္ဌအားဖြင့် ပရိက္ခာရာရှစ်ပါး၊ မဇ္ဈိမအားဖြင့် ယင်းရှစ်ပါးနှင့် တောင်ဝှေး၊ ဆီကျည်တောက်ဖြစ်လျှင် ပရိက္ခာရာဆယ်ပါး၊ ဩမကအားဖြင့် ယင်းဆယ်ပါးနှင့် ထီး၊ ဖိနပ်ဖြစ်လျှင် ပရိက္ခာရာ ဆယ့်နှစ်ပါးဟု အဘိဓာန်ဋီကာ စတုဒ္ဒဏ္ဍဝဂ်၌ အဆိုရှိ၏။) မြို့ကျောင်း ရွာကျောင်း၌ နေရခြင်းသည် တပည့်ဒကာ-ဒကာမတို့ ရောပြွမ်းနေ၍ အနှောင့်အယှက်ပလိဗောဓဖြစ်ရ၏။ တော၌ တပါးတည်း နေရခြင်းသည် အနှောင့်အယှက်မရှိ အေးချမ်းစွာ နေရ၏ဟူ၍ သိစွမ်းနိုင်သော ဉာဏ်သည် ပညာပါရမီ ဖြစ်၏။ တောအရပ်၌ တပါးတည်းနေထိုင်ရန်အားထုတ်ခြင်းသည် ဝီရိယပါရမီဖြစ်၏။ တောအရပ်၌ တဏှာရာဂလောဘစသည် မဖြစ်ရန် သည်းခံနိုင်ခြင်း၊ အချမ်းအပူ စသည်ကို သည်းခံနိုင်ခြင်းသည် ခန္တီပါရမီဖြစ်၏။ တောထွက်နေမည်ဟု ဝန်ခံထားသည့်အား လျော်စွာ ကျင့်ခြင်းသည် သစ္စာပါရမီဖြစ်၏။ တောထွက် နေလိုသောစိတ်ဆန္ဒ၏ မရွေ့မရှား ခိုင်ခံ့တည်တံ့ခြင်းသည် အဓိဋ္ဌာန်ပါရမီဖြစ်၏။ တောထွက်နေယင်း သတ္တဝါများ ကျန်းမာချမ်းသာပါစေဟူသော အလိုဆန္ဒသည် မေတ္တာပါရမီဖြစ်၏။ တောထဲ၌ တပါးတည်း နေရခြင်းကြောင့် စိတ်ညစ်ညူးမှု၊ စိတ်ဆင်းရဲမှုမရှိခြင်းသည် ဥပေက္ခာပါရမီဖြစ်၏။

## ၄၆။ ပညာပါရမီနှင့် စပ်ဆိုင်ရာများ

ဘုရားလောင်းသည် ပညာပါရမီဖြည့်ရာ၌ အပိုင်းအခြား ရှိပါသလော၊ အထူးအားဖြင့် ဘယ်အခါ၌ ပညာပရမတ္ထပါရမီဖြစ်ပါသနည်း။

ဘုရားလောင်းသည် ပညာပါရမီဖြည့်ရာ၌ ကာလအပိုင်းအခြားမရှိပါ။ ခဲ့၍ ပြဦးအံ့။ ပါရမီ တို့ကို ဖြည့်ကျင့်သောဘုရားလောင်း၏ ဝိဓူရပညာရှိ၊ မဟာဂေါဝိန္ဒပညာရှိ၊ ကုဒါလပညာရှိ၊ အရကပညာရှိ၊ ဇောဓိပရိဗိုဇ်၊ မဟောသဓပညာရှိများဖြစ်သောအခါ၌ ပညာပါရမီကိုဖြည့်သောကိုယ်အတ္တဘောတို့၏ အပိုင်းအခြားမရှိခဲ့ပေ။ စင်စစ် အထူးအားဖြင့် သတ္တုဘသ္တဇာတ်၌ ဘုရားလောင်း၏ သေနကပညာရှိဖြစ်သောအခါ၌ ပညာဖြင့် စူးစမ်းဆင်ခြင်သော ငါသည် ငိုကြွေးနေသောပုဏ္ဏားအိုကို ငိုကြွေးခြင်း ဆင်းရဲမှ လွတ်စေပြီး ဤသို့ အိတ်အတွင်း၌ ရှိသောမြွေကို ပြသော သေနကပညာရှိ၏ ပညာပါရမီသည် ပရမတ္ထပါရမီမည်၏။

## ဘုရားလောင်း သေနကပညာရှိသည် အိတ်တွင်း၌ရှိသော မြွေကို ပြရာ၌ ပါရမီဆယ်ပါးဖြစ်ပုံ

ဘုရားလောင်း သေနကပညာရှိ၏ ပုဏ္ဏားအိုကြီးနှင့် သူ၏ဇနီးမယားငယ်လေး၏အသက်ကို ကယ်ဆယ်ပေးလိုက်ခြင်းသည် ဇီဝိတဒါနပါရမီဖြစ်၏။ ဆင်းရဲဒုက္ခရောက်နေသော သူတပါးအား ဆင်းရဲဒုက္ခကို ကယ်တင်လိုသော အလေ့အထသဘောသည် သီလပါရမီဖြစ်၏။ ကယ်တင်ပေးခံရသော ပုဏ္ဏားအိုကြီးထံမှ ကယ်တင်ခ ဝတ္ထုပစ္စည်းကို လိုချင်တပ်မက်သော တဏှာရာဂလောဘမှ လွတ်မြောက်ခြင်းသည် နေက္ခမ္မပါရမီဖြစ်၏။ ပုဏ္ဏားအိုကြီး၏ အိတ်တွင်း၌ မြွေဆိုးရှိသည်ဟု ကောန်သိစွမ်းနိုင်သော ဉာဏ်သည် ပညာပါရမီဖြစ်၏။ ပုဏ္ဏားအိုကြီး၏ အိတ်အတွင်း၌

သတ္တဝါတကောင်ရှိရမည်ဟု ကြံစည်အားထုတ်ခြင်းသည် ဝီရိယပါရမီဖြစ်၏။ ပညာဖြင့် ပုဏ္ဏားအိုကြီး၏ အိတ်အတွင်းမှ မြွေကို ဖော်ထုတ်၍ ပုဏ္ဏားအိုကြီးနှင့် ဇနီးမယားချောလေး၏ အသက်ကို ကယ်လိုက်ရပေပြီဟု နှစ်သက်နေခြင်းသည် ခန္တီပါရမီဖြစ်၏။ (ခန္တီသဒ္ဒါသည် သည်းခံခြင်းအနက်ကိုသာ ဟောသည်မဟုတ်၊ နှစ်သက်ခြင်း အနက်ကိုလည်း ဟောနိုင်ပါသည်။) ပုဏ္ဏားအိုကြီးနှင့် ဇနီးမယားချောလေး၏ အသက်ကို ငါကယ်တင်မည်ဟု ဝန်ခံထားသည့်အားလျော်စွာ ကျင့်ခြင်းသည် သစ္စာပါရမီဖြစ်၏။ ထိုဇနီးမောင်နှံ၏ အသက်ကို ကယ်တင်လိုသောစိတ်၏ မရွေ့မရှား ခိုင်ခံ့ တည်တံ့ခြင်းသည် အဓိဋ္ဌာန်ပါရမီ ဖြစ်၏။ ထိုပုဏ္ဏားဇနီးမောင်နှံ အသက် အန္တရာယ်မှ ကင်းလွတ်စေလိုသော စိတ်သည် မေတ္တာပါရမီ ဖြစ်၏။ ငါက သူတို့နှစ်ယောက် အသက်ကို ကယ်တင်ပါလျက် ကယ်တင်ခ ငါ့ကို ပုဏ္ဏားကြီး မပေးဘူးဟူ၍ ပုဏ္ဏားအိုကြီး၌ စိတ်ကွက်မှတ်သားမှု မရှိခြင်း၊ ပုဏ္ဏားအိုကြီးက သူအလှူခံရလာသောငွေကို ပေးသော်လည်း မယူခြင်းသည် ဥပေက္ခာပါရမီ ဖြစ်၏။

## သတ္တုဘသ္တဇာတ်ဝတ္ထု အကျဉ်းချုပ်

ဇနီးမယားချောလေးက သူနှင့်ရွယ်တူ သယောက်လင် ပုဏ္ဏားလေးနှင့် ပျော်ပါးလို၍ လင်ပုဏ္ဏားအိုကြီးကို အရပ်တပါးသို့ ငွေအလှူခံသွားရန် လွှတ်လိုက်၏။ ပုဏ္ဏားအိုကြီးသည် အလှူခံရလာသော ငွေ ၇ဝဝ-နှင့် မုန့်ဆုပ်ထည့်သော လွယ်အိတ်ကို ထမ်းပိုးလျှိုထမ်း၍ ဇနီးချောလေးရှိရာအိမ်သို့ ပြန်

လာ၏။ လမ်းတွင် ရေနီးရာသစ်ပင်ကြီးအောက်၌ လွယ်အိတ်ကို ဖြေ၍ မုန့်စားပြီးလျှင် လွယ်အိတ်ကို မပိတ်မိပဲ ခံတွင်းနှင့် လက်ဆေးကျောရန် ရေရှိရာသို့သွားလျက် ဆေးကျောနေလေ၏။ သစ်ပင်ပေါ်မှ မုန့်နံ့ရသောမြွေတကောင်သည် သစ်ပင်မှ ဆင်းလာပြီးလျှင် လွယ်အိတ်တွင်းဝင်၍ မုန့်စားလျက်နေ၏။ ပုဏ္ဏားကြီးသည် ဆေးကျောပြီး၍ ပြန်လာလျှက် လွတ်အိတ်ကို သေချာစွာ မကြည့်ပဲ ထုတ်၍ ထမ်းပိုးလျှိထမ်း ပြန်လာ၏။

လမ်းတွင် သစ်ပင်ကြီးတပင်သို့ ရောက်ပြန်လျှင် ရုက္ခစိုးနတ်ကြီးက ကိုယ်ထင်ရှားပြလျက် အို- ပုဏ္ဏားအိုကြီး၊ အိမ်ရောက်၍ လွယ်အိတ်ကို သင်ဖွင့်လျှင် သင်သေလိမ့်မည်၊ သင်၏မယား ဖွင့်လျှင် သင့်မယား သေလိမ့်မည်ဟု ပြော၍ ကွယ်ပျောက်သွား၏။ပုဏ္ဏားကြီးသည်လည်း ငိုကြွေးလျက် လာယင်း လူအများနှင့်တကွ တရားဆုံးဖြတ်နေသော သေနကပညာရှိထံ ရောက်လာ၍ သေနက ပညာရှိက အနားခေါ်၍ မေးမြန်းလေ၏။

အို- ပုဏ္ဏားကြီး၊ ဘာ့ကြောင့် ငိုနေရသလဲ။ ရုက္ခစိုးနတ်ကြီးက အိမ်ရောက်၍ လွယ်အိတ်ကို သင်ဖြေလျှင် သင်သေလိမ့်မည်၊ သင့်မယားဖြေလျှင် မယားသေလိမ့်မည်ဟုပြောလိုက်၍ မိမိသေမှာလည်း ကြောက်၊ မယားသေမှာလည်း စိုးရိမ်သောကြောင့် ငိုပါသည်။ လမ်း၌ ဘာများလုပ်ခဲ့သေးသလဲ။ သစ်ပင်ကြီးအောက်၌ လွယ်အိတ်ကိုဖြေလျက် မုန့်စားပြီးလျှင် ဆေးကျောရန် ရေကန်သို့သွားပါသည်။ လွယ်အိတ်ကို ထုတ်၍သွားသလား။ မထုတ်ပဲ သွားပါသည်။ ရေကန်မှပြန်လာ၍ လွယ်အိတ်ထဲကို ကြည့်ပြီးမှ ထုတ်ပါသလား။ မကြည့်မူ၍ ထုတ်ပါသည်။

ဤသို့ဖြေဆိုသောအခါ၌ သေနက ပညာရှိသည် ပုဏ္ဏားကြီး ရေကန်သွားနေခိုက် သစ်ပင်ကြီးမှ မြွေတကောင် ဆင်းလာ၍ လွယ်အိတ်ထဲဝင်လျက် မုန့်စားနေသည်ဟု လူမိုက် ပြေးကြည့်၊ လူလိမ္မာ တွေးသိဆိုသကဲ့သို့ လွယ်အိတ်ထဲ၌ မြွေဝင်နေမှန်း သိလေ၏။ လုဘယောက်ကို တုတ်တချောင်းယူစေ၍ ထိုးကြည့်စေသောအခါ လွယ်အိတ်ထဲမှ မြွေကြီးထွက်လာ၏။ ဇာတ်ပေါင်းရာ၌ သေနကပညာရှိသည် ဘုရား၊ ပုဏ္ဏားအိုကြီးသည် အာနန္ဒာ ဖြစ်လာ၏။

မှတ်ချက်။ ။အချို့သောကျမ်းဂန်တတ် ဆရာတော်ကြီးများသည် ပါရမီဆယ်ပါးတို့တွင် ပညာပါရမီ ဖြည့်ရန် အခက်အခဲဆုံး ဖြစ်သည်ဟူ၍ ဤသတ္တဘသ္တဇာတ်ကို ထောက်ထား၍ ပြောဆိုကြပါသည်။

## ယခုကာလ စာချပုဂ္ဂိုလ်များ စာပေပို့ချရာ၌ ပါရမီဆယ်ပါး ဖြစ်နိုင်ပုံ

ယခုကာလ၌ အချို့သောစာချပုဂ္ဂိုလ်သည် ကျော်ကြားမှု၊ ဘုန်းကံကြီးမားမှု၊ လာဘ်ပေါများမှုကိုမငဲ့ကွက်မူ၍ မိမိတတ်သိသလို စာသင်သားချား တတ်သိပါစေဟူသော ရည်ရွယ်ချက်ဖြင့် စာပေချပို့ခြင်းသည် ဒါနပါရမီဖြစ်၏။ (ကျော်ကြားမှု၊ ဘုန်းကံကြီးမားမှု၊ လာဘ်ပေါများမှုကို ရည်ရွယ်၍ စာပေပို့ချခြင်းသည် ဒါနပါရမီ မဖြစ်။ အလဂဒ္ဒူပမာ စာပေပို့ချခြင်း

သာ ဖြစ်၏။ အလင်္ကာဒ္ဒါပမာ စာပေချုပ်နေခြင်းထက် မချုပ်ပဲ အိပ်နေခြင်းက မြတ်သေးသည်ဟူ၍ အင်္ဂုတ္တိုရ်အဋ္ဌကထာ၊ သာရတ္ထဒီပနီဋီကာများ၌ တိုက်ရိုက်ဆိုထားပါသည်။ စာပေပို့ချနေပါလျက် သေလွန်လျှင် ငရဲကျမည်ဟု ဆိုလို၏။) စာပေချုပ်ခြင်းသည် မိမိ၏ ဆရာအဆက်ဆက်တို့၏ အလေ့အကျင့်ပေတည်းဟု နှလုံးသွင်းလျက် စာပေချုပ်ခြင်းသည် သီလပါရမီဖြစ်၏။ စာပေချုပ်နေစဉ် အခိုက်၌ တဏှာရာဂဒေါသစသည်တို့မှ လွတ်ကင်းထွက်မြောက်ခြင်းသည် နေက္ခမ္မပါရမီဖြစ်၏။ (လာဘ်လာဘကို ငဲ့ကွက်သော တဏှာရာဂဖြင့် စာချုပ်ခြင်း၊ ဟိုပုတ်ခတ် သည်ပုတ်ခတ်လျက် စာချုပ်ခြင်း၊ ငေါက်ငမ်း ဆဲဆိုကြုံမ်းမောင်းရိုက်နှက်၍ စာပေချုပ်ခြင်းများသည် တဏှာရာဂဒေါသတို့မှ မထွက်မြောက်ခြင်းကြောင့် နေက္ခမ္မပါရမီ မဖြစ်နိုင်။) စာပေချုပ်ခြင်းငှာ စွမ်းနိုင်သော အသိဉာဏ်သည် ပညာပါရမီဖြစ်၏။ ကျန်းမာနေ့သရွေ့၊ နေ့ရှိသရွေ့ စာပေပို့ချနေမည်ဟူသော ဇွဲလုံ့လသည် ဝီရိယပါရမီမည်၏။ စာပေချုပ်နေဆဲ အခါ၌ ငတ်မွတ်ဆာလောင်ခြင်း၊ ညောင်းညာပင်ပန်းခြင်း၊ ကြမ်းပိုး ခြင်ကိုက်ခြင်းစသည်များကို သည်းခံခြင်းသည် ခန္တီပါရမီဖြစ်၏။ ကျန်းမာနေသမျှ စာပေချုပ်နေမည်ဟု ဝန်ခံထားသည့်အတိုင်း ကျင့်ခြင်းသည် သစ္စာပါရမီဖြစ်၏။ စာပေချုပ်နေမည်ဟူသော စိတ်၏ မရွေ့မရှား ခိုင်ခံ့တည်တံ့ခြင်းသည် အဓိဋ္ဌာန်ပါရမီဖြစ်၏။ စာသင်သားများ တတ်သိလိမ္မာကြပါစေ၊ ကျန်းမာချမ်းသာကြပါစေဟူသော စိတ်သည် မေတ္တာပါရမီဖြစ်၏။ ငါကတော့ ပင်ပန်းခံ၍ စာပြောနေရ

သည်။ သူတို့ကတော့ စာအဓိပ္ပာယ်ကို ကောင်းကောင်း မနာခံ ယူကြဘူး၊ အိပ်နေကြသည်၊ တတူးတူး စကားပြောနေကြ သည်ဟူ၍ စာသင်သားတို့အပေါ်၌ စိတ်မကွက်ခြင်းသည် ဥပေက္ခာပါရမီဖြစ်၏။

## ယခုကာလ စာသင်သားများ စာသင်ရာ၌ ပါရမီဆယ်ပါးဖြစ်ပုံ

ယခုကာလ၌ အချို့သော စာသင်သားသည် ဝင်္ဋဆင်းရဲမှ ထွက်မြောက်လို၍ စာတတ်လာလျှင် သူတပါးကို စာသင်ပေး မည်ဟူ၍ ကောင်းသောရည်ရွယ်ချက်ဖြင့် စာပေသင်ကြားခြင်း သည် ဒါနပါရမီဖြစ်၏။

(ကျော်ကြားလိုမှု၊ ပန်းဥစ္စာရလိုမှု၊ စာမေးပွဲ၊ အောင်လိုမှု၊ ပဓာနကျော်ဖြစ်လိုမှု၊ ပါရဂူဖြစ်လိုမှု၊ တိပိဋကဓရ ဖြစ်လိုမှုဖြင့် စာသင်ခြင်းသည် ပညာပါရမီ မဖြစ်။ အထက်ပါအတိုင်း စာ သင်နေခြင်းထက် စာမသင်ပဲ အိပ်နေခြင်းသည် မြတ်သေးသည် ဟူ၍ အင်္ဂုတ္တိုရ်အဋ္ဌကထာ၊ သာရတ္ထဒီပနီဋီကာများ၌ တိုက်ရိုက် ဆိုထား၏။ အထက်ပါအတိုင်း ရည်ရွယ်ချက်ဖြင့် စာသင်ရာ၌ အက္ခရာတလုံးရွတ်ဖတ်လျှင် အကုသိုလ်တကြိမ်ဖြစ်၏။ အက္ခရာ ဆယ်လုံး၊ တရာ၊ တထောင်၊ တသောင်း၊ တသိန်း၊ တသန်းတကုဋေ ရွတ်ဖတ်လျှင် အကုသိုလ်ပေါင်း တဆယ်၊ တရာ၊ တထောင်၊ တ သိန်း၊ တသန်း၊ တကုဋေဖြစ်၏။ အက္ခရာလုံးရေ ကုဋေပေါင်းများ

စွာ ရှုတ်ဖတ်လျှင် အကုသိုလ် ကုဋေပေါင်းများစွာ ဖြစ်၏ဟူ၍ မဏိဒီပဋီကာ၌ တိုက်ရိုက်ဆိုထား၏။

စာသင်ခြင်းသည် စာမတတ်သေးသောသူတို့၏ အလေ့အကျင့်ဖြစ်သည်ဟူသော ရည်ရွယ်ချက်ဖြင့် စာသင်ခြင်းသည် သီလပါရမီဖြစ်၏။ စာသင်နေဆဲအခါ၌ လောဘ ဒေါသ မောဟ ဣဿာ မစ္ဆရိယ မက္ခ ပလာသစသော အကုသိုလ်တရားတို့မှ လွတ်ကင်း ထွက်မြောက်ခြင်းသည် နေက္ခမ္မပါရမီဖြစ်၏။ စာပေသင်ကြား၍ အနက်အဓိပ္ပာယ်ကို သိစွမ်းနိုင်သော ဉာဏ်သည် ပညာပါရမီဖြစ်၏။ စာမတတ်တတ်အောင် သင်ကြားသော ဇွဲလုံ့လသည် ဝီရိယပါရမီဖြစ်၏။ စာပေသင်ကြားနေစဉ်အခါ၌ ငတ်မွတ်ဆာလောင်ခြင်း ညောင်းညာပင်ပန်းခြင်း၊ အအိပ်အနေအထိုင်ပျက်ခြင်းတို့ကို သည်းခံခြင်းသည် ခန္တီပါရမီဖြစ်၏။ စာတတ်အောင် သင်မည်ဟူသော ပဋိညာဉ်ထားသည့်အားလျော်စွာ ကျင့်ခြင်းသည် သစ္စာပါရမီဖြစ်၏။ စာတတ်မြောက်အောင် သင်ကြား လိုသောစိတ်၏ မရွေ့မရှား ခိုင်ခံ့တည်တံ့ခြင်းသည် အဓိဋ္ဌာန်ပါရမီဖြစ်၏။ ငါစာသင်တတ်မြောက်သလို သူတပါးတို့ စာသင်တတ်မြောက်ကြပါစေ ဟူသောစိတ်သည် မေတ္တာပါရမီ ဖြစ်၏။ စာသင်နေသောအခါ၌ လှူဒါန်းသူမရှိ၍ ကောင်းကောင်းမစားရ မဝတ်ရဘူး၊ ညောင်းတယ် ညာတယ် ဟူ၍ စိတ်မညည်းညူခြင်း၊ စိတ်မပျက်ခြင်း၊ စိတ်မဆင်းရဲခြင်းသည် ဥပေက္ခာပါရမီဖြစ်၏။

## ၄၇။ ဝီရိယပါရမီနှင့် စပ်ဆိုင်ရာများ

ဘုရားလောင်းသည် ဝီရိယပါရမီဖြည့်ရာ၌ အပိုင်းအခြားရှိပါသလော၊ ဘယ်အခါ၌ ဝီရိယပရမတ္ထ ပါရမီဖြစ်ပါသနည်း။

ဘုရားလောင်းသည် ဝီရိယ ပါရမီ ဖြည့်ရာ၌ ကာလ အပိုင်းအခြားမရှိပါ။ ချဲ့၍ပြဦးအံ့။ ဝီရိယ ပါရမီကို ဖြည့်ကျင့်သော ဘုရားလောင်း၏ ပါရမီကို ဖြည့်ကျင့်သော ကိုယ်အတ္တဘောတို့၏ အပိုင်းအခြားမရှိခဲ့ပေ။ စင်စစ် အထူးအားဖြင့် မဟာဇနကမင်းသား ဖြစ်သောအခါ၌ သင်္ဘောသား ခုနစ်ရာတို့နှင့် တကွ သမုဒ္ဒရာသို့သင်္ဘောဖြင့် ငါကူးသွားဖူးပြီ။ ကွဲပျက်သော သင်္ဘော၌ ရှိကုန်သော လူခုနစ်ရာတို့ကို သမုဒ္ဒရာကမ်းတဘက်ကို မမြင်ကုန်၍ သမုဒ္ဒရာရေလယ်၌ လိပ် ငါးမကန်းဖမ်းစား သတ်ညှစ်အပ်ကုန်ပြီ။ ခုနစ်ရက်ပတ်လုံး သမုဒ္ဒရာကို လက်ပစ်ကူးသော ငါ့စိတ်၏ အားထုတ်ခြင်းမှတပါး တွန့်တိုဆုတ်နစ်ခြင်း မရှိခဲ့ပေ။ ဤသို့ သမုဒ္ဒရာကို လက်ပစ်ကူးသော ဇနကမင်းသား၏ လုံ့လဝီရိယပါရမီသည် ပရမတ္ထပါရမီဖြစ်၏။ (ၿငိး ၆၇)။

### ဘုရားလောင်း ဇနကမင်းသားသည် သမုဒ္ဒရာကို လက်ပစ်ကူးရာ၌ ပါရမီဆယ်ပါးဖြစ်ပုံ

ဘုရားလောင်း ဇနကမင်းသား၏ သမုဒ္ဒရာကို ကူးရာ၌ သေချင်သေပေစေ တဘက်ကမ်းရောက်အောင် ကူးမည်ဟူသော ဇွဲနပဲ

ဖြင့် အသက်ကိုစွန့်ခြင်းသည် ဒါနပါရမီဖြစ်၏။ ခုနစ်ရက်ပတ်လုံး ကူးနေယင်း ဥပုသ် စောင့်သုံးခြင်းသည် သီလပါရမီဖြစ်၏။ စောင့်သုံးသော ဥပုသ်သီလ ပျက်စီးခြင်း အကြောင်း ဖြစ်ကုန်သော ဒုစရိုက်အကုသိုလ်တို့မှ လွတ်ကင်း ထွက်မြောက်ခြင်းသည် နေက္ခမ္မပါရမီဖြစ်၏။ ကမ်းတဘက်သို့ရောက်လျှင် အကျိုးစီးပွား ဖြစ်ရန်ပြုလုပ်မည်ဟု ရေကူးယင်း ကြံစည်သောဉာဏ်သည် ပညာပါရမီဖြစ်၏။ တဘက်ကမ်းသို့မရောက် ရောက်အောင် အားထုတ်၍ ကူးခြင်းသည် ဝီရိယပါရမီဖြစ်၏။ ရေကူးနေစဉ် အချို့သော ပိုးမွှားငယ်တို့၏ ကိုက်ခဲခြင်း၊ ဆာလောင်မွတ်သိပ်ခြင်း၊ ချမ်းအေးခြင်းတို့ကို သည်းခံခြင်းသည် ခန္တီပါရမီဖြစ်၏။ တဘက်ကမ်းရောက်အောင် ကူးမည်ဟု ဝန်ခံထားသည့်အား လျော်စွာ ကျင့်ခြင်းသည် သစ္စာပါရမီဖြစ်၏။ တဘက်ကမ်းရောက်အောင် ကူးမည်ဟု ဆုံးဖြတ်ထားသောစိတ်၏မရွေ့မရှား ခိုင်ခံ့တည်တံ့ခြင်းသည် အဓိဋ္ဌာန်ပါရမီဖြစ်၏။ သမုဒ္ဒရာထဲ၌ ငါဒုက္ခရောက်နေသလို သူတပါးဒုက္ခမရောက်ပါစေလင့်ဟု ဖြစ်သောစိတ်သည် မေတ္တာပါရမီဖြစ်၏။ ရေကူးနေစဉ် ဖြစ်နေသော ဝီရိယလွန်ကဲသောစိတ်၏ တုန့်ဆုတ်မှုမရှိခြင်းသည် ဥပေက္ခာပါရမီဖြစ်၏။

## ယခုကာလ ကိုယ်တိုင်ပြုလုပ်သော ကျောင်းဒကာများ ကျောင်းဆောက်ရာ၌ ပါရမီ ဆယ်ပါးဖြစ်ပုံ

ယခုကာလ ကျောင်းဒကာသည် ကျောင်းဆောက်ရန် ပစ္စည်းဥစ္စာကို စွန့်လွှတ်ခြင်းသည် ဒါနပါရမီဖြစ်၏။ ကျောင်းဆောက်လှူဒါန်းခြင်းသည် ငါ့မိဘ ဘိုးဘွားတို့၏ အလေ့အကျင့်

ဖြစ်သည်ဟု နှလုံးထား၍ ကျောင်းဆောက်ခြင်းသည် သီလ ပါရမီဖြစ်၏။ ကျောင်းဆောက် လှူဒါန်း၍ ကုန်ကျသော ဝတ္ထုပစ္စည်းတို့၌ တွယ်တာငြိကပ်သော တဏှာလောဘမှ ထွက်မြောက်ခြင်းသည် နေက္ခမ္မပါရမီဖြစ်၏။ တင့်တယ် လှပ အောင် ကြည့်ရှုကောင်းအောင် ကျောင်းဆောက်ပုံကို သိစွမ်းနိုင်သော ဉာဏ်သည် ပညာပါရမီဖြစ်၏။ ကျောင်းမြန်မြန်ပြီးစီးအောင် အားထုတ်ခြင်းသည် ဝီရိယပါရမီ ဖြစ်၏။ ကျောင်းဆောက်နေစဉ်အခါ၌ အပူဒဏ်၊ အအေးဒဏ်၊ မတော်တဆထိခိုက်သော ဒဏ်ရာဒဏ်ချက်တို့ကို သည်းခံခြင်းသည် ခန္တီပါရမီဖြစ်၏။ ကျောင်းပြီးအောင် ဆောက်မည်ဟု ဝန်ခံထားသည့်အား လျော်စွာ ကျင့်ခြင်းသည် သစ္စာပါရမီ ဖြစ်၏။ ကျောင်းပြီးစီးအောင် ဆောက်လိုသော စိတ်၏ မရွေ့မရှား ခိုင်ခံ့တည်တံ့ခြင်းသည် အဓိဋ္ဌာန်ပါရမီ ဖြစ်၏။ ကျောင်းပြီးသောအခါ ကျောင်းထဲ၌ နေထိုင်ကြသော ရဟန်းသာမဏေများ ကျန်းမာချမ်းသာပါစေဟူသောစိတ်သည် မေတ္တာပါရမီ ဖြစ်၏။ ကျောင်းဆောက်သည့်အတွက်ကြောင့် ငွေကုန်ကြေးကျများသော်လည်း စိတ်တွန့်တိုဆုတ်နစ်မရှိခြင်းသည် ဥပေက္ခာပါရမီဖြစ်၏။

## ၄၈။ ခန္တီပါရမီနှင့် စပ်ဆိုင်ရာများ

ဘုရားလောင်းသည် ခန္တီပါရမီဖြည့်ရာ၌ အပိုင်းအခြားရှိပါသလော၊ ဘယ်အခါ၌ ခန္တီပရမတ္ထပါရမီ ဖြစ်ပါသနည်း။

ဘုရားလောင်းသည် ခန္တီပါရမီ ဖြည့်ရာ၌ ကာလ အပိုင်း အခြားမရှိပါ။ ချဲ့၍ပြဦးအံ့။ ခန္တီပါရမီကို ဖြည့်ကျင့်သော ဘုရားလောင်း၏ပါရမီကို ဖြည့်ကျင့်သော ကိုယ်အတ္တဘောတို့၏ အပိုင်းအခြားမရှိပေ။ စင်စစ် အထူးအားဖြင့် ခန္တီဝါဒီရသေ့ ဖြစ်သောအခါ၌ စိတ်မရှိသော ထင်းတုံးကို ခုတ်ဖြတ်သကဲ့သို့ ငါ့ကို ထက်စွာသော ပုဆိန်ဖြင့် သူသတ် ယောကျ်ားတို့ကို ခုတ် ဖြတ်စေသော ကလာဗုမင်းအား ငါအမျက်မထွက်ခဲ့ပါ။ ဤသို့ စိတ်မရှိသည့်အဖြစ်ဖြင့် သည်းခံသကဲ့သို့ ကြီးစွာသောဆင်းရဲကို သည်းခံသော ဘုရားလောင်း၏ ခန္တီပါရမီသည် ပရမတ္ထပါရမီ မည်၏။ (ဎင်း ၆၇)

## ဘုရားလောင်း ခန္တီဝါဒီရသေ့သည် ကလာဗုမင်းနှိပ်စက်ရာ၌ ပါရမီဆယ်ပါးဖြစ်ပုံ

ဘုရားလောင်း ခန္တီဝါဒီရသေ့သည် ကလာဗုမင်းသတ်ဖြတ်၍ အသက်ကို စွန့်ခြင်းသည် ဒါနပါရမီဖြစ်၏။ မိမိကို အသတ် ခိုင်းသော ကလာဗုမင်းကို ကြမ်းတမ်းရိုင်းပြစွာ မပြောမဆိုခြင်း သည် သီလပါရမီဖြစ်၏။ မိမိကို ခုတ်ဖြတ်နေသော်လည်း ခုတ် ဖြတ်ခိုင်းသော ကလာဗုမင်းကို အမျက်ထွက်ခြင်း၊ စိတ်ဆိုးခြင်း၊ ဒေါသမှ လွတ်ကင်းထွက်မြောက်ခြင်းသည် နေက္ခမ္မပါရမီဖြစ်၏။ ခုတ်ဖြတ်ခိုင်းသော ကလာဗုမင်းကို အမျက်ထွက်ခြင်း၊ စိတ်ဆိုး ခြင်းကြောင့် ငါ၌ တစုံတခုသော ကောင်းကျိုးကား မရှိ။ အကု သိုလ်သာဖြစ်မည်ဟု သိစွမ်းနိုင်သောဉာဏ်သည် ပညာပါရမီဖြစ်

၏။ ခုတ်ဖြတ်ချင်သလို ခုတ်ဖြတ်ပါစေ၊ ငါကြိတ်မှိတ်ခံနေမည်ဟု စိတ်တင်းတင်းထားရန် အားထုတ်ခြင်းသည် ဝီရိယပါရမီ ဖြစ်၏။ ခြေဖျားလက်ဖျားမှစ၍ ခုတ်ဖြတ်သမျှကို သည်းခံခြင်းသည် ခန္တီပါရမီဖြစ်၏။ ကလာဗုမင်း၌ သည်းခံမည်ဟု ဝန်ခံထားသည့်အား လျော်စွာကျင့်ခြင်းသည် သစ္စာပါရမီဖြစ်၏။ သည်းခံမည်ဟူသော စိတ်၏ မရွေ့မရှား ခိုင်ခံ့ တည်တံ့ ခြင်းသည် အဓိဋ္ဌာန်ပါရမီ ဖြစ်၏။ ခုတ်ဖြတ်ခိုင်းသော ကလာဗုမင်းကြီး သက်တော်ရှည်ပါစေ ကျန်းမာပါစေ၊ ဘုန်းတော်တိုး၍ ရွှေမိုး ငွေမိုးရွာပါစေဟူ၍ ဖြစ်သောစိတ်သည် မေတ္တာပါရမီ ဖြစ်၏။ စေခိုင်း၍ သူသတ်ယောကျ်ားတို့၏ မိမိ၏ ခြေလက်စသည်တို့ကို ခုတ်ဖြတ်သော်လည်း စေခိုင်းသော ကလာဗုမင်း၌ အမျက်မထွက်ခြင်း၊ စိတ်မဆိုး စိတ်မကွက်ခြင်းသည် ဥပေက္ခာ ပါရမီ ဖြစ်၏။

ဥတ္တမပုရိသဒီပနီ၌ ချောက်ထဲကျနေသောပုဏ္ဏားကို ကယ်တင်သောမျောက်မင်းဝတ္ထုကိုထုတ်၍ ပါရမီဆယ်ပါးဖြစ်ပုံကို ဆိုထားပါသည်။ ဆိုပုံကား အောက်ပါအတိုင်းပင် ဖြစ်၏။

အလောင်းတော် မျောက်မင်းသည် အသူတရာ နက်သော ချောက်၌ကျနေသောပုဏ္ဏားကို ကျောက်ကုန်း၌ ထား၍ ကုန်းပေါ်သို့ တင်ပြီးနောက် မောပန်းလှ၍ ပုဏ္ဏားပေါင်ပေါ်၌ ခေါင်းထား၍ တရေးအိပ်ပျော်လေ၏။

ပုဏ္ဏားသည် တောမျောက်သားဖြင့် မယားကို မျက်နှာပြရန် ကြီးစွာသောကျောက်ဖြင့် တချက်တည်း အပြီးထုလေ၏။

ဦးခေါင်းမှ သွေးအရည်တို့သည် လေးမျက်နှာ တို့၌ ဖြာဖြာ ပန်း၍ ထွက်လေကုန်၏။ မျောက်မင်း၏ ကိုယ် အားလုံးသည် သွေးအတိ လိမ်းကျံနေ၏။ ထိုအခါ ပုဏ္ဏားမှ အတန်ငယ်ခွာ၍ ပုဏ္ဏားကို ကြည့်ပြီးလျှင် ဤလောကမှာ ဤကဲ့သို့သောသူများရှိ ပေသေးသည်တကား ဟု အံ့ဩသော စကားကို ဆိုတော်မူ၍ ထိုပုဏ္ဏားကို ရပ်ရွာသို့ ချမ်းသာစွာရောက်အောင် ပို့ဆောင်သော အခွင့်ကိုသာ အားထုတ်တော်မူ၏။

ထိုအခါ ဤအရပ်သည် ခြသေ့်၊ သစ်ကျား၊ သားရဲအလွန် ထူထပ်သည်၊ ကြာမြင့်၍မလျော်၊ သင့်ရွာသို့ရောက်အောင် ငါပို့ ဆောင်မည်၊ ငါသည် သစ်ပင်တပင်မှ တပင်သို့ ကူးသွားမည်၊ ငါ့ဦးခေါင်းမှ ကျလာသော သွေးကြောင်းသွေးစက်ကို လမ်း ပြု၍လိုက်ခဲ့လော့ဟုဆို၍ ပို့ဆောင်လေသည်။

ဤဝတ္ထု၌ ချောက်၌ ကျနေသောပုဏ္ဏားကို မြင်သောအခါ မိမိ၏သားငယ် ကျ၍နေသည်ကို မြင်သကဲ့သို့ ပုဏ္ဏား၏အကျိုးကို တောင့်တလိုလားခြင်း အားကြီးစွာဖြစ်၍လာသော စိတ္တုပ္ပါဒ်စု ကား မေတ္တာပါရမီတည်း။ အသူတရာ နက်သော ချောက်မှ ကမ်းပေါ်သို့ ချောမောစွာ ရောက်နိုင်ရာသော အကြောင်းကို ရှာကြံသော စိတ္တုပ္ပာဒ်စုကား ပညာပါရမီတည်း။ ရှာကြံ၍ သိမြင်သည့်အတိုင်း သက်စွန့်ကြိုးပမ်း အားထုတ်သော ကိုယ်အမှု ကား ဝီရိယပါရမီတည်း။ ဦးခေါင်းကို ကြီးစွာသော ကျောက် နှင့်ထုရာ အရေထူအရေပါးတို့ စုတ်ပြတ်၍ အရိုးကွဲမျှ ပြင်းထန်လှ သောဒုက္ခဒဏ်ချက်ကြီး ထိပါးသည်ကိုပင် နာသည်ကျင်သည်ဟု

အမှုမထား ညစ်ညူးမှု ညည်းညူမှုမရှိ ပကတိ ကြည်လင်သော စိတ်အတိုင်း နေနိုင်သည်ကား ခန္တီပါရမီတည်း။

(ဤအခါမှာ ခန္တီမရှိခဲ့လျှင် နာကျင်သည့်အတွက် စိတ်ပျက်၍ ကုန်လတ္တံ့။) ဤသို့သူ့အကျိုးကို ဤမျှလောက် အားနန်းခံ၍ ရွက်ဆောင်ဆဲဖြစ်သော ငါ့ကို ဤမျှသော အကျိုးမဲ့ကြီးကို ပြုဘိသည်ဟု ပုဏ္ဏား၌ စိတ်မကွက်သည်ကား ဥပေက္ခာပါရမီ တည်း။

(ဤအခါမှာ ဥပေက္ခာမရှိခဲ့လျှင် ပုဏ္ဏားကို စိတ်ဆိုးသည့် အတွက်နှင့် စိတ်ပျက်၍ ကုန်လတ္တံ့။ စိတ်ပျက်၍ ကုန်မှုဆိုသည်ကား ထိုပုဏ္ဏား၏ ရှေ့အကျိုးကိုလည်း ဆုံးခန်းတိုင်အောင် ဆောင်တော့မည်မဟုတ်၊ နောက်က ဆောင်ခဲ့ပြီးသမျှ ကုသိုလ်စုလည်း အချည်းနှီးဖြစ်၍ ကုန်တော့မည်ဟုဆိုလိုသည်။ အလောင်းတော်သည်မူကား အဇ္ဈတ္တသန္တာန်၌ ခန္တီအခံရှိသည့် အတွက်ကြောင့် ကျင်နာမှု ပင်ပန်းမှုကြောင့်လည်း စိတ်မကွက်၊ ဥပေက္ခာ အခံရှိသည့်အတွက်ကြောင့် ပုဏ္ဏားကို စိတ်ဆိုးမှုနှင့်လည်း စိတ် မပျက်မူ၍ ဦးခေါင်းမှ ထွက်သော သွေးစက် သွေးကြောင်း လမ်းပြ၍ နေရပ်ဌာနသို့ ရောက်အောင် ပို့ဆောင်ပေသည်။)

ဤ၌ အသူတရာနက်သော ချောက်ကြီးဖြစ်၍ အခန့်မတော် လျှင် သေလောက်သော အချက်၌ ပုဏ္ဏား၏ အတွက်နှင့် အသက်ကို စွန့်တော်မူသည်ကား ဒါနပါရမီတည်း။ (ပုဏ္ဏား၏ အသက်ကို ကယ်ဆယ်မှုသည်လည်း ဇီဝိတဒါနပင်။) အသက်

အသေပြုသော ပုဏ္ဏားကို ပြန်လှန်၍ မနှိပ်စက်၊ ကြမ်းကြုတ်သော စကားကိုမျှ မဆိုမမြွက် စောင့်ရှောက်ချက်ကား သီလပါရမီတည်း။ ပုဏ္ဏားကို ကယ်တင်သည့်အတွက်ကြောင့် ကောင်းမှုကုသိုလ်၏ အကျိုးကိုမျှ တောင့်တ သာယာခြင်းမရှိသည်ကား နေက္ခမ္မပါရမီတည်း။ (ဘဝသမ္ပတ္တိ၊ ဘောဂသမ္ပတ္တိဟု ဆိုအပ်သော အကျိုးကို တောင့်တ၍ ပြုသော ကုသိုလ်စုသည် နေက္ခမ္မပါရမီပျက်သော ကုသိုလ်စုတည်း။) ပုဏ္ဏား၏ အကျိုးကို အဆုံးရောက်အောင် ငါဆောင်မည်ဟုစိတ်ပဋိညာဉ်ထားသည့်အတိုင်း ပုဏ္ဏားပြုသော ဒဏ်ချက်နှင့် ဒုက္ခကြီးစွာဖြစ်လျက်ပင် မပျက်မကွက် အဆုံးတိုင်အောင် ဆောင်ရွက်သည်ကား သစ္စာပါရမီတည်း။ ဤပုဏ္ဏား၏ အကျိုးကို အဆုံးတိုင်အောင် ငါဆောင်မည်ဟု ဖြစ်သော စိတ်ပဋိညာဉ် မရွေ့မပြောင်းသည်ကား အဓိဋ္ဌာန်ပါရမီတည်း။ သင့်ကို ငါကယ်တင်မည်ဟု ပုဏ္ဏားအား ပြောကြားသော နှုတ်ပဋိညာဉ်ကို မဖျက်သည်ကား သစ္စာပါရမီတည်း။ ဤသို့လျှင် အလောင်းတော် မျောက်မင်းပြုသော အမှု၌ ပါရမီဆယ်ပါးပြီးသတည်း။

**မှတ်ချက်။** ။ဥတ္တမပုရိသဒီပနီ၌ ပါရမီဆယ်ပါးကို စရိယာပိဋကအဋ္ဌကထာ၌လာသည့်နည်းဖြင့် ဖြစ်စဉ်အတိုင်း ဆိုပါသည်။ ဤပါရမီအလင်းပြကျမ်း၌ကား ဖြစ်စဉ်အတိုင်း မဆိုမူ၍ သိလွယ်ရန် ပါရမီဒေသနာအစဉ်အတိုင်း ဆိုပါသည်။

## ယခုကာလ သူတယောက်၏ နှိပ်စက်ခြင်းခံရသော သူ၌ ပါရမီဆယ်ပါးဖြစ်ပုံ

သူတယောက်၏ နှိပ်စက်ခြင်းခံရသောသူသည် ငါ့အင်္ဂါကြီးငယ် ချွတ်ယွင်းချင် ချွတ်ယွင်းပေစေ၊ နောက်ဆုံး သေချင်သေပေစေ သူ့ကိုပြန်၍ လက်စားမချေအံ့ဟု အသက်ကိုစွန့်သော စိတ်သည် ဒါနပါရမီဖြစ်၏။ နှိပ်စက်သောသူကို ကြမ်းတမ်းစွာ မပြောဆိုခြင်းသည် သီလပါရမီဖြစ်၏။ နှိပ်စက်သောသူကို ပြန်၍ နှိပ်စက်မည်ဟူသော ဒေါသမှ လွတ်ကင်းထွက်မြောက်ခြင်းသည် နေက္ခမ္မပါရမီဖြစ်၏။ ငါ့မှာ ဝဋ်ကြွေးရှိ၍ ခံနေရ၏။ ငါက ပြန်၍ နှိပ်စက်သျှင် ရန်အေးတော့မည်မဟုတ်ဟူ၍ သိစွမ်းနိုင်သောဉာဏ်သည် ပညာပါရမီဖြစ်၏။ သူနှိပ်စက်သမျှ ခံမည်၊ ငါက ပြန်၍ မနှိပ်စက်အံ့ဟူသော စိတ်ဖြစ်ရန် အားထုတ်ခြင်းသည် ဝီရိယပါရမီဖြစ်၏။ သူနှိပ်စက်သမျှ သည်းခံနေခြင်းသည် ခန္တီပါရမီဖြစ်၏။ သူနှိပ်စက်သော်လည်း ငါက ပြန်၍ မနှိပ်စက်အံ့ဟု ဝန်ခံထားသည့်အားလျော်စွာ ကျင့်ခြင်းသည် သစ္စာပါရမီဖြစ်၏။ ငါကပြန်၍ မနှိပ်စက်အံ့ ဟူသော စိတ်၏ မရွေ့မရှား ခိုင်ခံ့တည်တံ့ခြင်းသည် အဓိဋ္ဌာန်ပါရမီ ဖြစ်၏။ ငါ့ကို နှိပ်စက် သောသူ ကျန်းမာ ချမ်းသာပါစေ ဟူသော စိတ်သည် မေတ္တာပါရမီဖြစ်၏။ ငါ့ကို နှိပ်စက်သောသူအပေါ်၌ စိတ်မကွက်ခြင်း၊ စိတ်မဆိုးခြင်းသည် ဥပေက္ခာ ပါရမီဖြစ်၏။

## ၄၉။ သစ္စာပါရမီနှင့် စပ်ဆိုင်ရာများ

ဘုရားလောင်းသည် သစ္စာပါရမီဖြည့်ရာ၌ အပိုင်းအခြား ရှိပါသလော၊ ဘယ်အခါ၌ သစ္စာ ပရမတ္ထ ပါရမီ ဖြစ်ပါ သနည်း။

ဘုရားလောင်းသည် သစ္စာပါရမီ ဖြည့်ရာ၌ အပိုင်းအခြားမရှိ ပါ။ ခွဲ၍ပြဦးအံ့။ သစ္စာပါရမီကို ဖြည့်ကျင့်သော ဘုရားလောင်း ၏ ပါရမီကို ဖြည့်ကျင့်သော ကိုယ်အတ္တဘောတို့၏ အပိုင်းအခြား မရှိပေ။ စင်စစ် အထူးအားဖြင့် မဟာသုတ သောမမင်းဖြစ်သော အခါ၌ ငါသည် သစ္စာစကားကို စောင့်ရှောက်လျက် ငါ့အသက် ကိုစွန့်၍ တရာ့တယောက်သော မင်းတို့ကို သေဘေးမှ လွှတ်စေ ဖူးပြီ၊ ဤသို့ အသက်ကိုစွန့်၍ သစ္စာကိုစောင့်ရှောက်သော မဟာ သုတသောမ မင်း၏ သစ္စာပါရမီသည် ပရမတ္ထ ပါရမီမည်၏။ (အဋ္ဌသာလိနီ ၆၇)

### ဘုရားလောင်း မဟာသုတသောမ မင်းသည် ပေါရိသာဒမင်းထံ သစ္စာဆိုရာ၌ ပါရမီဆယ်ပါးဖြစ်ပုံ

ဘုရားလောင်း မဟာသုတသောမမင်းသည် နန္ဒပုဏ္ဏားထံမှ သတာရဟ တရားကို နာယူပြီး၍ ပေါရိသာဒ မင်းထံ ပြန်လာ မည်ဟု အသက်စွန့်ခြင်းသည် ဒါနပါရမီဖြစ်၏။ ဝန်ခံခဲ့သည့် အတိုင်း မချွတ်မယွင်းပြန်လာခြင်းသည် သီလပါရမီဖြစ်၏။ ပြန် လာသည့်အတွက် မုသာဝါဒမှ လွတ်ကင်းထွက်မြောက်ခြင်းသည်

နေက္ခမ္မပါရမီဖြစ်၏။ သည်လိုဆိုးမဟောပြောလျှင် ပေါရိသာဒမင်း နာယူလိမ့်မည်၊ ယဉ်ကျေးလာလိမ့်မည်ဟူ၍ သိစွမ်းနိုင်သောဉာဏ်သည် ပညာပါရမီဖြစ်၏။ ပေါရိသာဒမင်းထံ ပြန်လာရန်ကြိုးပမ်းအားထုတ်ခြင်းသည် ဝီရိယပါရမီဖြစ်၏။ အခြွေအရံများအလယ်မှ မိမိကို ထမ်း၍ ခိုးယူထွက်ပြေးသွားသော ပေါရိသာဒမင်း၌ သည်းခံ၍ လိုက်ပါလာခြင်းသည် ခန္တီပါရမီဖြစ်၏။ တိုင်းပြည်ရောက်၍ နန္ဒပုဏ္ဏားထံမှ တရားနာယူပြီးလျှင် သင့်ထံ ငါပြန်လာခဲ့မည်ဟု ဝန်ခံထားသည့် အားလျော်စွာ ကျင့်ခြင်းသည် သစ္စာပါရမီဖြစ်၏။ သင့်ထံ ငါပြန်လာမည် ဟူသော ဝန်ခံထားသော စိတ်၏ မရွေ့မရှား ခိုင်ခံ့ တည်တံ့ခြင်းသည် အဓိဋ္ဌာန်ပါရမီဖြစ်၏။ ငါ့ကို ထမ်းယူခိုးပြေးသော ပေါရိသာဒမင်း ကျန်းမာ ချမ်းသာပါစေ ဟူသော စိတ်သည် မေတ္တာပါရမီဖြစ်၏။ မိမိကို ထမ်းယူခိုးပြေးသော ပေါရိသာဒမင်း၌ စိတ်မဆိုး စိတ်မကွက်ခြင်းသည် ဥပေက္ခာပါရမီဖြစ်၏။

## ယခုကာလ တရားရုံးတွင် သက်သေခံသောသူ၌ ပါရမီဆယ်ပါးဖြစ်ပုံ

ကာခုကာလ တရားရုံးတွင် အမှုတမှု၌ သက်သေခံသောသူသည် ဒဏ်ရိုက် ထောင်ကျ သေဒဏ်ခံရချင်ခံရပေစေ မမှန်သောစကားကို ငါမဆို၊ မှန်သောစကားကိုသာ ငါဆိုမည်ဟု စွန့်စားခြင်းသည် ဒါနပါရမီဖြစ်၏။ ဝစီဒုစရိုက် မုသာဝါဒမှ ရှောင်ကြဉ်ခြင်းသည် သီလပါရမီဖြစ်၏။ ဟုတ်တိုင်းမှန်စွာ ထွက်ဆို၍ မုသာဝါဒမှ လွတ်ကင်း ထွက်မြောက်ခြင်းသည် နေက္ခမ္မ ပါရမီ

ဖြစ်၏။ ဟုတ်မှန်တိုင်းထွက်ဆိုလျှင် သံသရာပြစ်ကင်း၏။ မဟုတ်မမှန် ထွက်ဆိုလျှင် သံသရာပြစ် ရှိ၏ ဟူ၍ သိသော ဉာဏ်သည် ပညာပါရမီဖြစ်၏။ ဟုတ်မှန်တိုင်း ထွက်ဆိုရန် ကြံစည်အားထုတ်ခြင်းသည် ဝီရိယပါရမီ ဖြစ်၏။ ဟုတ်မှန်တိုင်း ထွက်ဆိုသည့်အတွက် ပေးသမျှအပြစ်ကို ငါခံယူမည်ဟု သည်းခံခြင်းသည် ခန္တီပါရမီဖြစ်၏။ ဟုတ်မှန်တိုင်းသာ ထွက်ဆိုအံ့ဟု ဝန်ခံထားသည့်အားလျော်စွာကျင့်ခြင်းသည် သစ္စာပါရမီ မည်၏။ ဟုတ်မှန်တိုင်းသာ ထွက်ဆိုအံ့ ဟူသောစိတ်၏ မရွေ့မရှား ခိုင်ခံ့ တည်တံ့ခြင်းသည် အဓိဋ္ဌာန်ပါရမီဖြစ်၏။ မိမိကို သက်သေအရာ၌ထားသော အမှုသည်၏ အလိုဆန္ဒအတိုင်း ပြည့်စုံပါစေဟူသော စိတ်သည် မေတ္တာပါရမီဖြစ်၏။တဘက်သားကမေးမြန်းချင်သလို မေးမြန်းသော်လည်း ထိုမေးမြန်းသူ အပေါ်၌ စိတ်မဆိုးခြင်းသည် ဥပေက္ခာပါရမီဖြစ်၏။

## ၅၀။ အဓိဋ္ဌာန်ပါရမီနှင့် ဆိုင်ရာများ

ဘုရားလောင်းသည် အဓိဋ္ဌာန်ပါရမီဖြည့်ရာ၌ အပိုင်းအခြားရှိပါသလော၊ ဘယ်အခါ၌ အဓိဋ္ဌာနပရမတ္ထပါရမီဖြစ်ပါသနည်း။

ဘုရားလောင်းသည် အဓိဋ္ဌာန်ပါရမီ ဖြည့်ရာ၌ အပိုင်းအခြားမရှိပါ။ ခွဲ၍ ပြဦးအံ့။ အဓိဋ္ဌာန်ပါရမီကို ဖြည့်ကျင့်သော ဘုရားလောင်း၏ ပါရမီကို ဖြည့်ကျင့်သော ကိုယ်အင်္ဂါတော်တို့၏ အပိုင်းအခြားမရှိခဲ့ပေ။ စင်စစ် အထူးအားဖြင့် တေမိ

မင်းသားဖြစ်သောအခါ၌ မယ်တော် ခမည်းတော် နှစ်ဦးတို့ကို လည်း မချစ်အပ်ကုန်သည် မဟုတ်၊ များစွာသော အခြံအရံ စည်းစိမ်ကိုလည်း မချစ်အပ်သည် မဟုတ်၊ ထိုမယ်တော်ခမည်း တော် အခြံအရံ စည်းစိမ်တို့ထက် အဆ ရာထောင်ဖြင့် သဗ္ဗညုတ ဉာဏ်ကိုသာ ချစ်အပ်သည်ဖြစ်ခြင်းကြောင့် ဆွံ့ကျွန် နားပင်းကျွန် မှုသော အကျင့်ကို ငါဆောက်တည်ပြီ။ ဤသို့ အသက်ကို စွန့်၍ ဆွံ့အသော အကျင့်ကို ဆောက်တည်သော တေမိမင်းသား၏ အဓိဋ္ဌာန်ပါရမီသည် ပရမတ္ထပါရမီမည်၏။ (ဂုဏ်း ၆၇)

## တေမိမင်းသားသည် ဆွံ့အသော အကျင့်ကို ဆောက်တည်ရာ၌ ပါရမီဆယ်ပါးဖြစ်ပုံ

ဘုရားလောင်း တေမိမင်းသားသည် ရှင်ဘုရင်လုပ်လျှင် ငရဲသို့ ပြန့်ရောက်ဦးမည်ဖြစ်၍ ရှင်ဘုရင် မဖြစ်ဖို့ရန် ဆွံ့အသော အကျင့်ကို ကျင့်အံ့ဟု အသက်ကို စွန့်ခြင်းသည် ဒါနပါရမီဖြစ် ၏။ (အသက်စွန့်ခြင်းကို ရည်၍ ဒါနပါရမီဟု ဆိုပါ၏။) ဆွံ့အယောင်ဆောင်နေသည့်အတွက် ဒုစရိုက်တို့ကို ရှောင်ကြဉ်ရာ ရောက်ခြင်းသည် သီလပါရမီဖြစ်၏။ မပြောမဆို မသွားမလာ သည့်အတွက် ဒုစရိုက်တို့မှ လွတ်ကင်း ထွက်မြောက်ခြင်းသည် နေက္ခမ္မပါရမီဖြစ်၏။ ပုံမှန်ပကတိအတိုင်း နေလျှင် ငါ့အကျိုး ပြီးနိုင်မှုမဟုတ်၊ ဆွံ့အယောင် ဆောင်နေလျှင် ငါ့အကျိုး ပြီးစီး မည်ဟု သိစွမ်းနိုင်သော ဉာဏ်သည် ပညာပါရမီဖြစ်၏။ နန်း ဘော်၌နေသမျှပတ်လုံး ဆွံ့ယောင် အ-ယောင်ဆောင်နေမည်ဟု

ကြံစည်အားထုတ်ခြင်းသည် ဝီရိယပါရမီဖြစ်၏။ ဆွံ့အယောင် ဆောင်နေသည့်အတွက် သူတပါးတို့က ကြမ်းတမ်းစွာ ပြုလုပ် ပြောဆိုကြသော်လည်း သည်းခံနေခြင်းသည် ခန္တီပါရမီဖြစ်၏။ နန်းတော်မှ ထွက်မြောက်နိုင်ရန် ဆွံ့အယောင် ဆောင်နေမည် ဟု ဝန်ခံထားသည့်အားလျော်စွာ ကျင့်ခြင်းသည် သစ္စာပါရမီ ဖြစ်၏။ မဆွံ့ဘဲ ဆွံ့ယောင် မအပဲ အ-ယောင်ဆောင်နေခြင်းသည် အဓိဋ္ဌာန်ပါရမီဖြစ်၏။ ဆွံ့အ-ယောင် ဆောင်နေသော်လည်း မယ်တော် ခမည်းတော်တို့နှင့် သူတပါးတို့၏ အကျိုးစီးပွားကို အလိုရှိသော စိတ်သည် မေတ္တာပါရမီ ဖြစ်၏။ ဆွံ့အယောင် ဆောင်နေသည့်အတွက် မိမိကို မထိမဲ့မြင် ပြုကြသောသူတို့၌ စိတ်မကွက် စိတ်မဆိုးခြင်းသည် ဥပေက္ခာပါရမီဖြစ်၏။

## ယခုကာလ ကိုးရက်စသည် အဓိဋ္ဌာန်၍ ဥပုသ် စောင့်သုံးရာ၌ ပါရမီဆယ်ပါးဖြစ်ပုံ

ကိုးရက်အဓိဋ္ဌာန်၍ ဥပုသ်စောင့်သုံးသော ဥပါသကာသည် အသက်ကို စွန့်ရချင် စွန့်ရပစေ၊ အဓိဋ္ဌာန်ပျက်မခံဟု ဆုံးဖြတ် လျက် အသက်ကို စွန့်ခြင်းသည် ဒါနပါရမီဖြစ်၏။ အဓိဋ္ဌာန် ရက်အတွင်း၌ ကာယဒုစရိုက် ဝစီဒုစရိုက်တို့မှ ရှောင်ကြဉ်ခြင်း သည် သီလပါရမီဖြစ်၏။ အဓိဋ္ဌာန်ရက်အတွင်း၌ ကာမဂုဏ် တို့ကို သာယာတပ်မက်သော တဏှာရာဂလောဘမှ လွတ်ကင်း ထွက်မြောက်ခြင်းသည် နေက္ခမ္မပါရမီဖြစ်၏။ ဥပုသ်စောင့်သုံး ခြင်းသည် ပစ္စုပ္ပန်သံသရာ၌ ကောင်းကျိုးချမ်းသာနှင့် ပြည့်စုံ

နိုင်၏ဟူ၍ သိစွမ်းနိုင်သော ဉာဏ်သည် ပညာပါရမီဖြစ်၏။ အမိဋ္ဌာန်ဥပုသ်ရက်အတွင်း၌ မနေမနား တရားအားထုတ်ခြင်းသည် ဝီရိယပါရမီဖြစ်၏။ အမိဋ္ဌာန်ရက်အတွင်း၌ ခံစားနေကျကာမဂုဏ်တို့ကို မခံစားမူ၍ သည်းခံနေခြင်းသည် ခန္တီပါရမီဖြစ်၏။ အဓိဋ္ဌာန်ရက်အတွင်း၌ ဥပုသ်စောင့်သုံးမည်ဟု ဝန်ခံထားသည့်အားလျော်စွာ ကျင့်ခြင်းသည် သစ္စာပါရမီဖြစ်၏။ အမိဋ္ဌာန်ဥပုသ်ရက်၏ မရွေ့မရှား ခိုင်ခံ့တည်တံ့ခြင်းသည် အမိဋ္ဌာန်ပါရမီဖြစ်၏။ အမိဋ္ဌာန်ဥပုသ်ရက်အတွင်း၌ သတ္တဝါများ ကျန်းမာချမ်းသာပါစေဟူ၍ ဖြစ်သောစိတ်သည် မေတ္တာပါရမီဖြစ်၏။ အဓိဋ္ဌာန်ဥပုသ်ရက်အတွင်း၌ သတ္တဝါအာရုံ၊ သင်္ခါရအာရုံတို့၌ မလိုလားမနှစ်သက်မရှိခြင်း၊ စိတ်မကွက် စိတ်မပျက်ခြင်းသည် ဥပေက္ခာပါရမီဖြစ်၏။

## ၅၁။ မေတ္တာပါရမီနှင့် စပ်ဆိုင်ရာများ

ဘုရားလောင်းသည် မေတ္တာပါရမီဖြည့်ရာ၌ အပိုင်းအခြားရှိပါသလော။ ဘယ်အခါ၌ မေတ္တာပရမတ္ထပါရမီဖြစ်ပါသနည်း။

ဘုရားလောင်းသည် မေတ္တာပါရမီဖြည့်ကျင့်ရာ၌ အပိုင်းအခြားမရှိပါ။ ခွဲ၍ ပြဦးအံ့။ မေတ္တာပါရမီကို ဖြည့်ကျင့်သောဘုရားလောင်း၏ ပါရမီဖြည့်ကျင့်သော ကိုယ်အတ္တဘောတို့၏ အပိုင်းအခြားမရှိပေ။ ငင်စစ် အထူးအားဖြင့် ကေရာဇမင်းဖြစ်သောအခါ၌ တစုံတယောက်သောသူသည် ငါ့မှမကြောက်လန့်၊

ငါသည်လည်း တစုံတယောက် သောသူမှ မကြောက်လန့်၊ မေတ္တာ စွမ်းအားသည် ထောက်ပံ့အပ်သည်ဖြစ်၍ တော၌ ငါမွေ့လျော်၏။ ဤသို့ အသက်ကို မငဲ့ပဲ မေတ္တာပွားသော ဘုရားလောင်း ၏ မေတ္တာပါရမီသည် ပရမတ္ထပါရမီမည်၏။

## ကေရာဇမင်းသည် မေတ္တာကမ္မဋ္ဌာန်းပွားရာ၌ ပါရမီဆယ်ပါးဖြစ်ပုံ

ကေရာဇမင်းသည် တောထဲ၌ တပါးတည်းနေလျက် အသူ တပါးကလာ၍ မေတ္တာမပွားရန် နှောင့်ယှက်သော်လည်း အသက်ကို မငဲ့မူ၍ မေတ္တာမပွားပဲ မနေနိုင်သော သဘောဖြင့် မေတ္တာပွားနေခြင်း၊ အသက်ကို စွန့်ခြင်းသည် ဒါနပါရမီ ဖြစ်၏။ မေတ္တာပွားနေသော အခါ၌ ဒုစရိုက်တို့မှ ရှောင် ကြဉ်ခြင်းသည် သီလပါရမီ ဖြစ်၏။ မေတ္တာ၏ ဆန့်ကျင်ဘက် ဒေါသမှ လွတ်ကင်းထွက်မြောက်ခြင်းသည် နေက္ခမ္မပါရမီဖြစ်၏။ မေတ္တာပွားခြင်းသည် မိမိလည်း အကျိုးရှိ၏။ သတ္တဝါအများ လည်း ချမ်းသာ၏ ဟူသော သိစွမ်းနိုင်သောဉာဏ်သည် ပညာပါ ရမီဖြစ်၏။ မေတ္တာပွားရန် အားထုတ်ခြင်းသည် ဝီရိယပါရမီ ဖြစ်၏။ မေတ္တာပွားနေသော အခါ၌ အချမ်း အပူ မှက် ခြင် ကြမ်းပိုး စသည်တို့၏ ကိုက်ခဲခြင်းစသည်ကို သည်းခံခြင်းသည် ခန္တီပါရမီ ဖြစ်၏။ မေတ္တာပွားများနေမည်ဟု ဝန်ခံထားသည့် အားလျော်စွာ ကျင့်ခြင်းသည် သစ္စာပါရမီဖြစ်၏။ မေတ္တာစိတ် ၏ မရွေ့မရှား ခိုင်ခံ့တည်တံ့ခြင်းသည် အဓိဋ္ဌာန်ပါရမီဖြစ်၏။

ထတ္တဝါများ ကျန်းမာချမ်းသာပါစေဟူသောစိတ်သည် မေတ္တာပါရမီဖြစ်၏။ မေတ္တာပွားများအပ်သော ဒုက္ခိတ သုခိတသတ္တဝါတို့၌ ခွဲခြားခြင်းမရှိမူ၍ တန်းတူစိတ်ထားခြင်းသည် ဥပေက္ခာပါရမီဖြစ်၏။

## ယခုကာလ မေတ္တာပွားသော ယောဂီဝတ်အသင်းသားများ၌ ပါရမီဆယ်ပါးဖြစ်ပုံ

ယခုကာလ မေတ္တာပွားသော ယောဂီဝတ် အသင်းသားများသည် မေတ္တာပွားပြီး၍ ထိုမေတ္တာပွားရ၍ဖြစ်သော ကုသိုလ်အဖို့ကို အမျှပေးဝေခြင်းသည် ဒါနပါရမီဖြစ်၏။ မေတ္တာပွားနေသောအခါ၌ ဒုစရိုက်တို့မှ ရှောင်ကြဉ်ခြင်းသည် သီလပါရမီဖြစ်၏။ မေတ္တာ၏ ဆန့်ကျင်ဘက်ဒေါသမှ လွတ်ကင်း ထွက်မြောက်ခြင်းသည် နေက္ခမ္မပါရမီ ဖြစ်၏။ မေတ္တာပွားခြင်း၌ မိမိလည်း အကျိုးရှိ၏။ သတ္တဝါအများလည်း ချမ်းသာ၏ဟု သိစွမ်းနိုင်သောဉာဏ်သည် ပညာပါရမီဖြစ်၏။ မေတ္တာပွားရန် အားထုတ်ခြင်းသည် ဝီရိယပါရမီဖြစ်၏။ မေတ္တာ ပွားနေသောအခါ၌ အချမ်း အပူ မှက် ခြင် ကြမ်းပိုးစသည်တို့၏ ကိုက်ခဲခြင်း၊ အနီးအပါးမှ ဆူပူလှုပ်ရှားခြင်းတို့ကို သည်းခံခြင်းသည် ခန္တီပါရမီဖြစ်၏။ ငါတို့ပေါင်းစု၍ မေတ္တာပွားကြကုန်စို့ဟူ၍ တိုင်ပင်ထားသည့် အားလျော်စွာကျင့်ခြင်းသည် သစ္စာပါရမီဖြစ်၏။ ပွားများကြောင်းမေတ္တာစိတ်၏ မရွေ့မရှားခိုင်ခံ့တည်တံ့ခြင်းသည် အဓိဋ္ဌာန်ပါရမီဖြစ်၏။ သတ္တဝါများ ရန်ကင်းကြပါစေ၊

ကြောင့်ကြခြင်း ကင်းကြပါစေ၊ ဆင်းရဲခြင်း ကင်းကြပါစေ၊ ချမ်းသာစွာ မိမိကိုယ်ကို ဆောင်နိုင်ကြပါစေ ဟူ၍ ပွားများခြင်းသည် မေတ္တာပါရမီဖြစ်၏။ မေတ္တာပွားများအပ်သော ဒုက္ခိတ သုခိတသတ္တဝါတို့၌ ခွဲခြားခြင်းစိတ်မထားမူ၍ တန်းတူစိတ်ထားခြင်းသည် ဥပေက္ခာပါရမီဖြစ်၏။

## ၅၂။ ဥပေက္ခာပါရမီနှင့် စပ်ဆိုင်ရာများ

ဘုရား လောင်း သည် ဥပေက္ခာ ပါရမီ ဖြည့်ရာ၌ အပိုင်းအခြား ရှိပါသလော၊ ဘယ်အခါ၌ ဥပေက္ခာ ပရမတ္ထပါရမီဖြစ်ပါသနည်း။

ဘုရားလောင်းသည် ဥပေက္ခာပါရမီ ဖြည့်ကျင့်ရာ၌ အပိုင်းအခြားမရှိပါ။ ခွဲ၍ ပြဦးအံ့။ ဥပေက္ခာပါရမီကို ဖြည့်ကျင့်သော ဘုရားလောင်း၏ပါရမီဖြည့်ကျင့်သော ကိုယ်အတ္တဘောတို့၏အပိုင်းအခြားမရှိခဲ့ပေ။ စင်စစ် အထူးအားဖြင့် လောမဟံသ ရသေ့ဖြစ်သောအခါ၌ သုသာန်၌ သူသေကောင်ရိုးကို ခေါင်းအုံး၍အိပ်ခြင်းကိုပြ၏။ ဤသို့ လူရိုးကို ခေါင်းအုံး၍ အိပ်သောဒါကို ရွာသူငယ်တို့ ကပ်၍ များစွာသော တံတွေးထွေးခြင်း၊ ကျင်ငယ်ပန်းခြင်းစသော ဖောက်ပြန်သော အပြုအမူအရာကို ပြုကြကုန်၏။ ဤသို့ ရွာသူငယ်တို့သည် တံတွေးထွေးခြင်း၊ ကျင်ငယ်ပန်းခြင်းစသည်တို့ ဖြင့်လည်းကောင်း၊ လူကြီးတို့သည် ပန်းနံ့သာ ပူဇော်ခြင်းစသည်တို့ဖြင့် လည်းကောင်း ချမ်းသာ

ဆင်းရဲကိုဖြစ်စေကုန်သော်လည်း လျစ်လျူရှုခြင်းကို မလွန်သော ဘုရားလောင်း၏ ဥပေက္ခာပါရမီသည် ပရမတ္ထပါရမီ မည်၏။
(ဂုဏ် ၆၇)

## ဘုရားလောင်း လောမဟံသရသေ့သည် ဥပေက္ခာ ပါရမီဖြည့်ရာ၌ ပါရမီဆယ်ပါးဖြစ်ပုံ

ဘုရားလောင်း လောမဟံသရသေ့သည် ဥပေက္ခာပုသ္သားများ နေသောအခါ၌ ရန်သူများက နှိပ်စက်သတ်ဖြတ်ကြသော် အသေသခံမည်၊ ဥပေက္ခာပုသ္သားများတိုင်းသာ ပုသ္သားများမည်ဟု နှလုံးထား၍ အသက်ကိုစွန့်ခြင်းသည် ဒါနပါရမီဖြစ်၏။ ဥပေက္ခာပုသ္သားများနေခိုက်၌ ဒုစရိုက်တို့မှ ရှောင်ကြဉ်ခြင်းသည် သီလပါရမီဖြစ်၏။ ဥပေက္ခာပုသ္သားများနေခိုက်၌ သုခဝေဒနာ၊ ဒုက္ခဝေဒနာတို့မှ လွတ်ကင်းထွက်မြောက်ခြင်းသည် နေက္ခမ္မပါရမီ ဖြစ်၏။ ဥပေက္ခာပုသ္သားများခြင်း၏အကျိုးကို သိစွမ်းနိုင်သော ဉာဏ်သည် ပညာပါရမီဖြစ်၏။ ဥပေက္ခာ ပုသ္သားများရန် အားထုတ်ခြင်းသည် ဝီရိယပါရမီဖြစ်၏။ ဥပေက္ခာ ပုသ္သားများနေခိုက်၌ အချမ်း အပူ မှုက် ခြင်စသည်တို့၏ အတွေ့အထိကိုလည်းကောင်း၊ သူတပါးတို့၏ ဖောက်ပြန်သော ပြုလုပ်ခြင်းကိုလည်းကောင်း သည်းခံခြင်းသည် ခန္တီပါရမီဖြစ်၏။ သတ္တဝါတို့၌ လျစ်လျူရှုနေမည်ဟု ဆုံးဖြတ်ထားသည့် အားလျော်စွာ ကျင့်ခြင်းသည် သစ္စာပါရမီဖြစ်၏။ ဥပေက္ခာပုသ္သားများလိုသောစိတ်၏ မရွေ့မရှားခိုင်ခံ့ တည်တံ့ခြင်းသည် အဓိဋ္ဌာန်ပါရမီဖြစ်၏။ တခါတရံ သတ္တဝါတို့

စီးပွားချမ်းသာကို အလိုရှိသောစိတ်သည် မေတ္တာပါရမီဖြစ်၏။ မိမိ၏ အကျိုးစီးပွားကို လိုလားသောသူ၊ မိမိ၏အကျိုးစီးပွားကို မလိုလားသောသူ၊ ထိုသူနှစ်ဦးတို့ အပေါ်၌ စိတ်ကို ဖြောင့်မတ်စွာ ထားခြင်းသည် ဥပေက္ခာပါရမီဖြစ်၏။

## ယခုကာလ ဥပေက္ခာပွားသော ယောဂီပုဂ္ဂိုလ်၌ ပါရမီဆယ်ပါးဖြစ်ပုံ

ယခုကာလ ဥပေက္ခာပွားများသော ယောဂီ ပုဂ္ဂိုလ်သည် ဥပေက္ခာပွားများသည့်အတွက် အင်္ဂါကြီးငယ် ချွတ်ယွင်းချင် ချွတ်ယွင်းပါစေ၊ သေချင်သေပါစေဟု နှလုံးသွင်း၍ အင်္ဂါကြီးငယ်အသက်ကို စွန့်ခြင်းသည် ဒါနပါရမီ ဖြစ်၏။ ဥပေက္ခာပွားများနေခိုက်၌ ဒုစရိုက်တို့မှ ရှောင်ကြဉ်ခြင်းသည် သီလပါရမီဖြစ်၏။ ဥပေက္ခာပွားနေခိုက်၌ သုခဝေဒနာ၊ ဒုက္ခဝေဒနာတို့မှ လွတ်ကင်းထွက်မြောက်ခြင်းသည် နေက္ခမ္မပါရမီဖြစ်၏။ ဥပေက္ခာပွားခြင်း၏ ငြိမ်သက်သောဖြစ်ခြင်း၊ မွန်မြတ်ခြင်း၊ သိမ်မွေ့ခြင်း၊ ကိလေသာတို့မှ ဝေးခြင်း၊ အလွန်ပြန့်ပြောသော အကျိုးရှိ၏ဟု သိစွမ်းနိုင်သော ဉာဏ်သည် ပညာပါရမီဖြစ်၏။ သတ္တဝါတို့၌ ဥပေက္ခာပွားရန် အားထုတ်ခြင်းသည် ဝီရိယပါရမီ ဖြစ်၏။ ဥပေက္ခာ ပွားနေခိုက်၌ အချမ်း အပူ မှက် ခြင် စသည်တို့၏ အတွေ့အထိကို သည်းခံခြင်းသည် ခန္တီပါရမီဖြစ်၏။ သတ္တဝါတို့၌ လျစ်လျူ ရှုနေမည်ဟု ဝန်ခံထားသည့် အားလျော်စွာ ကျင့်ခြင်းသည် သစ္စာပါရမီဖြစ်၏၊ ဥပေက္ခာပွားလိုသောစိတ်၏

မရွေ့မရှား ခိုင်ခံ့တည်တံ့ခြင်းသည် အဓိဋ္ဌာန်ပါရမီဖြစ်၏။ တခါတရံ သတ္တဝါတို့၏အကျိုးစီးပွားကို အလိုရှိသောစိတ်သည် မေတ္တာပါရမီဖြစ်၏။ မိမိပြုခဲ့ဖူးသောကံဖြင့် ဤသူသည် ရှေးဘဝမှ ဤဘဝသို့လာခဲ့ရ၏။ ဤဘဝမှ နောက်ဘဝသို့ သွားရလတ္တံ့။ သင်သည်လည်း မိမိပြုခဲ့သောကံဖြင့် ရှေးဘဝမှ ဤဘဝသို့ လာခဲ့ရ၏။ ဤဘဝမှ နောက်ဘဝသို့ သွားရလတ္တံ့။ သင်၏ အဝေရာ ဟောဇ္ဇုဟု လို့လပြုသဖြင့် ထိုသူ၏ တစုံတခုသော ချမ်းသာကိုလည်း ဆောင်ခြင်းငှာ ဆင်းရဲကိုလည်း ပယ်ခြင်းငှာ မရနိုင်။ ဤသူသည် ကံသာလျှင် ဥစ္စာရှိ၏ဟူ၍ ပွားများခြင်းသည် ဥပေက္ခာပါရမီဖြစ်၏။

**မှတ်ချက်။** ။လောမဟံသရသေ့၏ ပါရမီ၌ ပါရမီဥပေက္ခာကို ရည်၍ ယောဂီပါရမီ၌ ဗြဟ္မဝိဟာရဥပေက္ခာကို ရည်၍ ရေးသားပါသည်။ စရိယာပိဋက အဋ္ဌကထာ၌ အကိတ္တိပဏ္ဍိတာစရိယဇာတ်၌သာလျှင် ဒါနပါရမီပြုရာ၌ ကျန် ပါရမီကိုးပါးများကိုလည်း ဖြစ်ပုံကိုရေး၍ ကြွင်းသောဇာတ်တို့၌လည်း ထိုက်သလို ပါရမီများကို သိအပ်ကုန်၏ဟု ညွှန်ပြထားပါသည်။ ထားသည့်အတိုင်း စဉ်းစားဆင်ခြင်၍ ရေးထားပါသည်။

## ၅၃။ ပကိဏ္ဏက ကထာ

လောကီ လောကုတ္တရာ ချမ်းသာ နှစ်ပါး တို့ကို တောင့်တ၍ ဒါနစသည်ကို ပြုသောသူသည် လောကီ

ချမ်းသာကိုသာ ရပါသလော၊ လောကုတ္တရာချမ်းသာ ကိုသာ ရပါသလော၊ နှစ်ပါးလုံးကို ရပါသလော၊ နှစ်ပါးလုံးကို မရပဲရှိပါသလော။

လောကီ လောကုတ္တရာချမ်းသာ နှစ်ပါးတို့ကို တောင့်တ၍ ပြုအပ်သော ဒါနစသော ကုသိုလ်သည် အဟောသိကံအဖြစ်သို့ မရောက်ပါမူကား လောကီ လောကုတ္တရာချမ်းသာနှစ်ပါးတို့ကို ပေးနိုင်၏။ အဟောသိကံအဖြစ်သို့ ရောက်မူကား လောကုတ္တရာ ချမ်းသာကို ပေးနိုင်၏။

ထိုစကားမှန်၏။ လောကီအကျိုးကိုပေးရာ၌သာ အဟောသိကံကို ဆိုအပ်၏။ လောကုတ္တရာအကျိုး၌ကား အဟောသိကံ မည်သည် မရှိသင့်ပြီ။ လောကုတ္တရာချမ်းသာကို ပေး၏ ဟူသည်မှာလည်း လောကုတ္တရာချမ်းသာသည် ဒါနစသည်၏ အစွမ်းဖြင့် ဖြစ်သော လောကီကုသိုလ်ကံ၏ မုချအကျိုးမဟုတ်၊ အာနိသံသအကျိုးမျှသာဖြစ်၏။ ချမ်းသာနှစ်ပါးတို့ကို ပေးနိုင်ကြောင်းကို ဘူရိဒတ်နဂါးမင်း၊ စမ္ပေယျနဂါးမင်း၊ သင်္ခပါလနဂါးမင်း တို့၏ ဝတ္ထုကို ထောက်၍ သိအပ်၏။ ဇနကသတ္တိ ရှိပြီးသော ကြောင့် ချမ်းသာနှစ်ပါးလုံးကို မရပဲ မဖြစ်သင့်။

လောကီချမ်းသာကိုသာ တောင့်တ၍ ဒါနစသည်ကို ပြုသောသူသည် လောကီ ချမ်းသာကိုသာ ရနိုင် ပါသလော၊ လောကုတ္တရာ ချမ်းသာ ကိုလည်း ရနိုင်ပါ သလော။

အနည်းငယ်မျှသော နှမ်းတဆုပ်မျှသော ဒါနကုသိုလ်ပင်ဖြစ်စေ ဝေလာမပုဏ္ဏား၏ ဒါနနှင့်တူသော ဒါနကုသိုလ်ပင် ဖြစ်စေ ဝဋ်၏ ပြည့်စုံခြင်းကို တောင့်တ၍ ဝဋ်ကို မှီသည့် အစွမ်းဖြင့် မွားယွင်းသော အားဖြင့် စိတ်ထားရှိသည် ဖြစ်အံ့၊ ဝဋ်ကိုသာ ဆောင်ခြင်းငှာ စွမ်းနိုင်၏။ ဝဋ်ကင်းရာ နိဗ္ဗာန်ကို ဆောင်ခြင်းငှာ မစွမ်းနိုင်ဟူသော သံယုတ် အဋ္ဌကထာနှင့် အညီ လောကီချမ်းသာကိုသာ တောင့်တ၍ ဒါနစသည်ကို ပြုသော သူသည် လောကီချမ်းသာကိုသာ ရနိုင်၏။လောကုတ္တရာချမ်းသာကို မရနိုင်ဟု သိပါလေ။

> လောကုတ္တရာ ချမ်းသာကိုသာ တောင့်တ၍ ဒါနစသည်ကို ပြုသောသူသည် လောကုတ္တရာချမ်းသာကိုသာ ရနိုင်ပါသလော၊ လောကီချမ်းသာကိုလည်း ရနိုင်ပါသလော။

ဤလောက၌ အချို့သောသူသည် ဝဋ်ကင်းရာ နိဗ္ဗာန်ကို တောင့်တလျက် အလှူပေး၏၊သီလဆောက်တည်၏။ဥပုသ်စောင့်သုံး၏၊တရားနာ၏၊တရားဟော၏၊ စျာန်သမာပတ်တို့ကို ဖြစ်စေ၏။ ဤသို့ပြုလျက်လူ့ချမ်းသာ၊နတ်ချမ်းသာကို ခံစားပြီးသော အစဉ်ဖြင့် မုချတရားဖြစ်သော နိဗ္ဗာန်ကို ရနိုင်၏ ဟူသော မဇ္ဈိမနိကာယ ဓမ္မဒါယာဒသုတ် အဋ္ဌကထာနှင့်အညီ လောကုတ္တရာချမ်းသာကိုလည်းကောင်း၊ လောကီ ချမ်းသာကိုလည်းကောင်း ရနိုင်၏ဟု မှတ်ပါဦး။

ဘုရား ပစ္စေကဗုဒ္ဓါ အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝကလောင်းတို့၏ ထိုထိုကာလအပိုင်းအခြားတို့သည် ထိုထိုအလိုရှိအပ်သော ဗောဓိဆုကို တောင်းသောအခါမှစ၍ အရေအတွက်လော်ပါကုန်သလော၊ ဗျာဒိတ်ရသောအခါမှစ၍ အရေအတွက်လောက်ပါကုန်သလော။

ဘုရားလောင်းသည် ဘုရားဆုတောင်းသော အခါမှ စ၍ သင်္ချေကမ္ဘာကို မရေတွက်ရ။ နိယတဗျာဒိတ်ရပြီးသောအခါမှစ၍ လေးသင်္ချေနှင့် ကမ္ဘာတသိန်း၊ ရှစ်သင်္ချေနှင့် ကမ္ဘာတသိန်း၊ တဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာတသိန်းကို ရေတွက်ရ၏။ ပစ္စေကဗုဒ္ဓါဆုကို တောင်းသော အခါမှစ၍ ကမ္ဘာကို မရေတွက်ရ။ နိယတဗျာဒိတ်ရပြီးသောအခါမှစ၍ နှစ်သင်္ချေနှင့် ကမ္ဘာတသိန်းကို ရေတွက်ရ၏။ အဂ္ဂသာဝကလောင်းသည် အဂ္ဂသာဝကဆုကို တောင်းသောအခါမှစ၍ ကမ္ဘာကို မရေမတွက်ရ။ နိယတဗျာဒိတ်ရပြီးသောအခါမှစ၍ တသင်္ချေနှင့် ကမ္ဘာတသိန်းကို ရေတွက်ရ၏။ မဟာသာဝကလောင်းသည် မဟာသာဝကဆုကို တောင်းသောအခါမှစ၍ ကမ္ဘာကို မရေတွက်ရ။ နိယတဗျာဒိတ်ကို ရပြီးသောအခါမှစ၍ ကမ္ဘာ တသိန်းကို ရေတွက်ရ၏။ ပကတိသာဝကလောင်းသည် ပကတိသာဝကဆုကို ပေးသော ဗျာဒိတ်ရခြင်း၏ အမြဲနိယမ မရှိသောကြောင့် ဝိဝဋ္ဋနိဿိတကုသိုလ်ကိုပြုရာကာလမှစ၍ ကမ္ဘာတရာ၊ ကမ္ဘာတထောင်စသော ကာလကို ပိုင်းခြားရ၏။

**မှတ်ချက်။** ။ပကတိသာဝက ဖြစ်သော ဓမ္မရုစိရဟန်းတော်၏ပါရမီ ဖြည့်ရာ ကာလသည် လေးသင်္ချေနှင့် ကမ္ဘာတသိန်းဖြစ်နေ၏။ ဖြစ်ပုံကား ဤသို့တည်း။

ဓမ္မရုစိရဟန်းလောင်းသည် သုမေဓာရသေ့ ဗျာဒိတ်ခံပွဲ၌ လာ၏။ သုမေဓာရသေ့ကို အားကျ၍သုမေဓာနှင့်အတူရသေ့ ဝတ်၍နေ၏။ ကြာကြာမဝတ်နိုင်ပဲ လူထွက်၍ အိမ်ရောက်သော အခါ၌ အကြောင်းတခုခုကြောင့်မိခင်အရင်းကို သတ်မိ၍ အဝီစိငရဲ၌ကျပြီးလျှင်ဘုရားလောင်းနှင့် လေးသင်္ချေနှင့်ကမ္ဘာတသိန်း ကာလပတ်လုံး မတွေ့ရပဲ နေ၏။ သုမေဓာရသေ့သည် လေးသင်္ချေနှင့်ကမ္ဘာတသိန်း ကာလပတ်လုံး ပါရမီဖြည့်ပြီး၍ ဂေါတမဘုရားဖြစ်လာ၏။

ထိုအခါ၌ ဓမ္မရုစိရဟန်းလောင်းသည် သမုဒ္ဒရာ၌ ဝေလငါးကြီး ဖြစ်နေ၏။ ထိုအခါ၌ လှေသိုးသား တယောက်သည် သမုဒ္ဒရာထည်း၌ လှေဖြင့်သွားနေ၏။ ဝေလငါးကြီးသည် လှေနောက်သို့လိုက်နေ၏။ လှေသိုးသားသည် ကြောက်အား လန့်အားဖြင့် ရမိရာ တရားစာတွေကို ရွတ်နေ၏။ ဝေလငါးကြီးသည် ထိုလှေထိုးသား ရွတ်နေသော တရားစာတွေ ထည်းမှ ဂေါတမဟူသော အသံကိုကြားရ၍သြော်-ငါ့မိတ်ဆွေသုမေဓာရသေ့သည် ဘုရားဖြစ်နေပါပြီကောဟုသိ၍ လှေနောက် မလိုက်တော့ပဲပြန်လာပြီးလျှင် မကြာမီသေလွန်၍သာဝတ္ထိပြည်၌သဌေးသား ဓမ္မရုစိရဖြစ်လာ၏။

နေ့ခါက် ရဟန်းပြု၍ ရဟန္တာဖြစ်လျက် ဘုရားထံသို့ ရောက်သွား၏။ မြတ်စွာဘုရားသည် လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး ကွဲကွာနေသော ငါ့မိတ်ဆွေကို ယခုမှသာ တွေ့ရပေသည်ဟု နှလုံးထား၍ ဓမ္မရုစိရ မထေရ်နှင့်အတူ ဂန္ဓကုဋိ တိုက်၌ တည်ခွဲကျိန်းစက်တော်မူ၏။

ဘုရားလောင်းများသည် ပညာဓိက၊ သဒ္ဓါဓိက၊ ဝီရိယာဓိက ရှိနေသလို ပစ္စေကဗုဒ္ဓါများလည်း ရှိနိုင်ပါသလော၊ ရှိခဲ့လျှင် ပါရမီဖြည့်ရာကာလ မည်မျှရှိပါသနည်း။

ဘုရားလောင်းများသည် ပညာဓိက၊ သဒ္ဓါဓိက၊ ဝီရိယာဓိက ရှိနေသလို ပစ္စေကဗုဒ္ဓါလောင်းများသည်လည်း ပညာဓိက၊ သဒ္ဓါဓိက၊ ဝီရိယာဓိက လောင်းများ ရှိနိုင်၏။ ပညာဓိကပစ္စေက ဗုဒ္ဓါလောင်းသည် နှစ်သင်္ချေနှင့် ကမ္ဘာတသိန်း၊ သဒ္ဓါဓိက ပစ္စေကဗုဒ္ဓါလောင်းသည် နှစ်သင်္ချေနှင့် ကမ္ဘာနှစ်သိန်း သုံးသိန်း စသည်၊ ဝီရိယာဓိက ပစ္စေက ဗုဒ္ဓါလောင်းသည် နှစ်သင်္ချေနှင့် ကမ္ဘာကုဋေပတ်လုံး ပါရမီဖြည့်ရာ ကာလ ရှိနိုင်ကြောင်းသည် သုတ္တနိပါတ် အဋ္ဌကထာ၌လာ၏။ အဂ္ဂသာဝကလည်း ပညာဓိက စသော သုံးမျိုး၊ မဟာသာဝကလည်း ထိုသုံးမျိုးစီ ရှိနိုင်၏။

ဗောဓိငါးပါးတို့တွင် တပါးပါး၌ ညွတ်ကုန်သော ဘုရားလောင်းစသော ပုဂ္ဂိုလ် ငါးယောက်တို့သည် ဗျာဒိတ်ရပြီးမှသာ ပါရမီဖြည့်၍ ပွင့်ကြ ကျွတ်ကြပါသလော၊ ဗျာဒိတ်မရပဲ ပါရမီဖြည့်၍ ပွင့်ကြ ကျွတ်ကြပါသလော။

ဘုရားတို့မှာ ဗျာဒိတ်ရကြောင်း အင်္ဂါရှစ်ပါး၊ ပစ္စေကဗုဒ္ဓါတို့မှာ ဗျာဒိတ်ရကြောင်း အင်္ဂါငါးပါး၊ အဂ္ဂသာဝက မဟာသာဝကတို့မှာ ဗျာဒိတ်ရကြောင်း အင်္ဂါနှစ်ပါး၊ ဤသို့အင်္ဂါကို မှတ်ခြင်း၏ အစွမ်းဖြင့်လည်းကောင်း၊ ပါရမီဖြည့်ရာကာလကို မှတ်ခြင်း၏အစွမ်းဖြင့်လည်းကောင်း၊ ဘုရားပစ္စေကဗုဒ္ဓါ အဂ္ဂသာဝက မဟာသာဝက တို့သည် ဗျာဒိတ်မရပဲ အကျွတ်တရားကို မယူကြကုန်။ ဗျာဒိတ်၌ ပိုင်းခြားထားသော ကာလပတ်လုံး ပါရမီ ဖြည့်ပြီးမှသာ အကျွတ်တရားကို ယူကြကုန်၏။ ပကတိ သာဝကတို့ မှာကား အဓိမုတ္တိက စသော မထေရ်များကဲ့သို့ အချို့မထေရ်များကဲ့သို့ အချို့မထေရ်များ ဗျာဒိတ်ရသည်လည်းရှိကုန်၏။ ဂိရိမာနန္ဒစသော မထေရ်များ ကဲ့သို့ အချို့မထေရ်များ ဗျာဒိတ်မရသည်လည်း ရှိကုန်၏။ ပကတိသာဝက ဖြစ်လျက် ဗျာဒိတ် ရသော မထေရ်ပေါင်းများစွာရှိကြောင်းသည် ထေရထေရီ အပဒါန်၌လာ၏။

> ဗျာဒိတ် ရပြီးသော အလောင်းတော် များသည် တပါးသောအခါ၌ ဗျာဒိတ်ခံယင်းဗောဓိမှတပါးသော ဗောဓိကို တောင့်တကြသေးသလော၊ မတောင့်တကြပြီလော။

မြတ်သော ဆုတောင်းခြင်းဖြစ်သည်နှင့် တပြိုင်နက်သာလျှင် မချွတ်မလွဲ မြဲသောသဘောကို ရခြင်းကြောင့် ယောကျ်ားမြတ်သည် ဘုရားလောင်းတို့၏ အကျင့်သို့ သက်ရောက်သည် မည်၏။ ထိုသို့ သက်ရောက်ခြင်းကြောင့် ဗောဓိသတ္တ ဟူသော အမည်ကို

ရ၏ဟူသော စရိယာပိဋကအဋ္ဌကထာကို ထောက်၍ ဗျာဒိတ် ရပြီးသော အလောင်းတော်များသည် တပါးသော အခါ၌ ဗျာဒိတ်ခံယင်း ဗောဓိကို မတောင့်တဟု မှတ်ပါလေ။

> ဗျာဒိတ်ရပြီးသော ပစ္စေကဗုဒ္ဓါလောင်းများသည် တပါးသော ဗောဓိကို ရရန် အားထုတ်ကြပါသေး သလော၊ အားထုတ်တိုင်းလည်း ရနိုင်ပါသလော။

ဗျာဒိတ်ရပြီးသော ပစ္စေက ဗုဒ္ဓါလောင်းများသည် ဘုရားသာသနာတွင်း၌ ကြုံကြိုက်သောအခါ၌ မဂ်ဖိုလ်ကို ယူလိုသော စိတ်ဖြင့် တရား အားထုတ်ကြ ပါသေး၏။ အားထုတ်ကြသော်လည်း နိယတ ဗျာဒိတ်၏ အာနုဘော်ကြောင့် မဂ်ဖိုလ်ကို မရစကောင်းတော့ပြီ။

> ဗျာဒိတ်ရပြီးသော မဟာသာဝကလောင်းများသည် တပါးသော ဗောဓိကိုရရန် အားထုတ်ကြပါသလော၊ အားထုတ်တိုင်းလည်း ရနိုင်ပါသလော။

ဗျာဒိတ်ရပြီးသော အရှင်ဒဗ္ဗအလောင်း၊ အရှင်ကုမာရကဿပ အလောင်း၊ အရှင်ဗာဟိယဒါရုစိရိယ အလောင်းများသည် ကဿပဘုရားသာသနာကွယ်ခါနီးတွင် တောင်ထိပ်ပေါ်တက်၍ ပကတိသာဝက အဖြစ်ဖြင့် မဂ်ဖိုလ်ရရန် အားထုတ်ကြပါသေး၏။ အားထုတ်သော်လည်း နိယတ ဗျာဒိတ်၏ အာနုဘော်ကြောင့် မဂ်ဖိုလ်မရပဲ အစာငတ်ခြင်းကြောင့် ပျံတော်မူကြလေပြီ။

မည်သည့် ပုဂ္ဂိုလ်များသည် ဘုရား ပစ္စေကဗုဒ္ဓါ အဂ္ဂသာဝက မဟာသာဝကဆုများကို မတောင့်တမူ၍ မဂ်ဖိုလ်နိဗ္ဗာန်သက်သက်ကို တောင့်တကြပါသနည်း။

သတိ ပညာ သဒ္ဓါ ဆန္ဒ ဝီရိယ ညံ့ဖျင်းသော ပုဂ္ဂိုလ်များသည် သမ္ဗောဓိ ဗောဓိအထူးတို့၏ ဂုဏ်ကျေးဇူးကို မသိမကြားဖူးသည် ဖြစ်၍ လည်း ကောင်း၊ သိဖူးကြားဖူးသော်လည်း မိမိဘို့သန္တာန်၌ သက္ကာယဒိဋ္ဌိအထုံဝါသနာ အားကြီးသဖြင့် ထိုဗောဓိအထူးတို့အား လျော်သော အသက်ခန္ဓာ၊ မျက်စိ ဦးခေါင်း သားမယား တိုင်းပြည်နိုင်ငံ ဥစ္စာရတနာတို့ကို စွန့်ခြင်း၌ မရဲမဝံ့ ဆုတ်နစ်ခြင်းရှိသည်ဖြစ်၍ လည်းကောင်း၊ လွန်ပြီး သံသရာခရီးကို ထောက်စာလျှင် တနေ့တရက် တနံနက် တနာရီခန့်မျှသာ ထင်မှတ်သင့်သော ကမ္ဘာတသိန်း၊ တသင်္ချေနှင့် ကမ္ဘာတသိန်း၊ နှစ်သင်္ချေနှင့် ကမ္ဘာတသိန်း၊ လေးသင်္ချေနှင့် ကမ္ဘာတသိန်း၊ ရှစ်သင်္ချေနှင့် ကမ္ဘာတသိန်း၊ တဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာတသိန်းကာလကို အလွန်ရှည်သည်ဟု မှတ်ထင်သည်ဖြစ်၍ လည်းကောင်း ပစ္စေကဗုဒ္ဓါ အဂ္ဂသာဝက မဟာသာဝကဆုများကို မတောင့်တမူ၍ မဂ်ဖိုလ်နိဗ္ဗာန်ကို တောင့်တနေကြ၏။

သာဝက ဗောဓိဆုကိုတောင့်တ၍ ဒါနစသည်ကို ဖြည့်ကျင့်ပြီးသော သူသည် သာဝကပါရမီတို့၏ ပြည့်ပြီးသောအခါ၊ မပြည့်သေးမီအခါ၌ တပါးသော ဗောဓိကို တောင့်တနိုင် မတောင့်တနိုင်၊ ရနိုင် မရနိုင်၊ ရခဲ့

လျှင် မပြည့်စုံသေးသော ပါရမီတို့ကို ဖြည့်၍ရမည်လော၊
ပါရမီအသစ်တို့ကို ဖြည့်၍ရမည်လော။

ပကတိသာဝကဆုကို တောင့်တ၍ ဒါနစသည်တို့ကို ဖြည့်ကျင့်ပြီးသောသူသည် သာဝက ပါရမီတို့၏ ပြည့်ပြီးသည့်အခါ၊ မပြည့်သေးမီအခါ၌ အထက်တန်းဖြစ်သော မဟာသာဝက၊ အဂ္ဂသာဝက၊ ပစ္စေကဗောဓိ၊ သမ္ဗုဒ္ဓဗောဓိဆုကို တောင့်တနိုင်၏။ တောင့်တတိုင်း ရနိုင်၏။ ပကတိသာဝကအတွက် မပြည့်စုံသေးသော ပါရမီတို့ကို ဖြည့်ရန်မလို။ နောက်ထပ်အတွက် အသစ်တောင်းသော ဗောဓိအတွက် ပါရမီအသစ်တို့ကို ဖြည့်၍ ရနိုင်၏။

မှတ်ချက်။ ။အဇာတသတ်မင်းသည် ရှေးရှေးသောဘဝတို့၌ ပကတိသာဝကဆုကို ဖြည့်လာသောသူဖြစ်၍ သာ ဤနေရာ၌ပင် မဂ်ဖိုလ်ကို ရရာ၏ဟု ဘုရားဟောတော်မူသည်။ ပစ္စေကဗောဓိပါရမီကို ဖြည့်၍လာသောသူ ဖြစ်မူကား ထိုပါရမီသည် ကမ္ဘာသင်္ချေပင် ရင့်ပြီးဖြစ်သော်လည်း သာဝကဗောဓိကို မပေးနိုင်ရာ။ ရှေး၌ ဖြည့်ခဲ့ပြီးသော ပကတိသာဝက ဗောဓိပါရမီများသည်လည်း ပိတုဃာတကံ ကံတည်းဟူသော အန္တရာယ်နှင့်ယှဉ်ခြင်းကြောင့် ဤဘဝ၌သာဝကဗောဓိကို မပေးနိုင်။ ပစ္စေက ဗောဓိ၏ အလွန်ဝေးသော ဥပနိဿယ သတ္တိသာ ဖြစ်ရာ၏။ ထို့ကြောင့် ဤအဇာတသတ်မင်းသည် နိယတဗျာဒိတ်ရပြီးသည်မှ နောက်၌ နှစ်သင်္ချေနှင့် ကမ္ဘာတသိန်း

ကာလပတ်လုံး ပါရမီဖြည့်၍ ပစ္စေက ဗုဒ္ဓါဖြစ်လတ္တံ့ဟူသော အဋ္ဌကထာစကားကိုထောက်၍ အထက်ပါပုစ္ဆာကို ဖြေပါသည်။

မဟာသာဝကလောင်းသည် အထက်ဗောဓိသုံးပါးတို့တွင် တပါးပါးရရန် ပါရမီဖြည့်နိုင်၏။ အဂ္ဂသာဝကလောင်းသည် အထက်ဗောဓိနှစ်ပါးတို့တွင် တပါးပါး ဆုတောင်း၍ ပါရမီ ဖြည့်နိုင်၏။ ပစ္စေကဗုဒ္ဓါလောင်းသည် သဗ္ဗညုဗောဓိဆုတောင်း၍ ပါရမီဖြည့်နိုင်၏။အထက်ထက်သော ဗောဓိလောင်းများ သည် အောက်အောက်သော ဗောဓိတို့ကို ရရန် ပါရမီမဖြည့် ဟူ၍ မှတ်ပါလေ။

ဤဂေါတမဘုရားသာသနာ၌ ဗျာဒိတ်ရသော ပစ္စေကဗုဒ္ဓါလောင်းများ၏ အမည်နှင့် မည်သည့် ကမ္ဘာ၌ ဘယ်အမည်ဖြင့် ပစ္စေကဗုဒ္ဓါများ ဖြစ်ကြပါမည်နည်း။

ဒေဝဒတ်သည် ဤကမ္ဘာမှ ကမ္ဘာတသိန်းမြောက်၌ အဋ္ဌိဿရ ဟူသော အမည်ဖြင့် ပစ္စေကဗုဒ္ဓါဖြစ်လတ္တံ့ ဟူ၍ မိလိန္ဒပဉှာ ဓမ္မအဋ္ဌကထာ၌ လာ၏။ အဇာတသတ်မင်းသည် ဝိဇိတာဝီ မည်သော ပစ္စေကဗုဒ္ဓါဖြစ်လတ္တံ့ဟု သာမညဖလသုတ် အဋ္ဌကထာ၌လာသည်။ ကာလအပိုင်းအခြားမလာ။ သုမနပန်းသည် သည် ဤကမ္ဘာမှ ကမ္ဘာတသိန်းမြောက်၌ သုမနိဿရပစ္စေက ဗုဒ္ဓါဖြစ်လတ္တံ့ဟူ၍ သုတ္တနိပါတ် အဋ္ဌကထာ၌ လာသည်။ လယ်စောင့်ယောကျ်ားသည် ရတနံကုဋ္ဌိမည်သော ပစ္စေကဗုဒ္ဓါ ဖြစ်လတ္တံ့ဟူ၍ ထေရဂါထာပါဠိ၌ လာသည်။ ကာလအား ဖြင့်ကား ဤကမ္ဘာ၌ပင် အရိပ်ထင်၏။

ခင်ပုပ်ငှက်သည် ဤကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ သောမနဿမည်သော ပစ္စေကဗုဒ္ဓါဖြစ်လတ္တံ့ဟူ၍ သုတ္တနိပါတ် အဋ္ဌကထာစသည်၌ လာသည်။ ဦးဆောက်ပန်းလှူသော ယောကျ်ားသည် ဝဠံသကမည်သော ပစ္စေကဗုဒ္ဓါဖြစ်လတ္တံ့ဟူ၍ နေတ္တိပါဠိတော်များ၌ တွေ့မြင်သည်။ ဤကမ္ဘာအတွင်းပင် ဖြစ်မည့် အရိပ်ထင်၏။ တိုက်ရိုက်မလာ။

ပစ္စေကဗုဒ္ဓါများသည် အတ္ထရသ၊ ဓမ္မရသတွင် အဘယ်ကို သိပါသနည်း။ သူတပါးအား တရားဟောနိုင်ပါသလော၊ သစ္စာလေးပါးတို့ကို ဘယ်ကဲ့သို့ သိပါသနည်း။

ပစ္စေကဗုဒ္ဓါများသည် မိမိတို့သည်သာ သိကုန်၏။ သူတပါးကို သိစေခြင်းငှာ မတတ်နိုင်ကြကုန်။ သဘာဝတရား၏ ကိစ္စကိုသာ သိကုန်၏။ ပါဠိဓမ္မဟု ဆိုအပ်သော ဒေသနာ၏ ကိစ္စကို မသိကြကုန်။ လောကုတ္တရာတရားကို ပညတ်သို့ တင်၍ သူတပါးအား တရားဟောခြင်းငှာ မတတ်နိုင်ကုန်။ သူအသည် မြင်မက်သော အိပ်မက်ကို သူတပါးအား မပြောနိုင်သကဲ့သို့လည်းကောင်း၊ တောနေ မုဆိုးသည် နေပြည်တော်၌ စားအပ်သော ဟင်းလျာ၏ အရသာကို မသိသကဲ့သို့လည်းကောင်း ထိုပစ္စေကဗုဒ္ဓါတို့၏ သစ္စာလေးပါးတရားကို သိ၏ဟူ၍ သုတ္တနိပါတ်အဋ္ဌကထာ၌ မိန့်ဆိုပါသည်။

ပစ္စေကဗုဒ္ဓါများသည် အနိစ္စ ဒုက္ခ အနတ္တတို့တွင် အဘယ်ကိုသာ ဟောနိုင်ပါသနည်း။

ပစ္စေကဗုဒ္ဓါများသည် ကာမဂုဏ်ချမ်းသာ၏ အပြစ်၊ ကာမဂုဏ်မှ ထွက်မြောက်ခြင်း ချမ်းသာ၏ အကျိုးကို ပြခြင်းကို အရင်းမူသဖြင့် အနိစ္စသဘော အနိစ္စဟူသော ပညတ်၊ ဒုက္ခသဘော ဒုက္ခဟူသောပညတ်ကို ဟောနိုင်ကုန်၏။ အနတ္တသဘော အနတ္တဟူသော ပညတ်ကို မဟောနိုင်ကြကုန်။

ပစ္စေကဗုဒ္ဓါများသည် ဘယ်အနိစ္စ ဒုက္ခများကိုသာ ဟောနိုင်ကြပါသနည်း။

ပစ္စေကဗုဒ္ဓါများသည် သေခြင်းသဘော ဆွေမျိုးပျက်စီးခြင်း၊ စည်းစိမ်ပျက်စီးခြင်း၊ ရောဂါနှိပ်စက်ခြင်း၊ အပါယ်၌ ဖြစ်သော ဆင်းရဲခြင်းစသည်လျှင် အကြောင်းရင်းရှိသော ရုန့်ရင်းပေါ်လွင် ထင်ရှားသော အနိစ္စဒုက္ခကိုသာ ဟောနိုင်ကြကုန်၏။

ပစ္စေကဗုဒ္ဓါများသည် ဘယ်အနိစ္စ ဒုက္ခများကို မဟောနိုင်ကြပါသနည်း။

ပစ္စေကဗုဒ္ဓါများသည် ကာလသုံးပါး၌ ဖြစ်သော ရုပ်နာမ်တရားတို့၏ အဝိစ္ဆာသခါရစသော ပဋိစ္စသမုပ္ပါဒ်အကြောင်း, ကံ အာဟာရ ဖဿစသောအကြောင်း, ဟေတု အာရမ္မဏစသော ပဋ္ဌာန်းအကြောင်းကို အရင်းမူသဖြင့် ခဏိကအနိစ္စ၊ ခဏိကဒုက္ခများကို မဟောနိုင်ကြကုန်။

ပစ္စေကဗုဒ္ဓါများသည် ရုပ်နာမ်တရားတို့၏ ခဏိကအနိစ္စ၊ ခဏိကဒုက္ခကို ဟောနိုင်လျှင် ဘယ်အကျိုးများဖြစ်နိုင်ပါသနည်း။

ပစ္စေကဗုဒ္ဓါများသည် ရုပ်နာမ်တရားတို့၏ ခဏိကအနိစ္စ၊ ခဏိကဒုက္ခကို ဟောနိုင်ပါလျှင်၊ ခဏိကအနိစ္စလက္ခဏာ၊ ခဏိကဒုက္ခလက္ခဏာသင်မြင်လျှင် ဧကန်စင်စစ် အနတ္တလက္ခဏာကို ထင်မြင်နိုင်တော့မည်ဖြစ်၍ ထိုပစ္စေကဗုဒ္ဓါတို့၏တရားကို ကြားနာရသူတို့အား မိမိဖြည့်ဆည်းခဲ့ဖူးသော ပါရမီအား လျော်စွာ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ရနိုင်ကုန်ရာ၏။ ထိုသို့လည်း ရသူမရှိ။

> ပါရမီပြည့်ပြီးသော အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝကများသည် ဘုရားမပွင့်သော သုညကမ္ဘာ၌ ကျွတ်တမ်းဝင်နိုင်မည်လော၊ ဘယ်ကမ္ဘာ၌ ကျွတ်တမ်းဝင်နိုင်ပါသနည်း။

ပါရမီပြည့်ပြီးသော အဂ္ဂသာဝက၊မဟာသာဝကများသည် ဘုရားမပွင့်သော သုညကမ္ဘာ၌ ကျွတ်တမ်းမဝင်နိုင်ပေ။ သုညကမ္ဘာကိုလွန်၍ ဘုရားပွင့်သော အသုညကမ္ဘာ၌သာလျှင် ကျွတ်တမ်းဝင်နိုင်၏။

> ပါရမီဖြည့်ပြီးသော အဂ္ဂသာဝက၊မဟာသာဝက၊ ပကတိသာဝကလောင်းများသည် ဘုရား မပွင့်သော သုညကမ္ဘာ၌ အဘယ့်ကြောင့် ကျွတ်တမ်းမဝင်နိုင်ကြပါသနည်း။

ဂါရမီဖြည့်ပြီးသော အဂ္ဂသာဝက မဟာသာဝက ပကတိသာဝကလောင်းများသည် ဘုရား မပွင့်သော သုညကမ္ဘာ၌ စိပဿနာဉာဏ်မဂ်ဉာဏ်ဖြစ်ခြင်းငှာ လျော်ကပ်ပတ်သောတရားကို

ကြားနာရခြင်းအင်္ဂါ၊ မိမိ၏သင့်မြတ်သောအကြောင်းအားဖြင့် စိတ်ကို အာရုံ၌ ထားခြင်း အင်္ဂါနှစ်ပါးတို့၏ မဖြစ်နိုင်ခြင်းကြောင့် ကျွတ်တမ်းမဝင်နိုင်ကြပေ။

ပစ္စေကဗုဒ္ဓါလောင်း၊ ဘုရားလောင်း များ သည် ဘယ်အင်္ဂါ၌ တည်၍ သာ လျှင် ပစ္စေကဗောဓိဉာဏ်၊ သဗ္ဗညုတဉာဏ်ကို ဖြစ်စေကြပါသနည်း။

ပစ္စေကဗုဒ္ဓါလောင်း ဘုရားလောင်းများသည် မိမိ၏သင့်မြတ်သောအကြောင်းအားဖြင့် စိတ်ကိုအာရုံ၌ ထားခြင်းအင်္ဂါ၌သာလျှင်ဘည်၍ ပစ္စေကဗောဓိဉာဏ်ကိုဖြစ်စေကြ၏။ ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖြစ်ခြင်းငှာ သူတပါးထံမှ လျောက်ပတ်သောတရားကို ကြားနာရခြင်း မရှိပေ။

ကမ္ဘာ၏ သုညကမ္ဘာ အသုညကမ္ဘာဟူသော အမည်ကို ဘယ်ပုဂ္ဂိုလ်ဖြင့်သာလျှင် မှတ်အပ်ပါသနည်း။

သဗ္ဗညုဘုရားဖြင့် သာလျှင် ကမ္ဘာ၏ သုညကမ္ဘာ အသုညကမ္ဘာ ဟူသော အမည်ကို မှတ်အပ်၏။ ပစ္စေကဗုဒ္ဓါ စကြာမင်းတို့ဖြင့် ကမ္ဘာ၏ သုညကမ္ဘာ၊ အသုညကမ္ဘာဟူသော အမည်ကို မမှတ်အပ်။

ဘုရားမပွင့်သော သုညကမ္ဘာ၌ အဘယ့်ကြောင့် ပစ္စေကဗုဒ္ဓါ စကြာမင်းများ ဖြစ်နိုင်ပါသနည်း။

ကမ္ဘာ၏ သုညကမ္ဘာ၊ အသုညကမ္ဘာ ဟူသော အမည်ကို ပစ္စေကဗုဒ္ဓါ၊ စကြာမင်းတို့ဖြင့် မမှတ်အပ်သည့်အဖြစ်ကြောင့်

ဘုရားမပွင့်သော သုညကမ္ဘာ၌ ပစ္စေကဗုဒ္ဓါ စကြာမင်းများ ဖြစ်နိုင်ကြပါသည်။

> အချို့စာ၌ ဘုရားဖြစ်သော အသုညကမ္ဘာ၌သာလျှင် ပစ္စေကဗုဒ္ဓါ စကြာမင်း ဖြစ်နိုင်၏။ အချို့စာ၌ ဘုရားမဖြစ်သောသုညကမ္ဘာ၌လည်း ပစ္စေကဗုဒ္ဓါ စကြာမင်းဖြစ်နိုင်၏ဟူ၍ဆိုရာ၌ အချင်းချင်းညီညွတ်အောင် ညှိနှိုင်းပြပါ။

သမန္တစက္ခုဒီပနီဆရာမြတ် ဤသို့ ညှိတော်မူ၏။ အသုညကမ္ဘာဟူသည်ကား ဘုရားပွင့်၏။ ဘုရားမပွင့်ရှိစေကာမူ ပစ္စေကဗုဒ္ဓါဖြစ်သေး၏။ ဘုရားပစ္စေကဗုဒ္ဓါမဖြစ်ရှိစေကာမူ စကြာမင်းဖြစ်သေး၏။ ဤသုံးပါးတွင် တပါးပါးပင်ဖြစ်သော်လည်း အသုညကမ္ဘာသာလျှင် မည်သတည်း။ ဤသို့ ညှိတော်မူ၏။

> သဗ္ဗညုဘုရားတို့ သည် သာလျှင် ဗျာဒိတ် ပေးနိုင်ကုန်ပါသလော၊ သို့တည်းမဟုတ် ပစ္စေက ဗုဒ္ဓါ ဗုဒ္ဓသာဝကတို့သည်လည်း ဗျာဒိတ်ပေးနိုင်ကုန်ပါသလော။

ဘုရားလောင်းတို့၏ နိယတဗျာဒိတ်ရကြောင်း အင်္ဂါရှစ်ပါး၌ သတ္တာရဒဿနံ သက်တော်ထင်ရှားဘုရားကို ဖူးတွေ့ရခြင်းဟူသော စတုတ္ထအင်္ဂါထင်ရှားရှိသည့်အဖြစ်ကြောင့် ဘုရားလောင်းတို့၏ အစဆုံးဖြစ်သော နိယတဗျာဒိတ်ကို သဗ္ဗညုဘုရားတို့သည်သာလျှင် ပေးနိုင်ကုန်၏။ ပစ္စေကဗုဒ္ဓါ သာဝကတို့သည် မပေးနိုင်ကြကုန်။

အစဆုံးဘုရားဆုကို ဘယ်ပုဂ္ဂိုလ်၏ အထံ၌ ဆုတောင်းမှသာ ပြည့်စုံပါသနည်း၊ ဘယ်ပုဂ္ဂိုလ်ထံ၌ ဆုတောင်းခြင်းသည် မပြည့်စုံပါသနည်း။

အစဆုံး ဘုရားဆုကို သက်တော်ထင်ရှားရှိသော မြတ်စွာဘုရား၏အထံ၌ ဆုတောင်းမှသာ ပြည့်စုံနိုင်၏။ ဘုရားပရိနိဗ္ဗာန်စံပြီးသည်ရှိသော် စေတီတော်၏အထံ၌လည်းကောင်း၊ ပစ္စေကဗုဒ္ဓါ၊ ဗုဒ္ဓသာဝကတို့၏ အထံ၌လည်းကောင်း ဆုတောင်းခြင်းသည် မပြည့်စုံနိုင်ပေ။

အဘယ့်ကြောင့် အစအဆုံးဘုရားဆုကို သက်တော်ထင်ရှားရှိသော မြတ်စွာဘုရားအထံ၌ ဆုတောင်းမှသာ ပြည့်စုံပါသနည်း။

အသက်ကိုစွန့်၍ ပူလိုက်သော ပူဇော်သက္ကာရ၏ အားကြီးသည့်အဖြစ်ကြောင့် အစဆုံး ဘုရားဆုကို သက်တော် ထင်ရှားရှိသော မြတ်စွာဘုရား၏အထံ၌ ဆုတောင်းမှသာလျှင် ပြည့်စုံနိုင်ပါသည်။

ဘုရား၏ ထေရ ထေရီ သာဝကတို့ကဲ့သို့ နတ်ပြဟ္မာတို့သည်လည်း ကမ္ဘာတရာ ကမ္ဘာတထောင် စသောကာလပတ်လုံးသာ ပါရမီဖြည့်၍ ကျွတ်တမ်းဝင်ကြကုန်ပါသလော၊ သို့တည်းမဟုတ် ထို အောက်ယုတ်သောကာလဖြင့်သာ ပါရမီဖြည့်၍ ကျွက်တမ်းဝင်ကြပါကုန်သလော။

ဒီပင်္ကရာဘုရားသာသနာမှ ဆုတောင်းပတ္တနာပြု၍ လူနတ်ဗြဟ္မာတို့သည်လည်း ယခုဂေါတမ သာသနာ၌ ရဟန်းဖြစ်၍ ကျွတ်တမ်းဝင်သော သူတို့သည်လည်း များစွာပင် ရှိကုန်ရာ၏။ ပကတိသော လူနတ်ဗြဟ္မာအဖြစ်ဖြင့် ကျွတ်တမ်းဝင်သော သူတို့သည်လည်း များစွာပင် ရှိကုန်ရာ၏။ ထို့ကြောင့် ရဟန်းအဖြစ်ဖြင့် ကျွတ်တမ်း ဝင်လိုသော သူတို့အားလည်း ပါရမီဖြည့်ရာကာလကို ပိုမို၍ ဖြည့်ရခြင်းမရှိ။ ပကတိသော လူ နတ်ဗြဟ္မာအဖြစ်ဖြင့် ကျွတ်တမ်း ဝင်လိုသော သူတို့အား လည်း ပါရမီဖြည့်ရာကာလကို ယုတ်လျော့၍ ဖြည့်ရခြင်းမရှိ။ ရဟန်းနှင့်လူနတ်ဗြဟ္မာတို့အား ဆိုအပ်ပြီးသော နှစ်ခုသုံးခုသော ဘုရားဖြစ်ရာအကြားကာလကို အယုတ်ဆုံးထား၍ ပါရမီဖြည့်ရာ ကာလကို ပိုင်းခြားသင့်သည်ဟု မှတ်ပါလေ။

> ဟေဝါဘိက္ခု အဖြစ်ဖြင့် ကျွတ်တမ်း ဝင်လို သော ယောကျ်ားများသည် ဘယ်ပစ္စည်းမျိုးကိုလှူ၍ ဘယ်လို ဆုတောင်းရပါမည်နည်း။

ဟေဝါဘိက္ခုအဖြစ်ဖြင့် ကျွတ်တမ်း ဝင်လိုသော ယောကျ်ားများသည် ဘုရား ပစ္စေကဗုဒ္ဓါ အရိယာ သာဝက ကလျာဏပုထုဇဉ် စေတီတော် ပေါဓိပင်တို့အား ပရိက္ခရာရှစ်ပါးကိုသော်လည်းကောင်း၊ တိစီဝရိတ်သင်္ကန်းမျှကိုသော်လည်းကောင်း လှူဒါန်း၍ ငါ၏ကုသိုလ်သည် နောင်အခါ ဟေဝါဘိက္ခု ဖြစ်ခြင်း၏ အထောက်အပံ့ ဖြစ်စေသော်ဟူ၍ ဆုတောင်းရာ၏။

ဟေတိကဒွိုအဖြစ်ဖြင့် ကျွတ်တမ်းဝင်လိုသော မိန်းမ
များသည် ဘယ်ပစ္စည်းမျိုးကိုလှူ၍ ဘယ်လိုဆုတောင်း
ရပါမည်နည်း။

ဟေတိကဒွိုအဖြစ်ဖြင့်ကျွတ်တမ်းဝင်လိုသော မိန်းမများသည် ဘုရားပစ္စေကဗုဒ္ဓါ အရိယာသာဝက ကလျာဏပုထုဇဉ် စေတီတော် ဗောဓိပင် တို့အား ပရိက္ခရာ ရှစ်ပါးကို သော်လည်းကောင်း၊ တိစီဝရိတ်မျှကိုသော် လည်းကောင်း လှူဒါန်း၍ ငါ၏ ကုသိုလ်သည် နောင်အခါယောက်ျားစင်စစ်ဖြစ်လျက်ဟေတိကဒွိုဖြစ်ခြင်း၏ အထောက်အပံ့ ဖြစ်စေသော်ဟူ၍ ဆုတောင်းရာ၏။

အဘယ်ပုဂ္ဂိုလ်များသည် မုချအားဖြင့် ဗုဒ္ဓသာဝက၊ ပရိယာယ်အားဖြင့် ဗုဒ္ဓသာဝကများ ဖြစ်နိုင်ပါသနည်း။

အရိယာဖြစ်သော ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊ သာမဏေယောကျ်ား၊ သာမဏေမိန်းမ၊ သိက္ခမာန်မိန်းမဟူသော သိုတင်းသုံးတော် ငါးဦးတို့သည်သာလျှင် မုချအားဖြင့် ဗုဒ္ဓသာဝက ဘုရားတပည့် ဖြစ်နိုင်ကြကုန်၏။ ပုထုဇဉ်ဖြစ်သော ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊ သာမဏေ ယောကျ်ား၊ သာမဏေမိန်းမ၊ သိက္ခမာန်မိန်းမတို့သည်လည်းကောင်း၊ နေအိမ်ဗိမာန်၌ နေသော လူ နတ် ဗြဟ္မာတို့သည် လည်းကောင်း ပရိယာယ် အားဖြင့် ဗုဒ္ဓသာဝက ဘုရားတပည့် ဖြစ်နိုင်ကြကုန်၏။

အဘယ်ပုဂ္ဂိုလ်များသည် အရိယာသာ ဖြစ်၍ သာဝက မဖြစ်၊ သာဝကသာဖြစ်၍ အရိယာမဖြစ်၊ အရိယာ

လည်း မဖြစ် သာဝကလည်း မဖြစ်၊ အရိယာလည်းဖြစ်၊ သာဝကလည်း ဖြစ်နိုင်ကြပါသနည်း။

ဘုရားပစ္စေကဗုဒ္ဓါများသည် အရိယာဖြစ်၍ သာဝကမဖြစ်နိုင်။ မလာသေး, မရသေးသော ဖိုလ်ရှိသော သရဏဂုံ တည်သောလူသည် သာဝကဖြစ်၍ အရိယာမဖြစ်နိုင်။ တိတ္ထိပေါင်းများစွာသည် အရိယာလည်း မဖြစ်နိုင်၊ သာဝကလည်း မဖြစ်နိုင်။ လာပြီး ရပြီးသော ဖိုလ်ရှိသော သိအပ်ပြီးသော သာသနာရှိသော သာကီဝင်မင်းသား ဘုရား၏ သားတော်စစ် ဖြစ်သော ရဟန်းသည် အရိယာလည်း ဖြစ်၊ သာဝကလည်း ဖြစ်နိုင်၏။

မည်သည့်ဌာနများ၌ မြတ်စွာဘုရား၏ တရားတော်ကို ကြားနာရသဖြင့် မဒရမတွက်နိုင်သော သတ္တဝါများ ကျွတ်တမ်းဝင်ကြပါသနည်း။

မဟာရာဟုလောဝါဒသုတ်၊ မဟာမင်္ဂလသုတ်၊ သမစိတ္တသုတ်၊ ပရာဘဝသုတ်၊ ပုရာဘေဒသုတ်၊ ကလဟဝိဝါဒသုတ်၊ စူဠဗျူဟသုတ်၊၊ တုဝဋ္ဋကသုတ်၊ သာရိပုတ္တသုတ်၊ ဓမ္မစကြာသုတ်၊ ဗုဒ္ဓဝံသဒေသနာ၊ မဟာသမယသုတ်၊ စူဠရာဟုလောဝါဒသုတ်၊ မဟာဗျူဟသုတ်၊ သမ္မာပရိဗ္ဗာဇနီယသုတ်၊ ဤဆယ့်ငါးဌာနတို့၌ မြတ်စွာဘုရား၏ တရားတော်ကို ကြားနာရသဖြင့် မရေမတွက် နိုင်သော သတ္တဝါများ ကျွတ်တမ်းဝင်ကြပါသည်။

မည်သည့်ဌာနများ၌ မြတ်စွာဘုရား တရားတော်ကို ကြားနာရသဖြင့် ကုဋေ များစွာသော သတ္တဝါများ ကျွတ်တမ်းဝင်ကြပါသနည်း။

တန်ခိုးပြရာ ကဏ္ဍဝ်အစည်းအဝေး၌ ကုဋေ နှစ်ဆယ်၊ ဓနပါလဆင်ကိုဆုံးမရာ၌ ကုဋေကိုးဆယ်၊ ပရာယန အစည်းအဝေး၌ တဆယ့်လေးကုဋေ၊ ဝဏ္ဏသာလက္ခဏ၌ ကုဋေရှစ်ဆယ်၊ အဘိဓမ္မာဟောရာ၌ ကုဋေရှစ်ဆယ်၊ နတ်ပြည်မှဆင်းရာ၌ ကုဋေ သုံးဆယ်၊ ဤသတ္တဝါများသည် မြတ်စွာဘုရား၏ တရားတော်ကို နာကြားရသဖြင့် ကျွတ်တမ်းဝင်ကြပါသည်။

မည်သည့်ဌာနများ၌ မြတ်စွာဘုရား၏ တရားတော်ကို ကြားနာရသဖြင့် ရှစ်သောင်း လေးထောင်သော သတ္တဝါများ ကျွတ်တမ်းဝင်ကြပါသနည်း။

သုမနပန်းသည် အစည်းအဝေး၊ ဂရဟာဒိန္နအစည်းအဝေး၊ အာနန္ဒသေဋ္ဌေး အစည်းအဝေး၊ ဇမ္ဗုကအစည်းအဝေး၊ မဏ္ဍုကနတ်သား အစည်းအဝေး၊ မဋ္ဌကုဏ္ဍလီနတ်သား အစည်းအဝေး၊ သုလသာအစည်းအဝေး၊ သိရိမာအစည်းအဝေး၊ ယက်ကန်းသည်သမီး အစည်းအဝေး၊ စူဠသုဘဒ္ဒါအစည်းအဝေး၊ သာကေတပုဏ္ဏားအစည်းအဝေး၊ သုနာပရန္တအစည်းအဝေး၊ သက္ကပဉ္စအစည်းအဝေး၊ တိရောကုဋ္ဋအစည်းအဝေး၊ ရတနသုတ်အစည်းအဝေး၊ ဤတဆယ့်ငါးဌာနတို့၌ မြတ်စွာဘုရား၏ တရားတော်ကို ကြားနာရသဖြင့် ရှစ်သောင်းလေးထောင်စီ ဖြစ်သော သတ္တဝါများ ကျွတ်တမ်းဝင်ကြပါသည်။

ပါရမီဖြည့်သော်လည်း နိယတဗျာဒိတ် မရသေးသော ဘုရားလောင်း၊ ရပြီးသော ဘုရားလောင်းများသည် အဘယ်စကြဝဠာ၌ ဖြစ်ကြပါသနည်း။

ပါရမီဖြည့်သော်လည်း နိယတဗျာဒိတ် မရသေးသော ဘုရားလောင်းများသည် ဤဘုရားပွင့်သော စကြာဝဠာ၌လည်း ဖြစ်နိုင်၊ ဤစကြာဝဠာမှ တပါးသော စကြာဝဠာများ၌လည်း ဖြစ်နိုင်ကြသေး၏။ နိယတဗျာဒိတ်ရပြီးသော ဘုရားလောင်းများသည်ကား ဤဘုရားပွင့်သော စကြာဝဠာ၌သာ ဖြစ်နိုင်ကြ၏။ တပါးသော စကြာဝဠာများ၌ မဖြစ်နိုင်ဘော့ပြီ။

နိယတဗျာဒိတ်ရပြီးသော ဘုရားလောင်းများသည် ဤစကြာဝဠာ၌ ကျွန်းကြီးလေးကျွန်းတွင် ဘယ်ကျွန်း၌သာ ဖြစ်နိုင်ကြပါသနည်း။

နိယတဗျာဒိတ်ရပြီးသော ဘုရားလောင်းများသည် အတုမရှိကြီးမြတ်သော ဆုတောင်းခြင်းဟူသော ကုသိုလ်၏ အာနုဘော်ကြောင့်လည်းကောင်း ဘုရားဖြစ်ခြင်း၊ အကျိုးငှာ ပါရမီဖြည့်ခြင်း၌ မြဲမြံသော ဆန္ဒ အာသယ, လုံ့လ ဥဿာဟရှိသည့်အဖြစ်ကြောင့်လည်းကောင်း၊ ပတိရူပဒေသ ဗုဒ္ဓဘူမိဖြစ်သော ဤဇမ္ဗူဒိပ်ကျွန်း၌သာ ဖြစ်နိုင်၏။ ပဋိရူပဒေသ ဗုဒ္ဓဘူမိမဟုတ်သော ပုဗ္ဗဝိဒေဟ အရှေ့ကျွန်း၊ အပရဂေါယာန အနောက်ကျွန်း၊ ဥတ္တရကုရုမြောက်ကျွန်းတို့၌ မဖြစ်တော့ပြီ။

နိယတဗျာဒိတ်ရပြီးသော ဘုရားလောင်းများသည် ဤဇမ္ဗူဒိပ်ကျွန်းတွင် အရံကျွန်းငယ်များ၌ ဖြစ်နိုင်ပါသလော။

ဒုကနိပါတ် ဝလာဟကဇာတ်၌ ဂေါတမဘုရားလောင်းသည် သီဟိုဠ်ကျွန်း၌ဖြစ်ခြင်းကို ထောက်ထား၍ နိယတဗျာဒိတ်ရပြီးသော ဘုရားလောင်းများသည် ဇမ္ဗူဒိပ်ကျွန်းတွင် အရံကျွန်းငယ်များ၌လည်း ဖြစ်နိုင်သေးကြောင်း ထင်ရှားပါသည်။

နိယတဗျာဒိတ်ရပြီးသော ဘုရားလောင်းများသည် နတ်ပြည် ဗြဟ္မာ့ပြည်တွင် ဖြစ်ရာ၌ ကြာမြင့်စွာ မနေရပဲ အဘယ့်ကြောင့် မြန်မြန်သေလွန်ရပါသနည်း။

နတ်ပြည် ဗြဟ္မာ့ပြည်များ၌ ဒါနစသော ပါရမီများကို ဖြည့်ကျင့်ဖို့ရာ အလွန်ခဲယဉ်းသည့် အဖြစ်ကြောင့် နိယတဗျာဒိတ်ရပြီးသော ဘုရားလောင်းများသည် နတ်ပြည် ဗြဟ္မာ့ပြည်တွင် ဖြစ်ရာ၌ ကြာမြင့်စွာ မနေရပဲ မြန်မြန်သေလွန်ရပါသည်။

ဘုရားလောင်းများသည် ပါရမီဖြည့်၍ အဆုံးဘဝရောက်သောအခါ၌ အဘယ်ခေတ်၊ အဘယ်ကျွန်း၊ အဘယ်အရပ်၌ ဖြစ်နိုင်ကြပါသနည်း။

ဘုရားလောင်းများသည် ပါရမီဖြည့်၍ အဆုံးဘဝရောက်သောအခါ၌ စကြဝဠာတသောင်းရှိသော ဇာတိခေတ်၌သာ ဖြစ်နိုင်၏။ ဇာတိခေတ် စကြဝဠာတသောင်းတွင်လည်း ဤစကြဝဠာ၌သာ ဖြစ်နိုင်၏။ ဤစကြဝဠာတွင်လည်း ဤဇမ္ဗူဒီပတောင်ကျွန်း၌သာ ဖြစ်နိုင်၏။ ဤဇမ္ဗူဒီပတောင်ကျွန်းတွင်

လည်း အလျားယူဇနာသုံးရာ၊ အနံယူဇနာ တရာ့ငါးဆယ်၊ အဝန်းယူဇနာကိုးရာရှိသော မဇ္ဈိမအရပ်၌သာ ဖြစ်နိုင်၏။ ဤမှတပါးသောခေတ် စကြဝဠာကျွန်း အရပ်များ၌ မဖြစ်နိုင်ကြပေ။

> ဘုရားလောင်းများ နောက်ဆုံးဘဝဖြစ်ရာ မဇ္ဈိမအရပ်ကို အရပ်များဖြင့် ပိုင်းခြား၍ ပြစမ်းပါ။

မဟာဗောဓိကို အလယ်မဏ္ဍိုင်ပြု၍-

အရှေ့ကိုလားသော် ဇင်္ဂလနိဂုံး၏ပြင်ဘက် အင်ကြင်းပင်ကြီး။ အရှေ့တောင်ကိုလားသော် သလ္လဝတီမြစ်။ တောင်ကိုလားသော် သေတကဏ္ဏိကနိဂုံးရွာ။ အနောက်ကိုလားသော် ထုနမည်သော ပုဏ္ဏားရွာ။ မြောက်ကို လားသော် ဥသိရဒ္ဓဇတောင်။ ဤနယ်နိမိတ်ငါးရပ်တို့ဖြင့် သတ်မှတ်ထားအပ်သော အရပ်သည် ဘုရားလောင်းများနောက်ဆုံးဖြစ်ရာ မဇ္ဈိမအရပ်ဖြစ်၏။ (ဤကား ပါဠိတော်နည်း။)

> အဋ္ဌကထာနည်းအားဖြင့် မည်သည့် အရပ်သည် မဇ္ဈိမအရပ်၊ ပစ္စန္တရစ်အရပ် ဖြစ်ပါသနည်း။

အဋ္ဌကထာနည်းအားဖြင့် ထောက်ဆ၍မဇ္ဈိမအရပ်ကိုယူရ၏။ အလုံးစုံသော ကျွန်းသုံးကျွန်းသည် ပစ္စန္တဇနပုဒ်ဖြစ်၏။ သီဟိုဠ်ကျွန်း၌ အနုရာဓမြို့သည် မဇ္ဈိမအရပ်ဖြစ်၏။ ကြွင်းသောအရပ်သည် ပစ္စန္တရစ်ဇနပုဒ်ဖြစ်၏။

> မည်သည့် အရပ်မျိုးသည် ပဋိရူပ ဒေသအရပ် ဖြစ်နိုင်ပါသနည်း။

ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊ ဥပါသကာ၊ ဥပါသိကာမတို့၏လည်းကောင်း၊ ယင်းတို့အပြင် ကမ္မဝါဒီ ကြိယဝါဒီဖြစ်သော ပညာရှိတို့၏လည်းကောင်း နေထိုင်ရာ အရပ်သည် ပဋိရူပ ဒေသအရပ်၊ သင့်လျော်သောအရပ်ဖြစ်ပါသည်။ တနည်း— ပရိသတ်လေးပါးတို့၏ လှည့်လည်သွားလာရာ အရပ်၊ ဒါနစသော ပုညကိရိယဝတ္ထုတို့၏ ဖြစ်ရာအရပ်၊ အင်္ဂါကိုးပါးရှိသော ဘုရားသာသနာ၏ ထွန်းတောက်ရာအရပ်သည် ပဋိရူပ ဒေသအရပ်ဖြစ်၏။

မဟာသာဝက၊ ပကတိသာဝကများသည် နောက်ဆုံးအရပ် မဇ္ဈိမအရပ်အပြင် ပစ္စန္တ ဇနပုဒ်အရပ်များ၌ ဖြစ်နိုင်ကြပါသလော။

မဟာသာဝကတို့တွင် သုနာပရန္တ အရှင်ပုဏ္ဏမထေရ်၊ အရှင်မဟာကပ္ပိနမထေရ် စသည်တို့သည် မဇ္ဈိမဒေသမှအပ ပစ္စန္တဇနပုဒ်၌ ဖြစ်ပုံကိုထောက်သဖြင့် အချို့သော မဟာသာဝက ပကတိသာဝကများသည် မဇ္ဈိမအရပ်အပြင် ပစ္စန္တ ဇနပုဒ်အရပ်၌လည်း ဖြစ်နိုင်ပါသည်။

မြတ်စွာဘုရားသည် ဤစကြာဝဠာမှ တပါးသော စကြာဝဠာများ၌ တရားဟောကြပါသေးသလော။ ကြွ၍ တရားဟောလျှင် ထိုစကြာဝဠာရှိ လူများ မဂ်ဖိုလ်တရားကို ရနိုင်ပါသလော။

အာနန္ဒာ၊ ငါဘုရားသည် အရာမကသော မင်းပရိသတ်သို့ ကပ်၍ ထိုမင်းတို့၏ အဆင်းအသံနှင့်တူလျက် တရားဟော၏။ ထိုမင်းပရိသတ်တို့သည် တရားဟောသောငါဘုရားကို လူလား နတ်လားဟူ၍ မသိကြကုန်။တရားဟောပြီး၍ ကွယ်ပျောက်သွားသော ငါဘုရားကို နတ်လား လူလားဟူ၍ မသိကြကုန်ဟူသော သုတ်မဟာဝါ ပါဠိတော်စကားဖြင့် မြတ်စွာဘုရားသည် ဤစကြဝဠာမှ တပါးသော စကြဝဠာများ၌ တရားဟောကြောင်း သိနိုင်သည်။ တရားဟောသော်လည်း ထိုစကြဝဠာရှိလူများ မဂ်ဖိုလ်မရနိုင်ကြပါ။

> တပါးသော စကြဝဠာရှိ လူများ မဂ်ဖိုလ်မရနိုင်မှန်းသိလျက် ဘယ်အကျိုးငှာ ထိုသူတို့အား တရားဟောရပါသနည်း။

မြတ်စွာဘုရားသည် တပါးသော စကြဝဠာရှိ လူများ မဂ်ဖိုလ်မရနိုင်မှန်းသိသော်လည်း တရားတော်၌ အထုံဝါသနာဖြစ်ခြင်းအကျိုးငှာ ထိုတပါးသော စကြဝဠာရှိ လူတို့အား တရားဟောရခြင်း ဖြစ်ပါသည်။

## ၃၄။ ပဉ္စမဟာပရိစ္စာဂကထာ

### စွန့်ခြင်းကြီးငါးပါး

တထာဂတ ပုဒ် အဖွင့် သီလက္ခန် အဋ္ဌကထာ စသည်၌ အင်္ဂပရိစ္စာဂ၊ နယနပရိစ္စာဂ၊ ဓနရိစ္စာဂ၊ ရဇ္ဇပရိစ္စာဂ၊ ပုတ္တဒါရ

ပရိစ္စာဂဟူ၍လည်းကောင်း၊ မူလပဏ္ဏာသ စူဠသီဟနာဒသုတ် အဋ္ဌကထာ၌— အင်္ဂပရိစ္စာဂ၊ ပုတ္တဒါရပရိစ္စာဂ၊ ရဇ္ဇပရိစ္စာဂ၊ အတ္တပရိစ္စာဂ၊နယနပရိစ္စာဂဟူ၍လည်းကောင်း၊ ဝိသုဒ္ဓိမဂ်ဋီကာ၌—အတ္တပရိစ္စာဂ နယနပရိစ္စာဂ၊ ဓနပရိစ္စာဂ၊ ရဇ္ဇပရိစ္စာဂ၊ ပုတ္တပရိစ္စာဂဟူ၍လည်းကောင်း၊ မဟာဝဂ္ဂ မဟာပဓာနသုတ်ဋီကာ၌— အင်္ဂပရိစ္စာဂ၊ နယနပရိစ္စာဂ၊ အတ္တပရိစ္စာဂ၊ ရဇ္ဇပရိစ္စာဂ၊ ပုတ္တဒါရပရိစ္စာဂဟူ၍လည်းကောင်း၊ ဣတိဝုတ် ဒုကနိပါတ ဒုကဝဂ္ဂသုတ်အဋ္ဌကထာ၌—အင်္ဂပရိစ္စာဂ၊အတ္တပရိစ္စာဂ၊ ဓနပရိစ္စာဂ၊ ပုတ္တဒါရပရိစ္စာဂ၊ ရဇ္ဇပရိစ္စာဂဟူ၍လည်းကောင်း၊ ဗုဒ္ဓဝံသအဋ္ဌကထာ၌—အင်္ဂပရိစ္စာဂ၊ဇီဝိတပရိစ္စာဂ၊ဓနပရိစ္စာဂ၊ ရဇ္ဇပရိစ္စာဂ၊ ပုတ္တဒါရပရိစ္စာဂဟူ၍ လည်းကောင်း၊ ဝေသန္တရ ဇာတက အဋ္ဌကထာ၌— ဓနပရိစ္စာဂ၊ အင်္ဂပရိစ္စာဂ၊ ပုတ္တပရိစ္စာဂ၊ဘရိယပရိစ္စာဂ၊ဇီဝိတပရိစ္စာဂဟူ၍လည်းကောင်း၊ ဇိနာလင်္ကာရ၌—ဓနပရိစ္စာဂ၊ သုတပရိစ္စာဂ၊ ဘရိယပရိစ္စာဂ၊ အင်္ဂပရိစ္စာဂ၊ ဇီဝိတ ပရိစ္စာဂဟူ၍လည်းကောင်း၊ အဘိဓာန်၌ ဓနပရိစ္စာဂ၊ ပုတ္တပရိစ္စာဂ၊ ဒါရပရိစ္စာဂ၊ ရဇ္ဇပရိစ္စာဂ၊ အင်္ဂပရိစ္စာဂဟူ၍လည်းကောင်း စွန့်ခြင်းကြီးငါးပါးတို့ကို အသီးအသီးဆိုကြကုန်၏။

ဗုဒ္ဓဝံသအဋ္ဌကထာ၌— ဒါနပါရမိယံ တာဝ အင်္ဂပရိစ္စာဂေါ ပါရမီ နာမ။ ဗာဟိယာ ဘဏ္ဍပရိစ္စာဂေါ ဥပပါရမီ နာမ။ ဇီဝိတ ပရိစ္စာဂေါ ပရမတ္ထပါရမီ နာမ။

ဇာတ်အဋ္ဌကထာနိဒါန်း၌— ဗာဟိယဘဏ္ဍပရိစ္စာဂေါ ဒါနပါရမီနာမ။ အင်္ဂပရိစ္စာဂေါ ဒါနဉပပါရမီ နာမ။ ဇီဝိတပရိစ္စာဂေါ ဒါနပရမတ္ထပါရမီ နာမ။

သီလက္ခန် အင်္ဂုတ္တိုရ်ဋီကာတို့၌ — ပုတ္တဒါရဓနာဒိဉပကရဏ ပရိစ္စာဂေါ ပန ဒါနပါရမီ။ အတ္တနော အင်္ဂပရိစ္စာဂေါဒါနဉပပါရမီ။ အတ္တနော ဇီဝိတပရိစ္စာဂေါဒါနပရမတ္ထပါရမီဟူ၍ အသီးသီးဆိုကြ၏။ ထိုသို့ ဆိုကြရာ၌ ပါရမီ ဉပပါရမီဘို့၌ အရကောက် မတူမူ၍ ပရမတ္ထပါရမီ အရကောက်၌သာ တူကြ၏။

သီလက္ခန်အဋ္ဌကထာ စသည်၌— လက်ခြေစသော အင်္ဂါကို စွန့်ခြင်း၊ မျက်စိကို စွန့်ခြင်း၊ ရွှေငွေစသော ဝတ္ထုကို စွန့်ခြင်း၊ သားမယားကို စွန့်ခြင်း၊ အသက်ကို စွန့်ခြင်း၊ ဤငါးပါးတို့ကို ပဉ္စမဟာပရိစ္စာဂ— ငါးပါးသော စွန့်ခြင်းကြီးဟု ဆို၏။

မူလပဏ္ဏာသ စူဠသီဟနာဒသုတ် အဋ္ဌကထာ၌— လက်ခြေစသော အင်္ဂါကို စွန့်ခြင်း၊ သားမယားကို စွန့်ခြင်း၊ တိုင်းပြည်ကို စွန့်ခြင်း၊ ကိုယ်ကိုစွန့်ခြင်း၊ မျက်စိကို စွန့်ခြင်း၊ ဤငါးပါးတို့ကို ပဉ္စမဟာပရိစ္စာဂဟု ဆို၏။

မဟာဝဂ္ဂ မဟာပဒါနသုတ် ဋီကာ၌—လက်ခြေစသောအင်္ဂါကို စွန့်ခြင်း၊ မျက်စိကို စွန့်ခြင်း၊ ကိုယ်ကိုစွန့်ခြင်း၊ တိုင်းပြည်ကို စွန့်ခြင်း၊ သားမယားကို စွန့်ခြင်း၊ ဤငါးပါးတို့ကို ပဉ္စမဟာပရိစ္စာဂဟု ဆို၏။

ဣတိဝုတ်အဋ္ဌကထာ၌— လက်ခြေစသော အင်္ဂါကို စွန့်ခြင်း၊ ကိုယ်ကိုစွန့်ခြင်း၊ ရွှေငွေစသော ဝတ္ထုကို စွန့်ခြင်း၊ သားမယားကို စွန့်ခြင်း၊ တိုင်းပြည်ကို စွန့်ခြင်း၊ ဤငါးပါးတို့ကို ပဥ္စမဟာပရိစ္စာဂဟု ဆို၏။

ဗုဒ္ဓဝံသအဋ္ဌကထာ၌—လက်ခြေစသော အင်္ဂါကို စွန့်ခြင်း၊ အသက်ကို စွန့်ခြင်း၊ရွှေငွေစသော ဝတ္ထုကိုစွန့်ခြင်း၊ တိုင်းပြည်ကို စွန့်ခြင်း၊သားမယားကို စွန့်ခြင်း။ဤငါးပါးတို့ကို ပဥ္စမဟာပရိစ္စာဂဟု ဆို၏။

ဝေဿန္တရဇာတ် အဋ္ဌကထာ၌—ရွှေငွေစသောဝတ္ထုကို စွန့်ခြင်း၊ လက်ခြေစသော အင်္ဂါကိုစွန့်ခြင်း၊ သားသမီးကိုစွန့်ခြင်း၊ မယားကိုစွန့်ခြင်း၊ အသက်ကိုစွန့်ခြင်း၊ ဤငါးပါးတို့ကို ပဥ္စမဟာပရိစ္စာဂဟု ဆို၏။

ဇိနာလင်္ကာရ၌— ဝေဿန္တရာဇာတ် အဋ္ဌကထာအတိုင်း ပဥ္စမဟာပရိစ္စာဂ ယူ၏။

## ဒါနပါရမီ၌ ဥပပါရမီယူပုံ မတူခြင်း

ဗုဒ္ဓဝံသအဋ္ဌကထာ၌— ဒါနပါရမီ၌ လက်ခြေစသောအင်္ဂါကို စွန့်ခြင်းသည် ပါရမီမည်၏။ ကိုယ်မှအပ ဖြစ်သော ရွှေငွေစသော ဝတ္ထုကို စွန့်ခြင်းသည် ဥပပါရမီမည်၏။အသက်ကို စွန့်ခြင်းသည် ပရမတ္ထပါရမီမည်၏ဟု ဆို၏။

ဇာတ်အဋ္ဌကထာနိဒါန်း၌— ကိုယ်မှအပ ဖြစ်သော ရွှေငွေစသော ဝတ္ထုကို စွန့်ခြင်းသည် ဒါနပါရမီမည်၏။ လက်ခြေစသော အင်္ဂါကို စွန့်ခြင်းသည် ဒါနဥပပါရမီမည်၏။အသက်ကို စွန့်ခြင်းသည် ဒါနပရမတ္ထပါရမီမည်၏ဟု ဆို၏။

သီလက္ခန်အင်္ဂုတ္တိုရ် ဋီကာတို့၌— သား မယား ရွှေ ငွေစသော အဆောက်အဦကို စွန့်ခြင်းသည် ဒါနပါရမီမည်၏။ မိမိ၏ လက်ခြေစသော အင်္ဂါကို စွန့်ခြင်းသည် ဒါနဥပပါရမီမည်၏။ မိမိ၏ အသက်ကို စွန့်ခြင်းသည် ဒါနပရမတ္ထပါရမီမည်၏ဟု ဆို၏။

**စွန့်ခြင်းကြီးငါးပါးသည် ဒါနပါရမီသာ ဖြစ်လျက် ယင်းစွန့်ခြင်းကြီး ငါးပါးတို့ကို သီးခြားထုတ်ဆိုရခြင်း**

စွန့်ခြင်းကြီးငါးပါးတို့၏ ဒါနပါရမီအဖြစ် ပြီးသော်လည်း စွန့်ခြင်း၏ ထူးသည့်အဖြစ်ကို ပြခြင်းအကျိုးငှာလည်းကောင်း၊ ပြုခြင်းငှာ ခဲယဉ်းသည့် အဖြင်ကို ပြခြင်းအကျိုးငှာလည်းကောင်း၊ စွန့်ခြင်းကြီးငါးပါးတို့ကို သီးခြားထုတ်၍ ဟောအပ်ကုန်၏။

## ၅၅၊ နိဗ္ဗာနကထာ

### နိဗ္ဗာန်၏ အဓိပ္ပာယ်

တဏှာရာဂဟု ဆိုအပ်သော အကုသိုလ်တရား၏ အာရုံပြုခြင်းမှ ထွက်မြောက်ရာ ထွက်မြောက်ကြောင်း ဖြစ်သော

အကြောင်းတရားတို့၏ ပူပြင်စီရင်ခြင်းမှ ကင်းသော စိတ်စေတသိက် ရုပ်တို့ကဲ့သို့ ပရမတ္ထအားဖြင့် ထင်ရှားရှိသော သင်္ခတဓာတုတရားသည် နိဗ္ဗာန်ဖြစ်၏။ နိဗ္ဗာန်မည်၏။

## နိဗ္ဗာန်ကို သိမြင်နိုင်ခြင်းနှစ်ပါး

သောတာပတ္တိ မဂ္ဂဝီထိ ဖြစ်ဆဲခဏ၌ ဂေါတြဘူစိတ်နှင့် ပြည့်စုံသော ပုထုဇဉ်ပုဂ္ဂိုလ်သည်လည်းကောင်း၊ မဂ်ဖိုလ်ရပြီးသော အရိယာပုဂ္ဂိုလ်သည်လည်းကောင်း နိဗ္ဗာန်ကို မျက်မှောက်ထင်ထင် မှာကက္ခသိဒ္ဓိဖြင့် သိမြင်နိုင်၏။ ပညာအဆင်အခြင်နှင့် ပြည့်စုံသော ကလျာဏ ပုထုဇဉ်ပုဂ္ဂိုလ်သည် နိဗ္ဗာန်ကို ရမ်းဆသော အနုမာနသိဒ္ဓိဖြင့် သိနိုင်၏။

## အနုမာန သိဒ္ဓိသုံးပါးဖြင့် နိဗ္ဗာန်ကို သိနိုင်ပုံ

သာသနာတွင်း၌ ကြုံကြိုက်ရသော ပညာရှိ သူတော်ကောင်းများသည် မြတ်စွာဘုရားဟောကြားအပ်သော တရားတော်ကို နာကြား မှတ်သားသင်ကြားလျက် ဆောင်ရွက်ခြင်း သုတမယဉာဏ်ဖြင့် နိဗ္ဗာန်ကို သိနိုင်၏။ သာသနာပအခါ၌ သုမေဓာပညာရှိစသောပုဂ္ဂိုလ်များသည် ဇာတိဇရာ မရဏရှိလျှင် ယင်းသုံးပါး မရှိသော တရားကောန်ရှိရမည်ဟူ၍ ကြံစည်သော စိန္တာမယဉာဏ်ဖြင့် နိဗ္ဗာန်ကို သိနိုင်၏။ စတုသစ္စကမ္မဋ္ဌာန်းကို ပွားများအားထုတ်သော ယောဂီပုဂ္ဂိုလ်အား ဒုက္ခ သမုဒယ မဂ္ဂဟူသော သစ္စာသုံးပါးသည် ပရမတ္ထအားဖြင့် ထင်ရှားရှိသကဲ့သို့ နိရောဓသစ္စာ

ဟူသော နိဗ္ဗာန်သည်လည်း ပရမတ္ထအားဖြင့် ကေန်ထင်မျှားရှိ၏ဟု ဘာဝနာမယဉာဏ်ဖြင့် နိဗ္ဗာန်ကို သိနိုင်၏။

## နိဗ္ဗာန်တပါးတည်းက သဉပါဒိသေသ၊ အနုပါဒိသေအပြားမို့

ကိလေသာကုန်ပြီးနောက်ထိုကိလေသာတို့မှ ကြွင်းသောခန္ဓာငါးပါးရှိနေသောအခါ၌ မဂ်ဖိုလ်ပစ္စဝေက္ခဏာဉာဏ်တို့ဖြင့် မြင်ရရောက်ရ ခံစားရသော နိဗ္ဗာန်သည် သဉပါဒိသေသ နိဗ္ဗာန်မည်၏။ ခန္ဓပရိနိဗ္ဗာန်စံ၍ အဆုံးစွန် စုတိကမ္မဇရုပ်ချုပ်ပြီးနောက်ရောက်ရ ခံစားရသော နိဗ္ဗာန်သည် အနုပါဒိသေသ နိဗ္ဗာန်မည်၏။ ဤခန္ဓာငါးပါးအကြွင်း ရှိမရှိကို စွဲ၍ နှစ်ပါးပြား၏။ နိဗ္ဗာန်ကား တပါးတည်းသာ ဖြစ်၏။

## ချုပ်ခြင်းကို နိဗ္ဗာန်ခေါ်ပုံ

တဖန်ဖြစ်ခြင်းမရှိသော ချုပ်ခြင်းကို နိဗ္ဗာန်ခေါ်ရ၏။ ဖြစ်ပြီး၍ ချုပ်ခြင်းကို နိဗ္ဗာန်မခေါ်ရ။ မှန်၏။ ဖြစ်ပြီး၍ ချုပ်လေသည်ကို နိဗ္ဗာန်ခေါ်လျှင် အတိတ်ကာလ၌ ချုပ်ခဲ့ပြီးသော ချုပ်ခြင်းများကိုလည်း နိဗ္ဗာန်ခေါ်ရလိမ့်မည်။ ထိုအတိတ်ကာလအချုပ်တို့သည်ကား ဥပါဒ်ဌီဘင်တည်းဟူသော ဒဏ်ရာဒဏ်ချက်ဖြင့် ညှဉ်းဆဲခံရပြီးမှ ချုပ်လေသော အချုပ်ဖြစ်ကြ၍ ငြိမ်းချုပ်ပင် မဟုတ်ပေ။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူရာ၌ ပစ္ဆိမပွန်ခန္ဓာတို့၏ နိဗ္ဗာန်ချုပ်မဟုတ်။ ပဋိသန္ဓေနေပြီးသော သတ္တဝါ

တို့၏ ဓမ္မတာသဘောဖြစ်သော မရဏာချုပ်သာဖြစ်၏။ ထိုမရဏာချုပ်သည် မဂ်အာနုဘော် ဖိုလ်အာနုဘော်နှင့် မစပ်မဆိုင်ပေ။ ထို့ကြောင့် ပရိနိဗ္ဗာန်စံတော်မူ၏ဟု ဆိုရာ၌ မရဏာအတွက်နှင့် ဆိုသည်မဟုတ်၊ တဖန်ဘဝသစ် ဖြစ်ပေါ်မှုမရှိခြင်း တည်းဟူသော နိဗ္ဗာန်ချုပ် အတွက်နှင့်သာ ဆိုရ၏။

## နိဗ္ဗာန်တပါးတည်းက သုညတ အနိမိတ္တ အပ္ပဏိဟိတပြားပုံ

သင်္ခတတရားတို့မှာ ပူပြင်မှု ဖြစ်ပွားခြင်း ဟောင်းနွမ်းဆွေးရင့်ရခြင်း ပျက်ဆုံးခြင်း ရှိနေသဖြင့် ကြောင့်ကြစိုက်ဖွယ် ပလိဗောဓတရား အလွန်များ၏။ နိဗ္ဗာန်မှာမူကား အသင်္ခတနိဗ္ဗာန်သဘောဖြစ်၍ ကြောင့်ကြစိုက်ဖွယ် ပလိဗောဓ ခပ်သိမ်းမှ ကင်းငြိမ်းရှင်းလင်းနေခြင်းကြောင့် နိဗ္ဗာန်ကို သုညတဟု ခေါ်ရ၏။ သင်္ခတတရားတို့မှာ မဂ်တရား ဖိုလ်တရားပင် ဖြစ်သော်လည်း ဥပါဒ်ဇာတိ ဖြစ်ပေါ်ခြင်း ရှိခဲ့၍ သဏ္ဌာန် နိမိတ် အရိပ် အသွင်အမြိတ်အစွန်းထင်ရှားရှိကြ၏။ ထိုသို့ ထင်ရှားရှိသောကြောင့် အယုတ် အလတ် အမြတ်သုံးပါး ဆိုခဲ့ပြီးသော ကာလအပြားသဏ္ဌာန်အရိပ် မျက်နှာအရိပ် ပုဂ္ဂိုလ်သဏ္ဌာန်၏အစွမ်းဖြင့် အလွန်များပြား၏။ အရဟတ္တမဂ် အရဟတ္တဖိုလ်ပင်ဖြစ်သော်လည်း သဗ္ဗညုဘုရားတို့၏အရဟတ္တမဂ်ဖိုလ်သည် အလွန်မြတ်၏။ပစ္စေကဗုဒ္ဓါတို့၏ မဂ်ဖိုလ်ကား ယုတ်ညံ့၏။ ထိုအောက် အဂ္ဂသာဝကတို့၏, ထိုနောက် မဟာသာဝကတို့၏, ထိုနောက် ပကတိသာဝကတို့၏ မဂ်ဖိုလ်သည် ယုတ်ညံ့၏။ နိဗ္ဗာန်မှာမူကား ဥပါဒ်ဇာတိ

ဖြစ်ပေါ်ခြင်းမရှိသောကြောင့် အယုတ် အလတ် အမြတ်သုံးပါး ကွဲပြားရန် ဆိုခဲ့ပြီးသော ကာလစသည် ကွဲပြားရန် သဏ္ဌာန်နိမိတ် အမှတ်အစွန်း အထည်ဝတ္ထုမရှိပေ။ ထိုသို့မရှိသောကြောင့် နိဗ္ဗာန်ကို အနိမိတ္တဟု ဆို၏။ သင်္ခတ တရားတို့မှာ အမြဲမရှိ ပျက်ဆုံးခြင်းသဘော ရှိသောကြောင့် အဖန်ဖန် ကုန်ဆုံး၍ အဖန်ဖန် တောင့်တရခြင်း မဆုံးနိုင်သည်ဖြစ်၍ လည်းကောင်း၊ မိမိထက် ကောင်းမြတ်သောအထက်တရားရှိနေပြန်သဖြင့်အထက်တရားကို လှမ်း၍တောင့်တရခြင်း မဆုံးနိုင်ခြင်းရှိသည်ဖြစ်၍လည်းကောင်း ပဏိဟိတ တရားသာ ဖြစ်ကုန်၏။ အရဟတ္တမဂ်ဖိုလ်ကိုပင် ရသော်လည်း နိဗ္ဗာန်မယူပဲ အရဟတ္တမဂ်ဖိုလ်တွင် ထိုင်နေနိုင်ရန် ခိုင်မြဲသော တရားမဟုတ်ခဲ့၍ ထိုထက် ခိုင်မြဲသော နိဗ္ဗာန်ကို လှမ်း၍ လိုချင်တောင့်တရသေး၏။ နိဗ္ဗာန်သည်မူကား မြဲသောတရား ဖြစ်၍ တခါရရှိပြီးနောက် ပျက်စီးပြန်၍ တဖန် တောင့်တရခြင်း လည်းမရှိ၊နိဗ္ဗာန်ထက်ကောင်းသော တရားလည်း မရှိ။ နိဗ္ဗာန်ကို ရပြီးသော သူအား နိဗ္ဗာန်မှ တပါးသော ချမ်းသာကို တောင့်တခြင်းလည်း မရှိ။ ဤသို့တောင့်တခြင်း တဏှာပဏိဓိ ဆန္ဒပဏိဓိ ခပ်သိမ်းမှ ကင်းငြိမ်းရာဖြစ်သောကြောင့် နိဗ္ဗာန်ကို အပ္ပဏိဟိတဟု ခေါ်ရ၏။

ဤသုညတ၊ အနိမိတ္တ၊ အပ္ပဏိဟိတ အမည် သုံးပါး သည်လည်း နိဗ္ဗာန်၏ဂုဏ်သုံးပါးကို အစွဲပြု၍ ကွဲပြား၏။ နိဗ္ဗာန်သည် သန္တိသဘောလက္ခဏာအားဖြင့် တပါးသာဖြစ်၏။

## နိဗ္ဗာန်၌ ဂုဏ်သုံးပါးတို့ကို မြင်ရခြင်းအကျိုး

နိဗ္ဗာန်၌ သုညတဂုဏ်၊ အနိမိတ္တဂုဏ်ကိုမြင်နိုင်လျှင် ဤနိဗ္ဗာန်ဟူသော အသင်္ခတပရမတ်သည် တပါးသော သင်္ခတပရမတ်တို့ကဲ့သို့ သဏ္ဌာန်နိမိတ် အရိပ်အသွင် ထင်မြင်အောင် တွေ့ဆကြုံဆင်ခြင်းငှာ ထိုက်တန်သော ပရမတ်မျိုးမဟုတ်ပေ၊ အသင်္ခတပရမတ်တမျိုးသာ ဖြစ်ပေသည်ဟု သိလိမ့်မည်။ ထိုသို့သိလျှင် တပါးသော သင်္ခတပရမတ်မျိုးကဲ့သို့ သဏ္ဌာန်နိမိတ် အရိပ်အသွင် မထင်မြင်နိုင်သည့် အတွက်နှင့် နိဗ္ဗာန်ဟူသည် ပရမတ္ထ အားဖြင့် ထင်ရှားရှိသော တရားတခုမဟုတ်၊ အဘာဝပညတ်မျှသာ ဖြစ်သည်ဟု ယူမှားသော မိစ္ဆာဉာဏ်ပျောက်ကင်းလိမ့်မည်။ နိဗ္ဗာန်၌ အပ္ပဏိဟိတ ဂုဏ်ကိုမြင်လျှင် နိဗ္ဗာန်၌အပျော်အပါး ခံစားစံစားစရာ ချမ်းသာသုခ မရှိဟူသော ခြောက်သွေ့သော စိတ် နှလုံးကို ပယ်နိုင်သည်။ အပျော်အပါးခံစား စံစားမှုမည်သည် တဏှာ အငတ် အာသာခေတ်ဟု ဆိုအပ်သော ကိလေသာရောဂါ အနာဆိုးစွဲကပ်သော သူတို့မှာသာ အသုံးကျသည်။ အပ္ပဏိဟိတ ဂုဏ်နှင့် ပြည့်စုံသော သူတို့မှာမူကား ထိုကဲ့သို့သော တဏှာ အငတ် အာသာခေတ် ပြတ်ကင်းသည်ဖြစ်ကြ၍ ထိုကဲ့သို့သော အပျော်အပါး ခံစားစံစားမှု သုခ ဝေဒနာများသည် ကြောက်လန့် စက်ဆုပ်ဖွယ်သာ ဖြစ်လေတော့သည်။

ထို့ကြောင့် ချမ်းသာသုခဟူသော အသံကိုကြားလျှင် ခံစား စံစားစရာသို့ စိတ်ညွှတ်လေသည်ကား တဏှာအငတ် အာသာ ခေတ်ရောဂါအနာဆိုး စွဲကပ်လျက်ရှိနေသောကြောင့်သာ စိတ်

ညွှတ်လေသည်။ အပ္ပဏိဟိတဂုဏ်နှင့် ပြည့်စုံသော ဤနိဗ္ဗာန်ကို ရလျှင် ပဏိဓိမည်သော ထိုရောဂါ အနာဆိုးမှ လွတ်ကင်းပေလိမ့်မည်ဟု ကြည်ညိုသောစိတ် ဖြစ်လာလိမ့်မည်။

## ကိစ္စကြီးလေးပါးဖြင့် နိဗ္ဗာန်၏ပရမတ္ထအမြင်ကို ရှာပုံ

ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ တဖန်အသစ်ဖြစ်ပေါ်ခြင်း မရှိသည်ကို နိဗ္ဗာန်ဆိုခဲ့သော် ဖြစ်ပေါ်ခြင်းမရှိ ဆိုသည်ကား ဘယ်ဟာ တစ်ုးတစ်မျှ မရှိခြင်းကို ဆိုအပ်သည်ဖြစ်၍ ထိုနိဗ္ဗာန်သည် ပရမတ်မဟုတ်၊ အဘာဝပညတ် သက်သက်မျှသာတည်းဟု စောဒနာရန်ရှိ၏။ အဖြေကား ပရမတ်ဆိုလျှင် သင်္ခတပရမတ်မျိုးကဲ့သို့ချည်း မှတ်ထင်၍သာ စောဒနာသောစကား ဖြစ်သည်။ ပရမတ်သည် သင်္ခတ ပရမတ်၊ အသင်္ခတ ပရမတ်ဟူ၍ နှစ်ပါး အပြားရှိ၏။ ထိုနှစ်ပါးသည် အချင်းချင်းဖြောင့်ဖြောင့် ဆန့်ကျင်ဘက်ကြီးဖြစ်ကြ၏။ သင်္ခတပရမတ်၏အခြင်းအရာသည်အသင်္ခတ ပရမတ်မျိုး၌ အလျှင်းမရှိ။ အသင်္ခတပရမတ်မျိုး၏ အခြင်းအရာသည် သင်္ခတပရမတ်မျိုး၌ အလျှင်းမရှိ။ ဘဝဂ်နှင့် အဝီစိမကဝေးကွာကြ၏။

ထို့ကြောင့် ထိုနှစ်ပါးတို့၏ပရမတ်သဘောကို ရှာကြံလိုလျှင် သူ့လမ်းနှင့်သူ ရှာကြံအပ်၏။ သဘောချင်းနှိုင်းယှဉ်၍ မကြံစည်အပ်ပေ။ သင်္ခတပရမတ်မျိုးမှာ သပလိဗောဓ သနိမိတ္တဖြစ်သော ကြောင့် သဘောကို ရှာကြံ၍ ဉာဏ်ပညာ ပွင့်လင်းလေစေ

သဏ္ဌာန်အရိပ်နိမိတ်အသွင်ထင်လေလေ ပေါ်လာ၏။ အသခ်တ ပရမတ်မျိုးမှာ သုညဘ အနိမိတ္တဖြစ်သောကြောင့် သဘောကို ရှုကြံ၍ ဉာဏ်သညာပွင့်လင်းလေလေ သဏ္ဌာန်နိမိတ်အရိပ် အသွင်နှင့် ဝေးကွာလေလေ ထင်လာ၏။

နိဗ္ဗာန်၏ ပရမတ်သဘောကို ရှုကြံလိုလျှင် ငြိမ်းချမ်းခြင်း ဟူသော သန္တိသဘော ထင်ရှားရှိမရှိကိုသာ ကြည့်အပ်၏။ သန္တိ သဘော ထင်ရှားရှိသည်ကို မြင်ခဲ့လျှင် ထိုသန္တိသဘော၏ ပရ မတ်သဘောအမှန်ဖြစ်သည်၊ မဖြစ်သည်ကို ပရမတ္ထတရားတို့နှင့် သာဓပ်ဆိုင်သော ပရိညာ၊ ပဟာန၊ သစ္ဆိကရဏ၊ ဘာဝနာ ဟူသော ပရမတ္ထကိစ္စကြီးလေးပါးတွင် ချ၍ကြည့်အပ်၏။ ထို လေးပါးတို့တွင် တပါးပါး၏ တည်ရာဝတ္ထုဘူမိ ဖြစ်ခဲ့လျှင် ပရမတ်အမှန်အစစ်ဖြစ်ပေသည်ဟု စိတ်ချယုံကြည်အပ်၏။

## ပရမတ္ထကိစ္စကြီး လေးပါး၌ ချ၍ကြည့်ပုံ

ပရိညာကိစ္စဟူသည်ကား— လက္ခဏ ရသ ပစ္စုပဋ္ဌာန်တို့နှင့် တကွ အသီးအသီးသော မျက်မှောက်သဘော အားဖြင့်လည်း ကောင်း၊ အနိစ္စ ဒုက္ခ အနတ္တ ဟူသော သာမညသဘော အားဖြင့်လည်းကောင်း တရားတို့ကို ပိုင်ပိုင်နိုင်နိုင် မြင်ရလေ အောင် ဆင်ခြင်ကြည့်ရှုသင့်၏။ ထိုကြည့်ရှုမှု၏ တည်ရာ ဝတ္ထု ဘူမိကား တဘာမှ ပါးသော တေဘူမိက ပရမတ်တရားစုဖြစ် ၏။ ထိုတေဘူမိကတရားတို့ကို ထိုပရိညာကိစ္စဖြင့် အပိုင်အနိုင် မမြင်ခဲ့လျှင် ကြီးစွာသော အပြစ်ဒေါသနှင့် ယှဉ်၏။ အပိုင်အနိုင်

မြင်ခဲ့လျှင် ကြီးစွာသော ကောင်းကျိုးသုခနှင့် ယှဉ်၏။ ခေါ်ဝေါ်ပြောဆိုခြင်းမျှ၏ တည်ရာဝတ္ထုဘူမိဖြစ်သော ပညတ်တရားသည် ထိုပရိညာကိစ္စ၏တည်ရာဝတ္ထုဘူမိမဟုတ်။

မဟုတ်ပုံကား- ထိုပရိညာကိစ္စ ထခမြောက်၍ ရုပ် ဝေဒနာစသော ပရမတ္ထတရားတို့၏သဘောကို အလင်းမြင်သော အခါ ပုဂ္ဂိုလ်သတ္တဝါဟု ထင်မှတ်စွဲကပ်ရင်း ပညတ် ကွယ်ပျောက်လေ၏။ မရှိကြောင်း မဟုတ်ကြောင်း ထင်ရှားပေါ်လာလေ၏။ ပဟာနကိစ္စဆိုသည်ကား- အကြွင်းမဲ့ ပယ်ခြင်းဖြစ်၏။ ထိုကိစ္စ၏တည်ရာဝတ္ထုဘူမိကား တဏှာဖြစ်၏။ ထိုတဏှာကို ထိုကိစ္စဖြင့် မပယ်နိုင်လျှင် ကြီးစွာသော အပြစ်ဒေါသနှင့် ယှဉ်၏။ ပယ်နိုင်လျှင် ကြီးစွာသော ကောင်းကျိုးသုခနှင့် ယှဉ်၏။

ဆိုခဲ့ပြီးသော ပညတ်တရားသည်ကား- ထိုပဟာနကိစ္စ၏ တည်ရာဝတ္ထုဘူမိမဟုတ်ရကား- အကယ်ရှိသော တရားမဟုတ်၍ ပယ်ဖွယ်ကိစ္စ အလျှင်းမရှိပေ။ သစ္ဆိကရဏကိစ္စ ဆိုသည်ကား- ကြီးစွာသော အနာရောဂါနှိပ်စက်ညှဉ်းပန်း၍ မချမ်းမသာ ရုပ်တည်ရာ မရရှိနေသောသူသည် ဆေးဝါးကောင်း တွေ့၍ ခဏချင်း ပျောက်ကင်းချမ်းသာလေရာ ထိုသူအား ထိုအနာရောဂါဒုက္ခသည် မိမိကိုယ်မှာ တွေ့ကြုံရသော ကိုယ်တွေ့ဒုက္ခဖြစ်၏။ ထိုအနာရောဂါ၏ ပျောက်ငြိမ်းခြင်းသုခသည်လည်း မိမိကိုယ်မှာ တွေ့ကြုံရသော ကိုယ်တွေ့ဒိဋ္ဌဖြစ်၏။ ထိုအတူ မိမိကိုယ်မှာ ကိုယ်တွေ့ဒိဋ္ဌတိုက်ဆိုင်တွေ့ကြုံရသောအမှုကိစ္စသည် သစ္ဆိကရဏကိစ္စမည်၏။ ထိုကိစ္စ၏တည်ရာဝတ္ထုဘူမိအစစ်ကား နိဗ္ဗာန်ဖြစ်

၏။ ထိုနိဗ္ဗာန်ကို ထိုကိစ္စဖြင့် မတွေ့ကြုံ မတိုက်ဆိုင်လျှင် ကြီးစွာသော အပြစ်ဒေါသနှင့်ယှဉ်၏။ တွေ့ကြုံတိုက်ဆိုင်လျှင် ကြီးစွာသော ကောင်းကျိုးသုခနှင့်ယှဉ်၏။ တွေ့ကြုံတိုက်ဆိုင်သည်ကား မိမိကိုယ်တွင်းမှာ သောဘာ ဒေါသ မောဟ ချုပ်ငြိမ်းခြင်းကို ကိုယ်တွေ့ဒိဋ္ဌဖြစ်ရခြင်းပင်တည်း။

ဆိုခဲ့ပြီးသော ပညတ်တရားမျိုးသည် သိသစ္စိကရဏ၏ တည်ရာ ဝတ္ထုဘူမိမဟုတ်၊ မဟုတ်ပုံကား- မိမိကိုယ်သန္တာန်မှာ ကိုယ်တွေ့၊ ဉာဏ်တွေ့နှစ်ပါးရှိသောတရား မဟုတ်ခြင်းပင်တည်း။ ဘာဝနာကိစ္စဆိုသည်ကား-အဆင့်ဆင့်တိုးတက်၍ သွားအောင် ပွားများမှုဖြစ်၏။ ထိုဘာဝနာကိစ္စ၏ တည်ရာဝတ္ထုဘူမိသည် သမ္မာဒိဋ္ဌိသော မဂ္ဂင်ရှစ်ပါးဖြင့်၏။ ထိုမဂ္ဂင်ရှစ်ပါးကို မပွားများလျှင် ကြီးစွာသော အပြစ်ဒေါသနှင့် ယှဉ်၏။ ပွားများလျှင် ကြီးစွာသော ကောင်းကျိုးသုခနှင့်ယှဉ်၏။ ဆိုခဲ့ပြီးသော ပညတ်တရားသည်ကား ဘာဝနာကိစ္စ၏ တည်ရာဝတ္ထုဘူမိ မဟုတ်။ မဟုတ်ပုံကား- သဘောအားဖြင့် ထင်ရှား မရှိသောကြောင့် ကြီးပွားရန် အခွင့်အလမ်းရှိသော တရားမဟုတ်ခြင်းပင်တည်း။ ဤသို့လျှင် ပရမတ်ကိစ္စ ကြီးလေးပါး၌ ချ၍ ကြည့်မှသာလျှင် သင်္ခတပရမတ်မျိုး၊ အသင်္ခတပရမတ်မျိုး ပရမတ်မဟုတ်သော ပညတ်မျိုးဟု သုံးထွေသုံးပါး ကွဲပြားခြားနားလေသည်။

ထိုကိစ္စကြီးလေးပါး တို့တွင်လည်း ပရိညာကိစ္စ၊ ဘာဝနာကိစ္စနှစ်ပါးသည် ပဟာနကိစ္စအကျိုးငှာသာဖြစ်၏။ ပဟာနကိစ္စသည် သစ္ဆိကရဏကိစ္စအကျိုးငှာသာ ဖြစ်၏။ ဤသစ္ဆိကရဏ

ကိစ္စသည်သာ လိုရင်းအချုပ်ဖြစ်၏။ နိဗ္ဗာန်သည်သာလျှင် ထို သစ္စာကိစ္စကိစ္စ၏ တည်ရာဝတ္ထုဘူမိဖြစ်၏။ ထိုသို့တည်ရာဝတ္ထု ဘူမိ သီးခြားဖြစ်ပေသောကြောင့် ငြိမ်သက် ငြိမ်းချမ်းခြင်းဟူ သော သန္တိသဘောသည် ပရမတ်သဘောအမှန် ဖြစ်ပေသည် ဟု သိအပ်၏။

## စွဲကပ်နေသော ရောဂါပျောက်ခြင်း၌ ကိစ္စလေးပါးရှိပုံ

ရောဂါ၏လက္ခဏာ ထိုရောဂါ၏ဒုက္ခအစစ် ဖြစ်ကြောင်းတို့ ကို ပိုင်ပိုင်နိုင်နိုင်သိခြင်းသည် ပရိညာကိစ္စ ဖြစ်၏။ ထိုရောဂါ ကို မဖြစ်သေးသည်ကို ဖြစ်လေအောင်၊ ဖြစ်ဆဲကို တိုးပွားလေ အောင် ပြုတတ်သောအမှုမျိုးကို လွတ်အောင် ရှောင်ရှားပယ် စွန့်ခြင်းသည် ပဟာနကိစ္စဖြစ်၏။ ဖြစ်ပွားလတ္တံ့သော ရောဂါ ၏ မဖြစ်ပေါ်ခြင်း၊ ဖြစ်ဆဲရောဂါ၏ပျောက်ငြိမ်းခြင်းကို မိမိကိုယ် တွင် တွေ့မြင်ကြုံကြိုက်ခြင်းသည် သစ္ဆိကရဏကိစ္စ ဖြစ်၏။ ထို ဖြစ်ဆဲဖြစ်လတ္တံ့သော ရောဂါမျိုး၏ ပျောက်ငြိမ်း လွတ်ကင်း ကြောင်းအမှုကို ကောင်းစွာမှီဝဲခြင်းသည် ဘာဝနာကိစ္စဖြစ်၏။

## အပါယ်လေးပါးမှ လွတ်ငြိမ်းမှု၌ ကိစ္စလေးပါးရှိပုံ

အပါယ်ဘဝတို့၏ ဒုက္ခအဖြစ်ကို ကောင်းစွာသိမြင်ခြင်းသည် ပရိညာကိစ္စဖြစ်၏။ ထိုအပါယ်ဒုက္ခ၏ ဖြစ်ပွားကြောင်း ဒုစရိုက် တရားတို့ကို လွတ်လွတ်ပယ်ရှားခြင်းသည် ပဟာနကိစ္စဖြစ်၏။ ဖြစ်ဆဲ ဖြစ်လတ္တံ့သော အပါယ်ဒုက္ခ၏ လွတ်ငြိမ်းမှုကို မိမိကိုယ်၌

ဒိဋ္ဌတွေ့ရခြင်းသည် သစ္စိကရဏကိစ္စ ဖြစ်၏။ ထိုသစ္စိကရဏသို့ ရောက်ကြောင်း သုံစရိုက်တရားတို့ကို ပွားများခြင်း အမှုသည် ဘာဝနာကိစ္စဖြစ်၏။

## နိဗ္ဗာန်၌ ပျော်ပျော်ပါးပါးခံစားရန် သုခရှိသည်ကို ထင်ရှားအောင် သန္တိသုခ၊ ဝေဒယိတသုခနှစ်ပါးခွဲ၍ပြပုံ

ခပ်သိမ်းသော သင်္ခါရ ဝါ အပေါင်းသည် အလိုရှိအပ် ရှာမှီးအပ်သော ချမ်းသာသုခသည် သန္တိသုခ၊ ဝေဒယိတသုခဟူ၍ နှစ်ပါးရှိ၏။ ထိုနှစ်ပါးတွင် သန္တိသုခဆိုသည်ကား လောက၌ မငြိမ်းချမ်းခြင်းကို ပြုတတ်သော အနာရောဂါမျိုး ဘေးဒဏ်ရန်မာန် အန္တရာယ်မျိုး အပေါင်းတို့သည် အသိန်းအသန်းမက များပြားကုန်၏။ မိမိသန္တာန်၌ ဖြစ်ဆဲဖြစ်လတ္တံ့သော အလိုမရှိအပ်သော ဆင်းရဲခြင်း၊ ပျက်စီးခြင်းသဘောတို့မှ လွတ်ကင်းခြင်းဟူသော သန္တိသုခကို အလိုမရှိသောသူ ဟူ၍ တစုံတယောက်မျှ မရှိလေ။

ထိုသန္တိသုခသည်လည်း တစုံတခုသော အထည်ဝတ္ထုမဟုတ်။ ထိုအလိုမရှိအပ်သော ဆင်းရဲခြင်း၊ ပျက်စီးခြင်းတို့၏ မရှိခြင်း မျှသာဖြစ်၏။ ထိုမရှိခြင်းမျှကိုပင် လောက၌ လူတို့သည် အလွန်ချီးမွမ်းအံ့သြကြကုန်၏။ အဘယ်သို့ ချီးမွမ်းအံ့သြကြပါကုန်သနည်း။ ကိုယ်တွင်း ကိုယ်ပ၌ ဘေးဥပါဒ်ကြီးကျယ်စွာတွေ့ဆဲတွေ့လတ္တံ့သောသူတို့အား အကြံအစည်ကောင်းလှ၍ခဏချင်းလွတ်ပျောက်ငြိမ်းသည်ရှိသော် ကြံဖန်သူကိုလည်းကောင်း၊ ကြံဖန်ပုံနည်းကိုလည်းကောင်း တသက်ပတ်လုံး ပြော၍မဆုံးနိုင်အောင် ချီးမွမ်း

အံ့သြကြကုန်၏။ ထိုသူကိုလည်းကောင်း၊ ထိုနည်းကိုလည်းကောင်း အားကိုးအားထားအမှတ်အသားပြု၍ထားကြကုန်၏။

ထို့အတူ ဘော်မှတ်ခြင်း ဘေးမှ ကင်းဝေးခြင်းငှာ မိုးရေကိုတောင့်တ ကိုးစား၊ ဥစ္စာပေါများသူ လူရတတ်ကို ချဉ်းကပ်ကိုးကွယ်ကြရကုန်၏။ လက်နက် ကပ်ဘေးမှ ကင်းဝေးခြင်းငှာ ဘုန်းတန်ခိုးအာဏာကြီးမားသော မင်းစိုးရာဇာစသော သူများကို ခိုလှုံကိုးကွယ်ကြရကုန်၏။ လူတို့က နတ်တို့ကို၊ အောက်နတ်တို့က အထက်နတ်တို့ကို ကိုးကွယ်ကြရကုန်၏၊ အပါယ်ဘေးမှ ကင်းလွတ်ခြင်းငှာ ပညာရှိတို့ကို ဆည်းကပ်ကြရကုန်၏။ သံသရာဘေးမှ ကင်းလွတ်ခြင်းငှာ ရတနာသုံးပါးကို ဆည်းကပ်၍ ဒါနသီလစသော ကောင်းမှုကိုပြု၍ နိဗ္ဗာန်ရည်သန်တောင့်တအားကိုးကြရကုန်၏၊ ထိုအလုံးစုံသော ချဉ်းကပ်ကိုးကွယ်ခြင်း အလုံးစုံတို့သည် ထိုထိုအကျိုးမဲ့ဘို့မှ လွတ်ကင်းငြိမ်းချမ်းခြင်းဟူသော သန္တိသုခကိုအဘို့ရှိ၍ ပြုကြရသော အမှုကိစ္စတို့ချည်းသာ ဖြစ်ကုန်၏။ ဤစကားရပ်တို့ဖြင့် ဝတ္ထုအထည်ကိုယ်ဒြပ်မရှိသော သန္တိသုခ၏ ဂုဏ် ကြီးကျယ်ကြောင်း ပြခြင်းဖြစ်၏။

ဝေဒယိတသုခဆိုသည်ကား သရေ့း၊ သူကြွယ်၊ ပဒေသရာဇ်၊ ကောရာဇ်၊ စကြာမန္ဓာတ်၊ သိကြားနတ်တို့၏ စည်းစိမ်ကို ရ၍ ထိုစည်းစိမ်နှင့်စပ်သော သောမနဿသုခဝေဒနာတို့ကို သာယာစွာ ခံစားစံစားခြင်းပင်ဖြစ်၏။ ထိုသုခနှစ်ပါးတို့တွင် ဝေဒယိတသုခထက် သန္တိသုခသည်သာလျှင် သာလွန်မြင့်မြတ်၏။

## ပုထုဇဉ်များသည် သန္တိသုခထက် ဝေဒယိတသုခ၌ အထင်ကြီးပုံ

ဝေဒယိတသုခမျိုးမှာ ဝတ္ထုအထည်ကိုယ်ဒြပ်နှင့်တကွ ဖြစ်၍ မျက်မြင် ဒိဋ္ဌ ဖြစ်သောကြောင့် ပုထုဇဉ်တို့၏ စိတ်တွင် အကြီးအကျယ်ကဲ့သို့ ထင်နေသည်။ သန္တိသုခမျိုးမှာ ဝတ္ထုအထည်ဒြပ်မရှိ၍ မျက်မြင်ဒိဋ္ဌမဟုတ်၊ မနောဒွါရဉာဏ်အမြင်မျှသာဖြစ်သောကြောင့် ပုထုဇဉ်တို့၏စိတ်တွင် အသင်သေးငယ်နေသည်။

## သဘောကဥပမာ ဝေဒယိတသုခထက် သန္တိသုခက သာလွန်၍မြတ်ပုံကို ထုတ်ပြခြင်း

သန္တိသုခ မရှိသဖြင့် နူနာစွဲကပ်၍ ဆင်းရဲနေသော သူနာကို သိကြားမင်းကိုယ်တိုင် ဆင်းသာ၍ အိုအချင်းယောကျ်ား၊ ငါက သိကြားမင်း။ သင့်အား ဆုပေးရန် ငါဆင်းလာခဲ့သည်။ ခဏ ချက်ချင်း နူနာရောဂါကြီး ပျောက်ကင်းခြင်းကို အလိုရှိသလား၊ စကြာမင်းစည်းစိမ်ကို အလိုရှိသလား၊ လိုချင်သော ဆုဘခုကို သာပြောပါဟု ဆိုလာအံ့။ ထိုသူနာသည် နူနာရောဂါ ပျောက်ကင်းခြင်းတည်းဟူသော သန္တိသုခကိုသာ ယူလတ္တံ့၊ စကြာမင်း၏ စည်းစိမ်ကို ခံစားခြင်း တည်းဟူသော ဝေဒယိတ သုခကို မယူပဲ နေလတ္တံ့။ ဤ သန္တိသုခဟူသည့်နူနာရောဂါကြီးပျောက်၍ မိမွေးတိုင်း ဖမွေးတိုင်း ရှိရုံသာ ဖြစ်သည်၊ တစုံတခုသော ဝတ္ထု အထည်ကိုယ်ဒြပ်မဟုတ်၊ သို့မဟုတ်သော်လည်း ထိုသန္တိသုခသည်

ထိုသူမှာ စကြာမင်းစည်းစိမ်းတည်းဟူသော ဝေဒယိတသုခထက် သိန်းသန်းမက သာလွန်မှန်မြတ်လေသည်။

## ပုထုဇဉ်များ ဝေဒယိတသုခကို သန္တိသုခထက် အထင်ကြီးပုံကို ဥပမာပြခြင်း

နှစ်ပေါင်းကြာမြင့်စွာစည်ကားရှိလာခဲ့သော မြို့ကြီးရွာကြီးများ၌ သေလွန်၍သွားကြသော သူတို့နှင့် ယခုမျက်မြင်ဒိဋ္ဌရှိနေကြသောသူတို့ကို အနည်းအများနှိုင်းယှဉ်၍ကြည့်လျှင် သေလွန်ကွယ်ပျောက်၍သွားကြသူတို့မှာ အဆ-ရာအထောင်မကများကုန်၏။မျက်မြင်ဒိဋ္ဌဖြစ်သော သူတို့က အလွန်နည်းလှကုန်၏။သို့သော်လည်း သေလွန်သော သူတို့အား မျက်မြင်ဒိဋ္ဌမဟုတ်ကြ။ ကွယ်ပျောက်၍ သွားကြသော အရာဖြစ်ခဲ့၍ ယခုမျက်မြင်ဒိဋ္ဌရှိနေကြသော သူတို့ကပင် များအံ့ယောင်ယောင်ထင်ကြသကဲ့သို့တည်း။ ဤ၌ သန္တိသုခသည် သေလွန်သွားသော သူများနှင့် တူ၏။ ဝေဒယိတသုခသည် ယခုမျက်မြင်ရှိနေကြသော သူများနှင့်တူ၏။

## ပရိနိဗ္ဗာန်စံယူပြီးနောက် နိဗ္ဗာန်ရောက်သည့်အခါ ခံစား စံစားရပုံကို ပြခြင်း

ပရိနိဗ္ဗာန် မစံဝင်ခင်အသက်ဝိညာဉ်ရှိစဉ် ခံစား စံစားပုံမှာ သိသာပြီ။ ပရိနိဗ္ဗာန်စံယူပြီးနောက် နိဗ္ဗာန် ရောက်သည့်အခါ အဘယ်သို့ ခံစားမှုရှိလေသနည်း ဟူသော ပုစ္ဆာကိုလည်း ကာမ

ယစ်မူး သေသောက်ကြူး ဥပမာ၊ အနာဂါမ် ရဟန္တာ ဥပမာတို့ဖြင့် ပြေငြိမ်းစေရာ၏။

ကာမယစ်မူး သေသောက်ကြူးစိတ်မျိုး ရှိသော သူတို့သည် ပီတိသောမနဿဖြစ်ပွား၍ စားကာသောက်ကာ နေရသောအခွင့်ကို မြင်ရမှ ချမ်းသာသုခဟု ထင်မှတ်ကြကုန်၏။ အနာဂါမ် ရဟန္တာစိတ်မျိုး ရှိသောသူတို့မူကား အိုခြင်း သေခြင်း သင်္ခတတရားမှ လုံးဝလွတ်ကင်း၍ ခံစားစံစားခြင်း မရှိသည့် အတွက်သည်ပင် နှစ်သက်ဖွယ်သော ဂုဏ်ထူးဝိသေသကြီးတခု ဖြစ်လေ၏။ ထိုအနာဂါမ် ရဟန္တာပုဂ္ဂိုလ်တို့အား နိဗ္ဗာန်၏ အိုခြင်း သေခြင်း သင်္ခတသဘောတို့မှ ကင်းရှင်းသောဂုဏ်ကို မြင်၍ အလွန်နှစ်သက်ခြင်း ပီတိသောမနဿ ဖြစ်ပွားနိုင်ပေ၏။

နိဗ္ဗာန်သို့ ရောက်သော အခါဟူသော စကား၌ နိဗ္ဗာန်သို့ ဆိုက်ရောက်ခြင်းငှာ ရှေးရှေးသောဘဝတို့၌ ပါရမီအဆောက်အဦတို့ကို ဆည်းပူး၍ အဆုံးဘဝ၌လည်း သီလဝိသုဒ္ဓိ စသော ဝိသုဒ္ဓိခုနစ်ပါး တို့ကို အစဉ်အတိုင်း ပွားများ၍ ပဌမ မဂ်သို့ အဆိုက်တွင် မိမိတို့ ငုတ်တုတ်ရှိနေလျှင် ကေန်ဖြစ်လတ္တံ့သော အနာဂတ်ခန္ဓာစုနှင့်တကွ ဒိဋ္ဌိဝိစိကိစ္ဆာနှစ်ပါးတို့၏ တဖန်မဖြစ်သောချုပ်ခြင်းသို့ ရှေးဦးစွာ ရောက်လေ၏။

ထိုအခါ တဖန်အားထုတ်ပြန်ရာ ဒုတိယမဂ်သို့ အဆိုက်တွင် မိမိတို့ငုတ်တုတ်ရှိနေလျှင် ကေန်ဖြစ်လတ္တံ့သော အနာဂတ်ခန္ဓာစုနှင့်တကွ ရုန့်ရင်းသော ကာမရာဂ ဗျာပါဒတို့၏ တဖန်မဖြစ်သော ချုပ်ခြင်းသို့ ရောက်လေ၏။ တဖန်အားထုတ်ပြန်ရာ တတိ-

ယမဂ်သို့အဆိုက်တွင် မိမိဘိုင်တတ်တုတ်ရှိနေလျှင် ကေန်ဖြစ်လတ္တံ့သော အနာဂတ်ခန္ဓာစုနှင့်တကွ သိမ်ခွေ့သော ကာမရာဂ ဗျာပါဒဘို့၏ တဖန်မဖြစ်သော ချုပ်ခြင်းသို့ ရောက်လေ၏။ တဖန်အားထုတ်ပြန်ရာ စတုတ္ထမဂ်သို့ အဆိုက်တွင် ကြွင်းကျန်သမျှအနာဂတ်ခန္ဓာစုနှင့်တကွ ကြွင်းကျန်သမျှသော ကိလေသာတို့၏အကြွင်းမဲ့ ချုပ်ငြိမ်းခြင်းသို့ ရောက်လေ၏။ ထိုအခါ ကံ ကိလေသာအစုနှင့် အနာဂတ်ခန္ဓာအစုသည် ကုန်ပျောက် ကွယ်ပလေ၏။ မဂ်ဖြင့် ပယ်ခြင်းငှာ မတတ်ကောင်းသော ပစ္စုပ္ပန်ဘဝရှိ အနာဂတ်ခန္ဓာစုသာ ကြွင်းကျန်လေတော့၏။

နေ့စဉ် လစဉ် နှစ်စဉ် အတိုင်း သွားသည် ရှိသော် ပရိနိဗ္ဗာနစုတိ၏ ဘင်ခဏသို့အဆိုက်တွင် ထိုပုဂ္ဂိုလ်သည် စုတိမူ၏ အာနုဘော်ကြောင့် ပစ္စုပ္ပန် ဘဝသန္တာန်အနေနှင့် တဖန်ဆက်စပ်ခြင်းမရှိသော ချုပ်ခြင်းဖြင့် ကျန်ရှိသော ခန္ဓာ ငါးပါးတို့၏အကြွင်းမဲ့ချုပ်ခြင်းသို့ ရောက်လေ၏။ သတ္တဝါသန္တာန်မှ အလွှာဗဟိဒ္ဓဥတုဇရုပ် သက်သက်သာ ကျန်ရစ်တော့၏။ ထိုဥတုဇရုပ်ပေါင်း အလောင်း ခန္ဓာကောင်ကြီးကား ထိုပုဂ္ဂိုလ်၏ အဇ္ဈတ္တသန္တာန်နှင့် ဆက်လက်၍ ထားခဲ့သည်အတွက်ကြောင့် ထိုပုဂ္ဂိုလ်၏ ခန္ဓာဟူ၍ ခေါ်ဆိုရလေ၏။ ပဋိစ္စ သမုပ္ပါဒ် အပါအဝင်ဖြစ်၍ ပုဂ္ဂိုလ်သတ္တဝါဟု ခေါ်ဆိုရသော အဇ္ဈတ္တခန္ဓာအစဉ်မူကား စုတိစိတ်၏ တခဏတွင် အကုန်အစင်ချုပ်ဆုံးလေ၏။ တဖန်ဖြစ်ပေါ်ခြင်းမှ အချင်းခပ်သိမ်း ငြိမ်းလေ၏။ အစဉ်အတိုင်းလာခဲ့၍ ဤအငြိမ်းသို့ ဆိုက်ရောက်သည်ကိုပင် အနုပါဒိသေသ နိဗ္ဗာန်သို့

ရောက်တော်မူသည်ဟု ဆိုလေ၏။ ဤအငြိမ်းသည် အနိမိတ္တ တရားဖြစ်သောကြောင့် နှစ်ခု သုံးခုစသည်များပြားရန် သင်္ခါရ နိမိတ် အရိပ်အသွင်ရှိသော တရားမျိုးမဟုတ်၍ အနမတဂ္ဂသံသရာ ကာလတွင် အစဉ်ထာဝရ အမြဲရှိနေသော တခုတည်းသော နိဗ္ဗာန် တရားတော်မြတ် ဖြစ်ပေသည်။

## နိဗ္ဗာန်၏ လက္ခဏာ ရသ ပစ္စုပဋ္ဌာန်ကို ပြခြင်း

နိဗ္ဗာန်သည် ရုပ်နာမ်ခပ်သိမ်း ချုပ်ငြိမ်းအေးမြခြင်းလျှင် မှတ် ကြောင်းလက္ခဏာရှိ၏။ ပင်ကိုဖြစ်သော ငြိမ်းအေးခြင်းမှ မရွေ့ မလျော့ခြင်း ဟူသော ပြည့်စုံခြင်း ရသ ရှိ၏။ အထည် ပုံဟန် သင်္ခါရ နိမိတ်အရိပ်အသွင် မရှိဟု ယောဂီပုဂ္ဂိုလ်၏ ဉာဏ်၌ ရှေးရှု ထင်ခြင်းရှိ၏။

## သတ္တဝါတို့ ခန္ဓာတွင်း၌ နိဗ္ဗာန်ရှိမရှိကို ပြခြင်း

ရောဟိတဿ ဝဂ္ဂသုတ္တန်၌ ခန္ဓာကိုယ်၌ သစ္စာလေးပါးကို ပညတ်တော်မူ၏ဟု ဟောရာ၌ မှုချအားဖြင့် ဟောအပ်သော ဒေသနာမဟုတ်၊ ဥပစာရအားဖြင့်သော ဟောအပ်သော ဒေသ နာသာဖြစ်၍ သတ္တဝါတို့၏ခန္ဓာကိုယ်တွင်း၌ နိဗ္ဗာန်မရှိ။ ဗဟိဒ္ဓါ မေ့ဟူ၍ ဟောအပ်သော စိတ္တုပ္ပါဒကဏ္ဍ မာတိကာပုဒ်၌ ဟောတော်မူအပ်သည်ဖြစ်၍ နိဗ္ဗာန်သည် သတ္တဝါတို့၏ ခန္ဓာ ပြင်ပ၌သာ ရှိ၏။

## နိဗ္ဗာန်သည် ဂေါတြဘူမဂ်ဖိုလ်တို့ မဖြစ်မီ ရှေးအဖို့၌ ရှိမရှိစိစစ်ပုံ

နောက်နောက်ဖြစ်သော ဘုရားပစ္စေကဗုဒ္ဓါ သာဝကတို့ သန္တာန်၌ဖြစ်သော ဂေါတြဘူမဂ်ဉာဏ်တို့သည် ရှေးရှေး ဖြစ်သော ဘုရားပစ္စေကဗုဒ္ဓါသာဝကတို့ သိအပ်ပြီးသော ရှိရင်းဖြစ်သော နိဗ္ဗာန်ကိုသာ ထပ်၍ သိမြင်သည်ဟူ၍ ထိုထိုဒေသနာတို့၌ မလာမရှိသောကြောင့် နိဗ္ဗာန်သည် ဂေါတြဘူမဂ်ဖိုလ်တို့ မဖြစ်မီ ရှေးအဖို့၌ မရှိနိုင်ပေ။

မှတ်ချက်။ ။ရှေးက ရှိရင်းဖြစ်သော နိဗ္ဗာန်ကို နောက်မှဖြစ်သော ဂေါကြဘူမဂ်ဖိုလ်ဉာဏ်တို့က သိမြင်သည် ဖြစ်အံ့။ မြတ်စွာဘုရားသိမြင်သော နိဗ္ဗာန်ကိုသာအရှင်ကောဏ္ဍည စသော သာဝကတို့သည် သိမြင်ကုန်၏ ဟူသောအနက် ရောက်လာ၏။ ထိုသို့ရောက်ခဲ့သော် အသီးသီးသော နိဗ္ဗာန်ကို ကိုယ်စီမရအပ်ဟူသော အနက်ရောက်ပြန်လာ၏။ ထိုသို့ ရောက်ပြန်လာခဲ့သော် ပစ္စတ္တံ ဝေဒိတဗ္ဗောဟူသော ဒေသနာနှင့် ဆန့်ကျင်နေပြန်၏။ အရိယာပုဂ္ဂိုလ်တို့သည် သိမြင်အပ်သော နိဗ္ဗာန်သည် အာရုံအားဖြင့် ကိုယ်ကိုစွဲ၍ဖြစ်သော ဂေါစရဇ္ဈတ္တဖြစ်ကြောင်း ကို ဆိုသော ပါဠိ အဋ္ဌကထာနှင့် ဆန့်ကျင်နေပြန်၏။

## နိဗ္ဗာန်သည် အရိယာပုဂ္ဂိုလ်တို့ အများပိုင်ဆိုင်သော တရားဟုတ်-မဟုတ်ကို စိစစ်ခြင်း

နိဗ္ဗာန်သည် အရိယာပုဂ္ဂိုလ်တို့ အများပိုင်ဆိုင်သော တရားမဟုတ်၊ ကိုယ့်နိဗ္ဗာန်နှင့်ကိုယ်သာ အသီးသီးပိုင်ဆိုင်သော တရားသာဖြစ်၏။

မှတ်ချက်။ ။မြတ်စွာဘုရားသိမြင်သော နိဗ္ဗာန်သည် မြတ်စွာဘုရား၏ နိဗ္ဗာန်သာဖြစ်၏။ အရှင် ကောဏ္ဍညစသောပုဂ္ဂိုလ်များ သိမြင်သော နိဗ္ဗာန်သည် ထိုအရှင်ကောဏ္ဍညစသော ပုဂ္ဂိုလ်တို့၏ နိဗ္ဗာန်သာဖြစ်၏။

## အရိယာပုဂ္ဂိုလ်တို့ မဂ်ဖြင့် ပယ်အပ်သောတရားများကို ပြခြင်း

အရိယာပုဂ္ဂိုလ်တို့သည် မဂ်ဖြင့် အကြွင်းမဲ့ ပယ်အပ်သောတရားတို့သည် သံယောဇဉ် ဆယ်ပါး၊ ကိလေသာဆယ်ပါး၊ မိစ္ဆတ္တတဆယ့်ငါးပါး၊ လောကဓမ္မရှစ်ပါး၊ မစ္ဆရိယငါးပါး၊ ဝိပလ္လာသ တဆယ့်နှစ်ပါး၊ ဂန္ထလေးပါး၊ အဂတိလေးပါး၊ အာသဝလေးပါး၊ ဩဃလေးပါး၊ ယောဂလေးပါး၊ နီဝရဏခုနစ်ပါး၊ ပရာမာသဘပါး၊ ဥပါဒါန်လေးပါး၊ အနုသယခုနစ်ပါး၊ မလသုံးပါး၊ အကုသလကမ္မပထဆယ်ပါး၊ အကုသိုလ်စိတ္တုပ္ပါဒ် တဆယ့်နှစ်ပါး။ ဤသို့ အပေါင်းအားဖြင့် တဆယ့်ရှစ်ပါး၊ အပြားအားဖြင့် တရာနှစ်ဆယ့်လေးပါး ရှိကုန်၏။

## အရိယာပုဂ္ဂိုလ်တရာ့ရှစ်ယောက် ရေတွက်ပုံ

အရိယာပုဂ္ဂိုလ်သည် သတ္တက္ခတ္တုပရမသောတာပန်၊ ကောလံကောလသောတာပန်၊ ဧကဗီဇီသောတာပန် သုံးယောက်ကိုတည်။ သုခပဋိပဒါ၊ ဒုက္ခပဋိပဒါ၊ ခိပ္ပာဘိညာ၊ ဒန္ဓာဘိညာဟု ဆိုအပ်သော ပဋိပဒါလေးပါးဖြင့် မြှောက်၊ တဆယ့်နှစ်ယောက် ဖြစ်၏။ ကာမ၊ ရူပ၊ အရူပ သကဒါဂါမ်သုံးယောက်ကိုတည်၊ ပဋိပဒါလေးပါးဖြင့်မြှောက်၊ တဆယ့်နှစ်ယောက်ဖြစ်၏။ အန္တရာ ပရိနိဗ္ဗာယီအနာဂါမ်၊ ဥပဟစ္စပရိနိဗ္ဗာယီအနာဂါမ်၊ အသင်္ခါရပရိနိဗ္ဗာယီအနာဂါမ်၊ သသင်္ခါရပရိနိဗ္ဗာယီအနာဂါမ်၊ ဥဒ္ဓံသောတအကနိဋ္ဌဂါမိ အနာဂါမ်တို့သည် အဝိဟာဘုံ၌ ငါးယောက်၊ အတပ္ပာဘုံ၌ ငါးယောက်၊ သုဒဿာဘုံ၌ ငါးယောက်၊ သုဒဿီဘုံ၌ ငါးယောက်၊ အကနိဋ္ဌဘုံ၌ လေးယောက်အားဖြင့် နှစ်ဆယ့်လေးယောက် ဖြစ်၏။ ဈာန်မရသော သုက္ခဝိပဿကရဟန္တာ၊ ဈာန်ရသော သမထယာနိကရဟန္တာနှစ်ယောက်၊ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်လေးယောက်၊ ပေါင်းလျှင် ငါးဆယ့်လေးယောက် ဖြစ်၏။ ထိုငါးဆယ့်လေးယောက်ကို တည်၊ သဒ္ဓါဓုရပုဂ္ဂိုလ်၊ ပညာဓုရပုဂ္ဂိုလ်နှစ်ပါးဖြင့် မြှောက်၊ တရာ့ရှစ်ယောက် ဖြစ်၏ဟူ၍ ခုဒ္ဒကပါဌအဋ္ဌကထာ၌ မိန့်ဆိုထား၏။

ပါရမီအလင်းပြကျမ်း ပြီး၏။

# နိဂုံးချုပ်ဂါထာ

သိဒ္ဓိံ ဘောဂေ့နွော ဒါနိ ပတ္တော၊ ပါရမီဒီပကာဒရကော။
ဂန္တွော အယံ တထာ သတံ၊ သမ္မာ သိဇ္ဈန္တု ပတ္ထနာ။

ဘောဂေနွော၊ အို-သူတော်ကောင်း သူမြတ်လောင်းတို့။ပါရမီ ဒီပကာရကော၊ ပါရမီအလင်းပြအမည်ရှသော။ အယံ ဂန္တွော၊ ကြိုးကြိုးစားစား ရေးသားဖွဲ့အပ် ဤကျမ်းမြတ်သည်။ ဒါနိ၊ အောင်ခြင်းဂုဏ်ဟိတ် အောင်အတိတ် နှင့် နိမိတ်ကောင်းစွာ ဤချိန်ခါ၌။ သိဒ္ဓိံ၊ အန္တရာယ်မခြွေး ရန်စွယ်ဝေး၍ ညစ်ကြေး မထင် လွန်သန့်စင်လျက် အောင်မြင်ပြီးမြောက် သိဒ္ဓိပေါက်ခြင်း သို့။ပတ္တော၊ မသွေမလှန် ကေန်ထုတ်ချောက် ဆိုက်ရောက်ခဲ့လေ ပြီ။ တထာ၊ ထိုနည်းမခြား အလားတူပင်။ သတံ၊ ပါရမီတရား လိုလားကျင့်တတ် သူတော်မြတ်တို့၏။ သမ္မာ ပတ္ထနာ၊ တရား နှင့်အညီ မသွေဖည်သည့် တည်ကြည်စိတ်ထား လိုအင်များသည်။ သိဇ္ဈန္တု၊ အန္တရာယ်ဘေး ရန်မာန်ဝေးလျက် အေးမြချမ်းသာ ပြီးစီးအောင်မြင်ကြပါစေကုန်သတည်း။

အဂ္ဂမဟာပဏ္ဍိတ

နိုင်ငံတော် ဩဝါဒါစရိယ

မော်လမြိုင်

တောင်လေးလုံး ဆရာတော်

# အရှင်နာဂသေနာဘိဝံသထေရ်

ရေးသားပြုစုသော

၁။ ဓမ္မာစရိယသင်နည်း ပ-တွဲ

၂။ ဓမ္မာစရိယသင်နည်း ဒု-တွဲ

၃။ ဆန်းသင်နည်း

၄။ ပါရမီအလင်းပြ

ကျမ်းများ ထွက်ပြီ။